# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၁၀)ရက် ၊ အင်္ဂါနေ့ ၊ (16-9-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၃၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောလျှိုကျိုးမြို့ရှိ လျှိုကျိုးစက်မှုပြတိုက်နှင့် SAIC GM-Wuling Auto Co., Ltd ၏ ဝူလင်မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံတို့သို့ သွားရောက်လေ့လာ



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော လျှိုကျိုးမြို့ရှိ လျှိုကျိုးစက်မှုပြတိုက်အတွင်း လိုက်လံကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့တွင် လျှိုကျိုးမြို့ရှိ လျှိုကျိုးစက်မှုပြတိုက်နှင့် SAIC GM-Wuling Auto Co., Ltd ၏ ဝူလင်မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံတို့သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် မြန်နှုန်းမြင့်ရထားဖြင့် နန်နင်းမြို့မှ လျှိုကျိုးမြို့သို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ လျှိုကျိုးစက်မှုပြတိုက်သို့ ရောက်ရှိကြကာ

စာမျက်နှာ ၁၆ ကော်လံ ၁

## တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၅**

မနက်ဖြန်မွန်းတည့်ချိန်ထိ ခန့်မှန်းချက်မှာ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။


ပြင်ဦးလွင် နှန်းမြိုင်ကော်ဖီ

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ရတနာပုံ
၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်
အယ်ဒီတာ့အာဘော်

# အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေး

စက်တင်ဘာ ၁၆ ရက် (ယနေ့)သည် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ရေးနေ့ဖြစ်သည်။ အိုဇုန်းလွှာသည် အန္တရာယ်ရှိသော ခရမ်းလွန်ရောင်ခြည်များ ကမ္ဘာမြေပေါ်သို့ မကျရောက်အောင် စုပ်ယူပေးသည့် သဘာဝအကာအရံတစ်ခုဖြစ်ပြီး လူနှင့်သက်ရှိတို့အတွက် မရှိမဖြစ်လိုအပ်သည်။ အိုဇုန်းလွှာသည် နေရောင်ခြည်တွင်ပါသောအန္တရာယ်ရှိသည့် UV-B နှင့် UV-C ခရမ်းလွန်ရောင်ခြည်များ ကမ္ဘာ့မြေပေါ်မကျရောက်စေရေးကို ၉၅ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းထိ အကာအကွယ်ပေးနိုင်သည်။

အိုဇုန်းလွှာပျက်စီးမှုကို သိပ္ပံပညာရှင်များက လွန်ခဲ့သော နှစ်ပေါင်း ၄၀ က စတင်တွေ့ရှိခဲ့ကြပြီး ထိုသို့ဖြစ်ပေါ်နေခြင်းသည် လူတို့သုံးစွဲနေကြသည့် ဓာတုပစ္စည်းများကြောင့်ဖြစ်သည်ဟုလည်း သိရှိခဲ့ကြသည်။ လူတို့၏နေ့စဉ်နေထိုင်မှုဘဝတွင် အသုံးပြုနေသည့် ရေခဲသေတ္တာ၊ လေအေးပေးစက် စသည်တို့တွင်အသုံးပြုသော ကလိုရင်းပါဝင်သည့် ဟိုက်ဒရိုကလိုဖလူကာဗွန်၊ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးအချို့တွင်ပါဝင်သည့် ဘရိုမင်းတို့အပါအဝင် အိုဇုန်းလွှာပျက်စီးစေတတ်သော ဒြပ်ပစ္စည်းများသုံးစွဲမှုများပြားလာခြင်းကြောင့် စထရာတိုစဖီးယားအလွှာရှိ အိုဇုန်းမော်လီကျူးများနှင့်ဓာတ်ပြုပျက်စီးနေခြင်းဖြင့် အိုဇုန်းလွှာပေါက်ပြဲမှုဖြစ်ပေါ်လာခြင်းဖြစ်သည်။

အိုဇုန်းလွှာပျက်စီးမှုထိန်းသိမ်းကာကွယ်ရေးကို အပြည်ပြည်ဆိုင်ရာပူးပေါင်းလုပ်ဆောင်မှသာ ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည်ဖြစ်ရာ အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာပဋိညာဉ်ကို ၁၉၈၅ ခုနှစ် မတ် ၂၂ ရက်တွင် နိုင်ငံပေါင်း ၂၈ နိုင်ငံက လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထိုပဋိညာဉ်မှ အိုဇုန်းလွှာကာကွယ်ရေးအတွက် မွန်ထရီရယ်ပဋိညာဉ်မူကြမ်းကို ရေးဆွဲနိုင်ခဲ့ပြီး ၁၉၈၇ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် မွန်ထရီရယ်ပဋိညာဉ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ အိုဇုန်းလွှာကာကွယ်ရေးအတွက် ၁၉၉၀ ပြည့်နှစ်တွင် လန်ဒန်ပြင်ဆင်ချက်၊ ၁၉၉၂ ခုနှစ်တွင် ကိုပင်ဟေဂင်ပြင်ဆင်ချက်၊ ၁၉၉၇ ခုနှစ်တွင် မွန်ထရီရယ်ပြင်ဆင်ချက်၊ ၁၉၉၉ ခုနှစ်တွင် ပေကျင်းပြင်ဆင်ချက်နှင့် ၂၀၁၆ ခုနှစ်တွင် ကီဂါလီပြင်ဆင်ချက်တို့ကိုချမှတ်ပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာနိုင်ငံများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

၁၉၉၄ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက မွန်ထရီရယ်ပဋိညာဉ်လက်မှတ်ရေးထိုးခဲ့သည့် ၁၉၈၇ ခုနှစ် စက်တင်ဘာ ၁၆ ရက်ကို ဂုဏ်ပြုသောအားဖြင့် အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့ဟုသတ်မှတ်ခဲ့ပြီး ၂၀၁၈ ခုနှစ်မှစ၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အဖြစ် ပြောင်းလဲသတ်မှတ်ကာ အထိမ်းအမှတ်အခမ်းအနားများကျင်းပလေ့ရှိသည်။ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ **"အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေး"**ဖြစ်သည်။

အိုဇုန်းလွှာပေါက်ပြဲခြင်းကြောင့် ဖြစ်ပေါ်လာသည့်ပြဿနာများကို သိပ္ပံပညာရှင်များက ဦးစွာရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။ သိပ္ပံပညာသည် အိုဇုန်းလွှာပါးလွှာလာမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲပြဿနာများကိုသိရှိနိုင်ပြီး ကာကွယ်မှုများလုပ်ဆောင်နိုင်ရန် ထောက်ပံ့ပေးခဲ့သည်။ သိပ္ပံပညာမရှိလျှင် အိုဇုန်းလွှာပျက်စီးမှုကို သိရှိနိုင်မည်မဟုတ်ဘဲ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကြုံတွေ့နိုင်ပေသည်။ ထို့ကြောင့် လူသားအားလုံးတို့သည် အိုဇုန်းလွှာထိခိုက်ပျက်စီးစေသော အပြုအမူများကို ရှောင်ကြဉ်ကာ အိုဇုန်းလွှာပျက်စီးခြင်းမှ ထိန်းသိမ်းကာကွယ်ရန် လက်တွဲညီညီဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဘုတလင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၈၈၇၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဘုတလင် စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၈၈၇၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၄၆၅၅ ဧကစိုက်ပျိုးရန်လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၈၈၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ စပါးဧက ၃၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ၂၈၈၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေတယ်။ တောင်သူတွေအနေနဲ့ စပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဘုတလင်မြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ သဘာဝမြေဩဇာများပြုလုပ်သုံးစွဲတတ်စေရေး အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ညောင်တုန်း စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၇၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ်ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်ချိုမြင့်က ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် ငွေကျပ် ၈၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ညောင်တုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ငရုတ်သီးစိမ်းပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသလယ်ယာထွက်ကုန်တွေကို ဧရာဝတီတိုင်းဒေသကြီးအတွင်းထဲက အခြားမြို့တွေအပြင် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ ညောင်တုန်းမြို့နယ်က ထွက်ရှိတဲ့ ငရုတ်သီးတွေက အရည်အသွေးကောင်းတော့ ရက်ရှည်အထားခံပြီး တစ်ဆင့်ပြန်လည်ရောင်းချရာမှာ အဆင်ပြေတာကြောင့် ကုန်ပစ္စည်းမှာယူမှုကလဲ တက်နေပါပါတယ်"ဟု ညောင်တုန်းမြို့နယ်ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်ချိုမြင့်က ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ငရုတ်သီးကိုစိုက်ပျိုးလျက်ရှိကြောင်း၊ ထိုသို့ငရုတ်သီးစိမ်းများ တင်ပို့ရောင်းချအားတက်လာခြင်းကြောင့် တောင်သူများ၊ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံလုပ်ငန်းရှင်များ အလုပ်အကိုင် အခွင့်အလမ်းကောင်းနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် ကုန်းတဲ(တောင်)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**မလှိုင် စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်းရန်ပုံငွေဖြင့် ကုန်းတဲကျေးရွာအုပ်စု ကုန်းတဲ(တောင်)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကုန်းတဲ(တောင်)ကျေးရွာတွင် ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့စေရေး တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကုန်းတဲ(တောင်)ကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ ဒသမ ၉ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လစတုတ္ထပတ်မှစ၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကဝမြို့နယ် မကျက်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)လုပ်ငန်း စစ်ဆေး

**ကဝ စက်တင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မကျက်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း( RBF) လုပ်ငန်းများဖြစ်သော မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးရန်မျိုးနိုင်၊ ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများ၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ မကျက်ကြီးကျေးရွာ၌ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားခြင်းရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ မကျက်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အသားတိုးနွားမွေးမြူရေးလုပ်ငန်းအစုအဖွဲ့ လေးဖွဲ့မှ အသင်းသားဦးရေ ၂၀ ကို ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးရန်မျိုးနိုင်ထံမှ သိရသည်။

**သန်းလွင်(မကွေး)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ရောဝတီဘဏ် AYA PAY ဌာနမှ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ နာယက ဦးမောင်ကို၊ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုခမ္မမဏိဇောတရေ ဦးစိုးလင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၈၀၈၀ စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ထီးချိုင့် စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၈၀၈၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၈၀၈၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ နှမ်းဧက ၈၀၈၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် နှမ်းစိုက်တောင်သူများက နှမ်းစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAPနည်းစနစ်ဖြင့်စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရေး၊ အထွက်နှုန်း ကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးများ ပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်အတွင်းသာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် နှမ်းကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကော့မှူးမြို့နယ် ကျုံဒရယ်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကော့မှူး စက်တင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေး အရင်းအနှီးရရှိစေရန် ကျုံဒရယ်ကျေးရွာ၌ ပဉ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေ (VRFP) စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်က ကျေးရွာမတည်ရန်ပုံငွေ (VRFP)စီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက စီမံကိန်းရန်ပုံငွေကျပ် ၃၃ ဒသမ ၀၅ သန်းကို ကျုံဒရယ်ကျေးရွာ VRFP စီမံကိန်း ကော်မတီဝင်များထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ကျုံဒရယ်ကျေးရွာရှိ VRFP စီမံကိန်းကော်မတီဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၀၁ ဦးကို ကျေးရွာမတည်ရန်ပုံငွေ (VRFP) စီမံကိန်းရန်ပုံငွေကျပ် ၃၃ ဒသမ ၀၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အိပိုးပိုး**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ဆန်၊စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ် ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကနေ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်ကနေ ကျားပျံဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံး တင်ပို့ရောင်းချနေပါတယ်။ အဲဒီဆန်တွေကို ရန်ကုန်ဈေးကွက်ဝယ်ယူမှုများနေလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ ကျားပျံဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ကျားပျံဆန်အမျိုးအစားက အရောင်းအဝယ် ပိုဖြစ်နေပါတယ်"ဟု ပန်းတနော်မြို့နယ် ဆန်၊စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်အိအိထွေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၃၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါကျားပျံဆန်များ အရောင်းအဝယ်ကောင်းမွန်လာသည့်အတွက် ဆန်၊စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# မင်းပူးဦးဩဘာသနှင့် ဇာတ်တော်ကြီးရှစ်ဘွဲ့

**ပြေအေးသက်**

မင်းပူးဦးဩဘာသနှင့် မင်းဘူးဦးဩဘာသ ဆိုသည့် အခေါ်အဝေါ်တို့သည် အတူပဲလား၊ တစ်ခုစီ လားနှင့် ဝေခွဲရခက်သူများလည်း ရှိနေကြပေရာ ဇာတ်တော်ကြီးများအကြောင်း မရေးမီတွင် ဤအရာ ကို အရင်ရှင်းရမည်ဟု အတွေးပေါ်မိပေသည်။ စာအုပ် စာပေလောကတွင် နာမည်နှစ်မျိုးစလုံးနှင့် ဇာတ်တော် ကြီးစာအုပ်များတွေ့နေရ၍ဖြစ်ပေသည်။ အမှန်မှာ မင်းပူးနှင့် မင်းဘူးသည် ရှေးကအခေါ်နှင့် နောက် အခေါ်သာဖြစ်ကြပြီး နေရာဌာနမကွဲလွဲဘဲ ရွာမှမြို့ အဖြစ်ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ပါ၍ ရွာသား ရဟန်းအနေဖြင့် ဇာတ်တော်ကြီးများရေးဖွဲ့ခဲ့သူဖြစ် သောကြောင့် မင်းဘူးဦးဩဘာသအစား မင်းပူးဦးဩ ဘာသဟုခေါ်ဝေါ်သုံးနှုန်းခြင်းသည် ပို၍သင့်လျော်မည် ဟု ယူဆမိပေသည်။ မင်းပူးဦးဩဘာသအနေဖြင့် ဇာတ်တော်ကြီးဆယ်ဘွဲ့အနက် ရှစ်ဘွဲ့ပြုစုသွားခဲ့ ရာ အဆိုပါဇာတ်တော်ရှစ်ဘွဲ့မှာ စန္ဒကုမာရဇာတ်တော် ၁၁၄၄ ခုနှစ် ပြာသိုလ၊ နာရဒဇာတ်တော် ၁၁၄၄ ခုနှစ် တပေါင်းလ၊ ဝိဓူရဇာတ်တော် ၁၁၄၅ ခုနှစ် ဝါခေါင်လ၊ ဝေဿန္တရာဇာတ်တော် ၁၁၄၅ ခုနှစ် တပေါင်းလ၊ မဟော်သဓာ(ပ၊ ဒု)ဇာတ်တော် ၁၁၄၆ ခုနှစ် တန်ဆောင် မုန်းလ၊ ဇနကဇာတ်တော် ၁၁၄၇ ခုနှစ် နယုန်လ၊ နေမိ ဇာတ်တော် ၁၁၄၈ ခုနှစ် ဝါဆိုလ၊ တေမိဇာတ်တော် ၁၁၄၈ ခုနှစ် တပို့တွဲလဖြစ်ကြောင်း တွေ့ရသည်။

**မင်းပူးဟူသည်**

၁၉၄၇ ခုနှစ်တွင် သုဓမ္မဝတီ စာပုံနှိပ်တိုက်က ထုတ်ဝေသော "မဟာဇနကဇာတ်" နိဒါန်းတွင် ဆရာတော်၏ထေရုပ္ပတ္တိမှာ "ထိုဆရာတော်ကြီး သည် ရာဇဝင်မညှိုးမယွင်း၊ တန်ခိုးလင်းခဲ့သော မိုးညှင်းမင်းဖျား မင်းတရားနှင့် မင်းလေးပါးပင် နန်းလယ်တင်ခဲ့သော အရှင်ဘို့မယ်စောဘုန်းကြွယ်တို့ ဤဝယ်မြင်ဖူး ယှဉ်ပြိုင်ပူးသောကြောင့် "မင်းပူး" မည်သောရွာ၌"ဟု ဖော်ပြထားသည်။ ထိုဇာတ်တော် နိဂုံးတွင်မူ "မြတ်ရှင်စက်ရွှေ ရှိရာမြေက၊ ရစ်ခွေ စီးလာ၊ နမန္တာနှင့်၊ ဧရာဝတီ၊ စုံညီယှဉ်ပူး၊ မြစ်ဆိပ် ဦးတွင်၊ မင်းပူးသညာ၊ ဂုဏ်ရှိရွာ၌"နမန္တာခေါ်သည့် မန်းချောင်းနှင့် ဧရာဝတီမြစ်တို့ ပေါင်းဆုံသည့် "မန်းပူး" ဆိုရာမှ "မင်းပူး" ခေါ်လာသည်ဟု ရေးသား ထားသည်။ နေမိဇာတ်တော်ကြီးနိဂုံးတွင်မူ "တရာ့ ရှစ်ကွက်ရွှေစက်တော်ရာသို့တက်ရာဌာန လမ်းစကြီး ဖြစ်သည့်ပြင် လူရှင်ရဟန်း ရွှင်လန်းကြည်ညို ကုသိုလ်မင်္ဂလာ ဖြည့်ကျင့်ရာတလီ စေတီလိုဏ်နန်း ရဟန်းသံဃာ မင်္ဂလာအပေါင်း အကောင်းအမြတ် ကျက်သရေ မင်္ဂလာတို့ဖြင့် ပြည့်နှက်နေသောကြောင့် "မင်္ဂလပုရ" ခေါ်ဆိုရာမှ "ဂ,လ,ရ" သုံးလုံးကို ချေ၍ ဝိသဇ္ဇနီ နှစ်လုံးနှင့်တကွ "မင်းပူး" မည်သောရွာ၌"ဟု ရေးသားထားသည်။

**မင်းပူးဆရာတော်ဦးဩဘာသ**

စကုအပိုင်၊ ရပ်သာမြို့ မင်းပူးရွာနေ အသည်မျိုးရိုး ဖြစ်သော အဘဦးဇေယျ၊ အမိဖြစ်သူ ဒေါ်မင်းလှတို့က ၁၁၂၀ ပြည့်နှစ် နယုန်လဆန်း ၄ ရက်တွင် ဖွားမြင်ခဲ့ သည်။ အသည်ဆိုသည်မှာ ဇာတိသားဖြစ်ပြီး မင်းမှု ထမ်းမဟုတ်သူဟုဆိုသည်။ ဝန်ကြီးပဒေသရာဇာ သည်လည်း အသည်ဝန်ကြီးဖြစ်ခဲ့ရာ စိုက်ပျိုးရေး ဝန်ကြီးဟုဆိုသည်။ ဆရာတော်သည် ငယ်စဉ်က အရှေ့လေသာကျောင်းဆရာတော် ဦးကလျာဏထံ တွင် ပညာသင်ကြားရာ ခြောက်နှစ်သားအရွယ်ကပင် သူတကာတို့ထက် စာပေအရာသာလွန်၍ ထူးချွန် တတ်မြောက်လေသည်။ အသက် ၁၅ နှစ်အရွယ်သို့ ရောက်သောအခါ ရှင်သာမဏေပြု၍ သာသနာ့ဘောင် သို့ဝင်ရောက်ခဲ့ပြီး ဘွဲ့အမည်မှာ ရှင်အရိယဝံသဖြစ် သည်။ ဆရာတော်သည် သာသနာ့ဘောင်သို့ ရောက်သောအခါ လောကီစာပေများကို ဖယ်ရှားကာ လောကုတ္တရာစာပေများကိုသာ ကြိုးစားအားထုတ် သင်ကြားခဲ့သည်။ ဆရာတော်သည် စာပေနှင့် ကဗျာ၊ လင်္ကာ၊ ရတု၊ ရကန် စသည့်စာပေများကို ထူးချွန် တတ်မြောက်ရုံသာမက ဗေဒင်ပညာ၊ လက်မှုပညာ၊ ဂီတပညာ၊ စစ်တုရင်ပညာ၊ ဗိသုကာပညာ စသည့် ပညာရပ်အသီးသီးတို့ကိုလည်း မြင်ရုံ၊ ကြားရုံနှင့် သိလွယ်တတ်လွယ်သော ပဋိဘာနညာဏ်နှင့် ပြည့်စုံခဲ့သည်။

**ဇာတ်တော်ကြီးရှစ်ဘွဲ့**

အဆိုပါဇာတ်တော်ပြုစုရေးဖွဲ့မှုများအရ လေးနှစ် တာကာလအတွင်း ဤမျှကြီးကျယ်လှသော ဇာတ်တော်များကို ရေးဖွဲ့သွားခဲ့ပေသည်။ အထက်ပါ စာရင်းကိုကြည့်ခြင်းဖြင့် ဆရာတော်ဦးဩဘာသသည် စန္ဒကုမာရဇာတ်တော်ကို နှစ်လနှင့်အပြီးရေး၍ ဝိဓူရဇာတ်ကို ငါးလနှင့်ရေးပြီးလျှင် အခြား ဇာတ်တော်များကို အကြာဆုံး ခုနစ်လနှင့် ရှစ်လ အတွင်း ပြီးစီးအောင်ရေးခဲ့သည်။ ကျန်ဇာတ်တော်ကြီး နှစ်ဘွဲ့ကိုမူ မပြုစုနိုင်တော့ဘဲ ပျံလွန်တော်မူခဲ့ရှာသည်။ ဝါတော် ၂၀ ပြည့်တွင် ပျံလွန်တော်မူသည်ဟုဆိုကာ ၁၁၆၀ ပြည့်နှစ်ခန့်ဟု ခန့်မှန်းကြလေသည်။ ဆရာတော် ဦးဩဘာသသည် "လေသာကန်ပေါင် ရေမအောင်တဲ့ ကန်စွန်းသီး ဖောင်းပွပွကြီး"ဟူသော တဘောင်သံကို ကြားတော်မူလျှင် လှေတော်ပဲ့နင်းကို ခေါ်တော်မူ၍ အမရပူရမြို့တော်သို့ ဆန်တက်တော် မူကာ သံလွှတ်ဆရာတော်ကြီးကို ပူဇော်ကန်တော့ပြီး အပြန်ခရီးတစ်ဝက် လှေထက်တော်၌ ပျံလွန်တော် မူလေသည်ဟုဆိုသည်။ ဇနကဇာတ်တော်ကြီး နိဂုံးအရ ကျောင်းဒါယိကာဦးဝနှင့် သားဖြစ်သူ မောင်ထောက်တို့ တောင်းပန်လျှောက်ထားသဖြင့် ဇာတ်တော်ကြီး ဆယ်ဘွဲ့စလုံးကို ရေးသားမည်ဟု အကြံပြုသော်လည်း အကြံမမြောက်ခဲ့ပေ။

ဆရာတော်ဦးဩဘာသ မရေးဖြစ်သောဇာတ်တော် နှစ်ဘွဲ့တွင် ဘူရိဒတ်ဇာတ်တော်ကို ၁၁၄၈ ခုနှစ် နတ်တော်လ၌ လေသာကျောင်းတိုက်ဆရာတော် အရှင်နန္ဒမေဓာနှင့် သုဝဏ္ဏသာမဇာတ်တော်ကို ၁၁၈၈ ခုနှစ် နယုန်လ၌ လေသာကျောင်းတိုက်ခွဲ၊ ပုဂံစစ်ရွာ အရှင်ပညာတိက္ခတို့က ဆက်လက်ရေးသားခဲ့သည်။ ဆရာတော်ဦးဩဘာသ၏ အရေးအသားမှာ ပြေပြစ် ပေါ်လွင်၍ စေ့စပ်၏။ စကားပို၊ စကားကြွင်းမရှိဘဲ စကားပြေအရေးအသားတွင် တစ်ခါတစ်ရံ လင်္ကာ သဘောရောနှောထည့်သွင်းထားသည်။ ဝါကျတို ကလေးများဖြင့် တိုတိုတုတ်တုတ်နှင့် လိုရင်း အကြောင်းအရာများကို ထိမိအောင်ရေးသားနိုင်သော

**❖ ဇာတ်တော်ကြီးဆယ်ဘွဲ့ဖြစ်သော "တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေ"ကို ဆရာတော်ဦးဩဘာသအနေဖြင့် "စန်၊ နာ၊ ဝိ၊ ဝေ၊ မ၊ ဇ၊ နေ၊ တေ"ဟူ၍ရှစ်ဘွဲ့ကိုရေးသားခဲ့လေသည်။ ဂေါတမဗုဒ္ဓမြတ်စွာဘုရားသည် မိမိ၏အတိတ်ဘဝများ၌ ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို ပါဠိဂါထာဖြင့် ဟောကြားတော်မူခဲ့သည်။ ၎င်းတို့သည် နိကာယ်ငါးရပ်အနက် ခုဒ္ဒကနိကာယ်တွင်ပါဝင်သည်။ စုစုပေါင်း ၅၄၇ ဇာတ်ရှိသည်။ အခေါ်ရလွယ်အောင် ၅၅၀ ဇာတ်တော်ဟုခေါ်ကြသည်။ ၎င်းတို့ကို ဘုရားရှင်ဟောကြားရာ၌ တစ်ဂါထာဖြင့် ဟောကြားသောဇာတ်၊ နှစ်ဂါထာဖြင့် ဟောကြားသောဇာတ် စသည်ဖြင့်ရှိသည်။ ❖**

ရဟန်းစာဆိုကျော်ကြီးဖြစ်ပြီး ဝေဿန္တရာဇာတ် တော်ကြီးမှာ ဆရာတော်၏ အကောင်းဆုံး လက်ရာဖြစ်သည်။ မင်းပူးဆရာတော်သည် ဘိုးတော် ဘုရားလက်ထက်တွင် ဇာတ်တော်ကြီးများလာ စကားပြေများနှင့် ရတုအမျိုးမျိုး ရေးသားရာတွင် ထင်ရှားလှသော စာပေပညာရှင် ဆရာတော်တစ်ပါး ဖြစ်ခဲ့သည်။

**ဇာတ်တော်ကြီး ဆယ်ဘွဲ့**

ဇာတ်တော်ကြီးဆယ်ဘွဲ့ဖြစ်သော "တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေ"ကို ဆရာတော်ဦးဩဘာသ အနေဖြင့် "စန်၊ နာ၊ ဝိ၊ ဝေ၊ မ၊ ဇ၊ နေ၊ တေ"ဟူ၍ ရှစ်ဘွဲ့ကို ရေးသားခဲ့လေသည်။ ဂေါတမဗုဒ္ဓမြတ်စွာ ဘုရားသည် မိမိ၏အတိတ်ဘဝများ၌ ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို ပါဠိဂါထာဖြင့် ဟောကြား တော်မူခဲ့သည်။ ၎င်းတို့သည် နိကာယ်ငါးရပ်အနက် ခုဒ္ဒကနိကာယ်တွင်ပါဝင်သည်။ စုစုပေါင်း ၅၄၇ ဇာတ်ရှိသည်။ အခေါ်ရလွယ်အောင် ၅၅၀ ဇာတ်တော် ဟု ခေါ်ကြသည်။ ၎င်းတို့ကို ဘုရားရှင်ဟောကြားရာ ၌ တစ်ဂါထာဖြင့် ဟောကြားသောဇာတ်၊ နှစ်ဂါထာဖြင့် ဟောကြားသောဇာတ် စသည်ဖြင့်ရှိသည်။ ဂါထာ တစ်ရာကျော်မှ တစ်ထောင်ကျော်ထိ ဟောကြားသော ဇာတ်ဆယ်ဇာတ်ရှိသည်။ ၎င်းဆယ်ဇာတ်ကို မဟာ နိပါတ်ဟုလည်းခေါ်ကြသည်။ ဇာတ်ကြီးဆယ်ဘွဲ့ ဟူ၍လည်းခေါ်ကြသည်။ ဇာတ်ကြီးဆယ်ဘွဲ့မှာ ဘုရားဖြစ်ခါနီး နောက်ဆုံးဆယ်ဘဝ သို့မဟုတ် နောက်ဆုံးဆယ်ဇာတ်ဖြစ်သည်။ ထို့ကြောင့် "နုမှာ ငါးရာ၊ ရင့်မှာတစ်ကျိပ်"ဟုခေါ်ဆိုကြသည်။

**ဇာတ်တော်ကြီးဆယ်ဘွဲ့၏ သမိုင်းကြောင်း**

"ဇာတ်"၏ အဓိပ္ပာယ်ကို "ဇာတက"ဟူသော ပါဠိစကားမှ မြန်မာစကား "ဇာတ်"ဟုခေါ်ဆိုကြ သည်။ ဇာတ်သည် အဖြစ်၊ ဘဝဟူ၍အနက်ရသည်။ များသောအားဖြင့် ဂေါတမဗုဒ္ဓဘုရားလောင်း၏ အတိတ်ဝတ္ထု၊ အဖြစ်အပျက်၊ အကြောင်းအရာများကို "ဇာတ်"ဟုခေါ်လေ့ရှိကြသည်ဟုဆိုသည်။ ဗုဒ္ဓဘုရား ရှင်သည် ပါဠိဂါထာဖြင့် ဟောကြားတော်မူခဲ့သည်။ ဘုရားရှင်ပရိနိဗ္ဗာန်စံလွန်တော်မူပြီး နှစ်ပေါင်း ၉၃၀ ခန့်အကြာတွင် ရာဇဂြိုဟ်ပြည်သား အရှင်မဟာ ဃောသမထေရ်မြတ်သည် သီရိလင်္ကာကျွန်း အနုရာဓ မြို့တောင်ဘက်ရှိ မဟာဝိဟာရကျောင်းကြီး၌ သီတင်းသုံးတော်မူစဉ် ပါဠိဘာသာဖြင့်ပင် အကျယ် ဖွင့်ဆို၍ ရေးသားတော်မူခဲ့သည်။ ထို့နောက် သာသနာနှစ် ၉၃၀ ကျော်တွင် သီရိလင်္ကာကျွန်းမှ မြန်မာနိုင်ငံ သထုံပြည်သို့ ရောက်ရှိလာခဲ့သည်။ ထိုဇာတ်တော်ကြီးဆယ်ဘွဲ့ကို ဆရာတော် ဦးဩ ဘာသ၊ အရှင်ပညာတိက္ခ၊ အရှင်နန္ဒမေဓာနှင့် ဆရာ ကြီး ဒဂုန်ဦးထွန်းမြင့်အပါအဝင် ပညာရှင်ကြီးများ ပြုစုခဲ့သည်။ ဆရာကြီးမင်းယုဝေနှင့် ဆရာမကြီး ဒေါ်ခင်သိန်းတို့က မြန်မာ-အင်္ဂလိပ်ဘာသာဖြင့် ဆက်လက်ရေးသား ပြုစုခဲ့ခြင်းဖြစ်ကြသည်ဟု လေ့လာရမိပါသည်။

**ဇာတ်တော်ကြီး ဆယ်ဘွဲ့နှင့် ပါရမီဆယ်ပါး**

တေမိဇာတ်တော်သည် ဘုရင်မလုပ်လိုပါက ဆွံ့အနားမကြားဟန်ဆောင်၍နေရန် အကြံပေးခဲ့ သဖြင့် တေမိမင်းသားလေး ကျင့်ကြံနေထိုင်ခဲ့ပုံမှာ တစ်နှစ်သားအရွယ်မှစ၍ ၁၆ နှစ်သားအရွယ်ထိ အမျိုးမျိုးအဖုံဖုံစမ်းသပ်ခဲ့ပြီး နိက္ခမပါရမီနှင့် အဓိဋ္ဌာန် ပါရမီတို့ဖြည့်ဆည်းခဲ့ပုံကိုလည်းကောင်း၊ ဇနက ဇာတ်တော်တွင် မေခလာနတ်သမီးက လှံ့လဖြင့် ကူးခပ်နေသော ဇနကမင်းသားကို ကယ်သောဇာတ် တော်ဖြစ်ပြီး ဝီရိယပါရမီနှင့်နိက္ခမပါရမီတို့ဖြည့်ဆည်း ခဲ့ပုံကိုလည်းကောင်း၊ သုဝဏ္ဏသာမဇာတ်တော်တွင် သုဝဏ္ဏသာမမြားမှန်၍ မိဘများက သစ္စာပြုသည့် ဇာတ်တော်ဖြစ်ပြီး မေတ္တာပါရမီနှင့် ခန္တီပါရမီတို့ ဖြည့်ဆည်းခဲ့ပုံကိုလည်းကောင်း၊ နေမိဇာတ်တော်တွင် နေမိမင်းကြီးကိုယ်တိုင် အလှူပေးခြင်းဖြင့် ကုသိုလ် ကောင်းမှုပြုကာ ဒါနပါရမီနှင့် နိက္ခမပါရမီတို့ ဖြည့် ဆည်းခဲ့ပုံကိုလည်းကောင်း၊ မဟော်သဓာဇာတ်တော် တွင် ပြဿနာအရပ်ရပ်ကို ဖြေရှင်းတင်ပြနိုင်သော စွမ်းရည်များသည် ပညာပါရမီ၊ ဝီရိယပါရမီနှင့် ခန္တီပါရမီတို့ကို ဖြည့်ဆည်းခဲ့ပုံကိုလည်းကောင်း ရေးသားထားပေသည်။

ဘူရိဒတ်ဇာတ်တော်တွင် ဘူရိဒတ်နဂါးမင်း ဖြစ်သော ဂေါတမဘုရားရှင်၏ သီလပါရမီ၊ ခန္တီပါရမီ၊ အဓိဋ္ဌာန်ပါရမီတို့ ဖြည့်ဆည်းခဲ့ပုံကိုလည်းကောင်း၊ စန္ဒကုမာရဇာတ်တော်တွင် စန္ဒကုမာရမင်းသည် တရားနှင့်အညီမင်းပြုပြီး ဂေါတမဘုရားရှင် ဖြစ်တော် မူသောအခါ ခန္တီပါရမီဖြည့်ဆည်းခဲ့ပုံကိုလည်းကောင်း၊ နာရဒဇာတ်တော်တွင် အင်္ဂတိမင်းကြီးကို နာရဒ ဗြဟ္မာကြီးက မှာကြားပုံကို အဓိကဖော်ပြထားပြီး ဤဇာတ်တွင် ဂေါတမဘုရားရှင်သည် ပညာပါရမီ ဖြည့်ဆည်းခဲ့ပုံကိုလည်းကောင်း၊ ဝိဓူရဇာတ်တော် တွင် ဝိဓူရအမတ်မင်း၏ အရာရာသောပညာများကို သုခမိန်ပီသစွာဟောကြားခဲ့ပြီး ပညာပါရမီ၊ သစ္စာ ပါရမီ၊ အဓိဋ္ဌာန်ပါရမီနှင့် ခန္တီပါရမီတို့ ဖြည့်ဆည်းခဲ့ပုံကို လည်းကောင်း၊ ဝေဿန္တရာဇာတ်တော်တွင် ဝေဿန္တရာမင်း၏ ဒါနပါရမီ၊ ဥပေက္ခာပါရမီ၊ ခန္တီပါရမီ တို့ ဖြည့်ဆည်းခဲ့ပုံများကိုလည်းကောင်း ရေးဖွဲ့ထား ပေသည်။ ဆရာတော်ဦးဩဘာသကို ကဗျာဗန္ဓသာရ ကျမ်းတွင် ရတုစပ်ဆိုသီကုံးသူ ၈၂ ဦး စာရင်း၌ အမှတ်စဉ် (၈) တွင် "မဟာနိပါတ်ဇာတ်တော်ကြီး ဆယ်စောင်ကို မြန်မာစကားပြေဖြင့် ရေးသားတော်မူ သော မင်းဘူးဦးဩဘာသနှင့် ရတုအမျိုးမျိုး"ဟု ဖော်ပြပါရှိသည်။

**ပုဂံခေတ်က ဇာတ်တော်ကြီးဆယ်ဘွဲ့**

ဇာတ်တော်ကြီး ဆယ်ဘွဲ့ဆိုသည်နှင့် ဆရာတော် မင်းပူးဦးဩဘာသကို ပြေးမြင်ကြသည်ဟု ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)ကဆိုသည်။ ဆရာကြီးကပင် ဇာတ်တော်ကြီး ဆယ်ဘွဲ့သည် ပုဂံခေတ်၊ အလောင်း စည်သူမင်းလက်ထက် ၄၇၅ ခုနှစ်ခန့်က မြန်မာစာပေ အရေးအသားစတင်ပေါ်ထွန်းစဉ်ကပင် ရှိခဲ့ကြောင်း သမိုင်းပညာရှင် ဗိုလ်မှူးဘရှင်၏ လောကထိပ်ပန် မင်စာစာအုပ်အရ လူအများပိုမိုသိရှိကြသည်ဟုဆို သည်။ လောကထိပ်ပန်ဆိုသည့် ပုဂံဘုရား၏ မင်စာ များတွင် ဇာတ်တော်ကြီး ဆယ်ဘွဲ့၏ ပန်းချီပုံအညွှန်း များလည်းပါဝင်သည်။ စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံ့သွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၂၂၂၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ရွှေဦး စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၂၂၂၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၅၁၅၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၂၂၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၂၅ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက တန့်ဆည်မြို့နယ်မှာ ပဲတီစိမ်း ၁၅၁၅၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေကို အခုလက်ရှိရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု ရွှေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

á စာမျက်နှာ ၄ မှအဆက်

ထိုစာများကို အညွှန်းများအတိုင်း ဆက်စပ်လိုက်သောအခါ ဇာတ်တော်ကြီး ဆယ်ဘွဲ့၏ စကားပြေအဖြစ် ပုံပေါ်လာသည်ဟုဆိုသည်။ ထိုမင်စာသည် ပုံအညွှန်းစာများဖြစ်သည်နှင့်အညီ ပန်းချီပုံအဓိပ္ပာယ်ပေါ်ရုံ၊ ပန်းချီပုံအရွယ်နှင့် လိုက်ဖက်ရုံလိုရင်းကို ကျစ်ကျစ်လျစ်လျစ်ရေးထားသော စာများဖြစ်ကြောင်း တွေ့ရသည်ဟုဆိုသည်။ စကားပြေရှုထောင့်က ကြည့်မည်ဆိုလျှင်လည်း ထိုခေတ်ပုဂံသားတို့သည် ဇာတ်တော်ကြီးဆယ်ဘွဲ့ကို လိုရင်းအဓိပ္ပာယ်ပေါ်အောင် စကားပြေဖြင့် လှလှပပတင်ပြနိုင်သည့်အဆင့် ရောက်ရှိနေပြီဖြစ်ကြောင်းလည်း ဆိုပေသည်။

**ဘူရိဒတ်ဇာတ်တော်နှင့် သုဝဏ္ဏသာမဇာတ်တော်**

ထိုဇာတ်တော်နှစ်စောင်ကို ဆရာတော်ဦးဩဘာသအနေဖြင့် မရေးသားခဲ့ခြင်းသည် ဘူရိဒတ်ပျို့လင်္ကာကြီးကို ရှင်မဟာရဋ္ဌသာရကလည်းကောင်း၊ သုဝဏ္ဏသာမဇာတ်တော်ပျို့ကို ရှင်အဂ္ဂသမာဓိကလည်းကောင်း ရေးသားဖူး၍ ဆရာတော်အနေဖြင့် ချင့်ချိန်သည်ဟုဆိုကြသော်လည်း ရှင်အဂ္ဂသမာဓိ ရေးသားခဲ့သည့် နေမိငရဲခန်းပျို့နှင့် နေမိဘုံခန်းပျို့တို့ရှိသော်လည်း ဆရာတော်ဦးဩဘာသအနေဖြင့် နေမိဇာတ်တော်ကိုပြုစုခဲ့သဖြင့် ရှေးကရေးသားမှုရှိ၍ မရေးသားခြင်းမဟုတ်ဘဲ နောက်ဆုံးမှပြုစုရေးသားမည်ဟုရည်ရွယ်ရင်းက ကျန်းမာရေးအခြေအနေအရ မရေးသားနိုင်ခဲ့ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် ဘူရိဒတ်ဇာတ်တော်ကို ဆရာတော်ဦးဩဘာသနှင့် ကျောင်းနေဖက်ဖြစ်သူ ရှင်နန္ဒမေဓာပြုစုစဉ်တွင် ဆရာတော်မှာ သက်ရှိထင်ရှားရှိနေသေးပြီး ၁၁၄၈ ခုနှစ် နတ်တော်လတွင် ဘူရိဒတ်ဇာတ်တော်ပြီးစီးပြီး ဆရာတော်၏ တေမိဇာတ်တော်က တပို့တွဲလမှ ပြီးစီး၍ဖြစ်ပေသည်။

**ဆရာတော်ဦးဩဘာသ၏ ဇာတ်တော်များ**

ဆရာတော်၏ဇာတ်တော်များသည် စကားပြေနှင့် လင်္ကာနှစ်ထွေ ရောစပ်သည့်နည်းဖြင့် ပြုစုထားပေသည်။ ဆရာတော်သည် ဇာတ်တော်ရှစ်ဘွဲ့တိုင်းတွင် တစ်ဘွဲ့ဖွဲ့ပြီးတိုင်း နိဂုံးအဆုံးသတ်၌ ကဗျာလင်္ကာဖွဲ့နှင့် ခက်ဆစ်အဓိပ္ပာယ်ပင် ရေးသားပြုစုခဲ့လေသည်။ စန္ဒကုမာရ၊ နာရဒ၊ ဝိဓူရ၊ ဝေဿန္တရာနှင့် ဇနကဇာတ်တော်ကြီးများနိဂုံးတွင် ရတုပိုဒ်စုံများကို ထည့်သွင်းရေးသားပြုစုခဲ့ရာ ရတုပိုဒ်ရေစုစုပေါင်း ၃၁ ပိုဒ်ဟု ရေတွက်၍ရပေသည်။ မြန်မာစာညွှန့်ပေါင်းကျမ်း၊ အတွဲ (၃)၏ နောက်ဆက်တွဲတွင် ထင်ရှားသော စာဆိုပညာရှိတို့၏အတ္ထုပ္ပတ္တိ၌ "ဦးဩဘာသသည် ဘိုးတော်ဘုရားလက်ထက်တော်၌ မင်းပူးဆရာတော်ဟု ကျော်စောသောပုဂ္ဂိုလ်ဖြစ်သည်။ ၎င်းလက်ထက်တော်တွင် ဇာတ်တော်ကြီးဆယ်စောင်ကို မြန်မာဘာသာစကားပြေဖြင့် ပြန်ဆိုရေးသားထားတော်မူခဲ့သည်။ ထိုဆရာတော်၏ မြန်မာစကားပြေသည် အဆိုအမိန့်ကောင်းမွန်၍ စံယူထိုက်သောစာဖြစ်သည်"ဟု ဆိုထားသည်။ မည်သို့ပင်ဆိုစေကာမူ အစဉ်အဆက် အမွေဆက်ခံအပ်သော ဇာတ်ကြီးဆယ်ဘွဲ့၏ ကောင်းမွေများကို ဆက်လက်ခံယူ ထိန်းသိမ်းကျင့်ကြံသင့်ပေကြောင်း ရေးသားရပေသည်။

**ကိုးကား**

- ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်း
- ဦးခင်မောင်ကြီး (ရန်ကုန်တက္ကသိုလ်)၏ ပန်းရွှေပြည်၊ ဇာတ်တော်ကြီးဆယ်ဘွဲ့ပေါင်းချုပ်
- မဟာသရေစည်သူဦးချမ်းသာ(လက်ဝဲမင်းညို)၏ မင်းပူးဦးဩဘာသ၏ဘဝနှင့်စာပေ

# မေတ္တာဝန်းကျင်

– ဖျားနာဆောင်သုံး အခန်းသုံးတဲ့
ညိုးချုန်းကိုယ်ပူ ဖျားသွေးဆူ၍
ငါမူသတိ လွတ်တော့မည်နှယ်
အကြည့်ဝေဝါး
ငှက်ဖျားနှိပ်စက် ဆေးရုံတက်သည်
ခံခက်လေစွ ထိုနေ့က။

– လူးရင်းလိမ့်ရင်း မှန်ပြတင်းမှ
ရှုခင်းသာယာ မြင်သည်မှာကား
သန္တာခြေလက် မွေးနုညက်နှင့်
ချိုးငှက်ပြာညို တေးမဆိုဘဲ
ဝေးကိုရှုမျှော် ပင်ကံ့ကော်ဝယ်
အဖော်ကင်းပ ဆိတ်ငြိမ်လှသည်
ငါ့နှယ် နာဖျားရော့သလား။

– ဤကဲ့သို့လျှင် အတွေးမျှင်တို့
လေနှင့်တိမ်မျော ဟိုသည်လျောရင်း
ရောဂါပျောက်ကင်း ဆေးရုံဆင်းသော်
ရိုင်းပင်းကြင်နာ ပြခဲ့ပါသည်
လူနာစစ်သည် ငါ့နောင်ညီတို့
ပြုံးကြည်ချိုမြ နှုတ်ဆက်ကြရင်း
လက်ပြကျန်ရစ် ခဲ့လေသည်။

– အစိမ်းနုရောင် ဝတ်စုံဆောင်သည့်
ညီနောင်တို့အား မေတ္တာထား၍
ဆေးဝါးကိရိယာ ပြည့်စုံစွာဖြင့်
ဆရာ၊ ဆရာမ ပြုစုကြလျက်
ကာလမကြာ ငါ့ပမာလျှင်
ကောင်းစွာပျောက်ကင်းကြပါစေ။

– ဝါသနာ စေတနာ အနစ်နာနှင့်
ကြင်နာယုယ ပြုစုကြသည့်
ဆရာ ဆရာမ ညီ ညီမတို့
နှင်းမြဆွတ်ဖျန်း ကြာနွယ်ပန်းနှယ်
ငြိမ်းချမ်းကြည်မွေ့ နိုင်ပါစေ။

– ဪ…အရိပ်ခိုဖူး သူ့ကျေးဇူးကို
အထူးဆင်ခြင် ပြန်တွေးမြင်၍
သစ်ပင်ယိမ်းလှုပ် စိမ်းအုပ်အုပ်မှ
ငါနှုတ်ဆက်သည် ပြန်တော့မည်ကို
သိလေသည်လား ငါ့အပါးသို့
လှုပ်ရှားညင်သာ ပျံဝဲလာရင်း
မေတ္တာပန်းပွင့် တေးချိုဆင့်သည်
ရှေးနှင့်မတူ ရွှေချိုးဖြူ။
ကံ့ကော်ရနံ့ နှင့်အတူ။ ။

**မြင်းမူမောင်နိုင်မိုး**

# နိုင်ငံတကာ သတင်းများ

## ပေကျင်းရှင်းရှန်နိုင်ငံတကာလုံခြုံရေးဖိုရမ် စက်တင်ဘာ ၁၇ ရက်တွင် ပေကျင်းမြို့၌ စတင်ကျင်းပရန် စီစဉ်




**ပေကျင်း စက်တင်ဘာ ၁၅**

ပေကျင်းရှင်းရှန်အမည်ရှိ နိုင်ငံတကာလုံခြုံရေးဖိုရမ်ကို စက်တင်ဘာ ၁၇ ရက်တွင် ပေကျင်းမြို့၌ စတင်ကျင်းပရန် စီစဉ်ထားကြောင်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

မဟာဗျူဟာမြောက် သံခင်းတမန်ခင်းဩဇာချဲ့ထွင်ရေးလုပ်ငန်းစဉ်ကို မြှင့်တင်ရန် ကြိုးပမ်းသည့်အနေဖြင့် ပေကျင်းရှင်းရှန်နိုင်ငံတကာ လုံခြုံရေးညီလာခံကို ကျင်းပရန် တရုတ်အစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

သုံးရက်ကြာ ကျင်းပမည့် ပေကျင်းရှင်းရှန်နိုင်ငံတကာ လုံခြုံရေးဖိုရမ်သို့ နိုင်ငံပေါင်း ၁၀၀ကျော်မှ စစ်ဘက်ဆိုင်ရာတာဝန်ရှိသူများ၊ ကျွမ်းကျင်သူ ပညာရှင်များ အပါအဝင် ကိုယ်စားလှယ် ၁၈၀၀ ခန့် တက်ရောက်မည်ဖြစ်ကြောင်း တရုတ်အစိုးရ မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ပေကျင်းရှင်းရှန်နိုင်ငံတကာလုံခြုံရေးဖိုရမ်သည် တရုတ်တပ်မတော်၏ နောက်ဆုံးပေါ်လက်နက်များနှင့်ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာ အချက်အလက်များ ပေါ်ထွက်လာနိုင်သည့်ဖိုရမ်အဖြစ် အနောက်အုပ်စုလေ့လာသူများက သုံးသပ်ထားသည်။

အဆိုပါနိုင်ငံတကာလုံခြုံရေးဖိုရမ်သို့တက်ရောက်မည့် နိုင်ငံများထဲတွင် ရုရှား၊ ပြင်သစ်၊ ဘရာဇီး၊ နိုင်ဂျီးရီးယား၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံများလည်း ပါဝင်သည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ) သည် စက်တင်ဘာ ၃ ရက်တွင် ကျင်းပခဲ့သည့် ဒုတိယကမ္ဘာစစ်ပြီးဆုံးမှု နှစ် ၈၀ ပြည့် အထိမ်းအမှတ် စစ်ရေးပြပွဲတွင် နောက်ဆုံးထုတ်လက်နက်ဆန်းများထုတ်ဖော်ပြသခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အဓိကဝန်ကြီးဌာန သုံးခုအတွက် ဝန်ကြီးသစ်များ နီပေါယာယီဝန်ကြီးချုပ် ဆူရှီလာဘာကီ ရွေးချယ်

**ခတ္တမန္ဒူ စက်တင်ဘာ ၁၅**

နီပေါ ယာယီဝန်ကြီးချုပ် ဆူရှီလာဘာကီသည် ယနေ့တွင် ယာယီအစိုးရအဖွဲ့သစ်၏ ဘဏ္ဍာရေးဝန်ကြီး၊ စွမ်းအင်ဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီးများကို ရွေးချယ် ကြေညာခဲ့ကြောင်း သိရသည်။

နီပေါ ယာယီအစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးသစ် အဖြစ် ဘဏ္ဍာရေးဝန်ကြီးဌာနအတွင်းဝန်ဟောင်း ပရာရှက်ဒ်ခါနယ်လ်ကို ဝန်ကြီးချုပ် ဆူရှီလာက ရွေးချယ်ထားကြောင်း နီပေါဝန်ကြီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးသစ်အဖြစ် နိုင်ငံပိုင် လျှပ်စစ်ဓာတ်အား ပေးဝေရေးလုပ်ငန်း အကြီးအကဲဟောင်း ကူလ်မင် ဂီဆင်းကို ရွေးချယ်ထားပြီး ပြည်ထဲရေး ဝန်ကြီးအဖြစ် လူ့အခွင့်အရေး ရှေ့နေတစ်ဦးဖြစ်သည့် ပရာကတ်ရှ်အာယယ်လ်ကို ရွေးချယ်ထားကြောင်း သိရသည်။

အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများကြောင့် ဝန်ကြီးချုပ်ဟောင်း ကေပီရှားမားအော်လီ စက်တင်ဘာ ၉ ရက်တွင် ရာထူးမှနုတ်ထွက်ပေးခဲ့ရပြီးနောက် ယာယီဝန်ကြီးချုပ်တာဝန်ကို ဆူရှီလာဘာကီကရယူထားရသည်။

နီပေါ တရားလွှတ်တော်ချုပ် တရားသူကြီးဟောင်း ဆူရှီလာဘာကီသည် နီပေါနိုင်ငံသမိုင်းတစ်လျှောက် ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ်ဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ဖြစ်ပွားခဲ့သည့် အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲများ၌ အနည်းဆုံးလူပေါင်း ၇၂ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

## အင်ဒိုနီးရှားနိုင်ငံ၌ ဘတ်စကားတိမ်းမှောက်မှုဖြစ်ပွား အနည်းဆုံး ရှစ်ဦးသေဆုံး၍ ၄၄ ဦး ဒဏ်ရာရရှိ

**ဂျကာတာ စက်တင်ဘာ ၁၅**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ် မောင့်ဘရိုမို မီးတောင်အနီး၌ ဆေးရုံဝန်ထမ်းများနှင့် မိသားစုဝင်များ လိုက်ပါလာသည့် ခရီးသည်တင် ဘတ်စကားတစ်စီး တိမ်းမှောက်ခဲ့ရာ လူရှစ်ဦးသေဆုံး၍ ၄၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ မော်တော်ယာဉ်မတော်တဆမှုသည် စက်တင်ဘာ ၁၄ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အရှေ့ဂျာဗားပြည်နယ် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

တိမ်းမှောက်ခဲ့သည့်ဘတ်စကားပေါ်လိုက်ပါလာသူများမှာ မောင့်ဘရိုမိုမီးတောင်နယ်မြေသို့ အပန်းဖြေခန်းလာရောက်သူများဖြစ်ကြကြောင်း သိရသည်။

အဆိုပါ ခရီးသည်တင်ယာဉ်သည် ရုတ်တရက်ဘရိတ်ပေါက် ခဲ့ပြီးနောက် တိမ်းမှောက်ခဲ့ရခြင်းဖြစ်ကြောင်း အရှေ့ဂျာဗားပြည်နယ် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ခရီးသည်တင်ဘတ်စကား မတော်တဆမှုဖြစ်စဉ်အဓိကနောက်ခံအကြောင်းရင်းကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

ယာဉ်မတော်တဆမှုအတွင်း ဒဏ်ရာရရှိခဲ့သူများကို နီးစပ်ရာ ဆေးရုံများသို့ ပို့ဆောင်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## ရုရှားနှင့် ဘယ်လာရုစ် နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှု အမေရိကန်တပ်မတော်တာဝန်ရှိသူများ တက်ရောက်လေ့လာ

**မင့်စ် စက်တင်ဘာ ၁၅**

ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့က ပြုလုပ်နေသော ဇာပက်ဒ်-၂၀၂၅ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အမေရိကန်တပ်မတော် တာဝန်ရှိသူများက ဘယ်လာရုစ်နိုင်ငံသို့ သွားရောက်၍ လေ့လာစောင့်ကြည့်ခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။



ရုရှားနှင့် ဘယ်လာရုစ်နိုင်ငံတို့သည် ဇာပက်ဒ်-၂၀၂၅ နှစ်စဉ်ပူးတွဲစစ်ရေးလေ့ကျင့်မှုကို စက်တင်ဘာ ၁၂ ရက်တွင် ရုရှားနှင့် ဘယ်လာရုစ်နှစ်နိုင်ငံစလုံး၌ ပြုလုပ်ခဲ့သည်။

အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ကိုယ်တိုင်ကိုယ်ကျလာရောက်လေ့လာရန် အမေရိကန်တပ်မတော် တာဝန်ရှိသူများကို ဘယ်လာရုစ်ကာကွယ်ရေးဝန်ကြီး ဗစ်တာခရီနင်က အံ့အားသင့်ဖွယ်ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။

ဘယ်လာရုစ် ကာကွယ်ရေးဝန်ကြီး၏ ဖိတ်ကြားချက်အရ အမေရိကန်တပ်မတော် တာဝန်ရှိသူများသည် ဘယ်လာရုစ်နိုင်ငံ၌ ယနေ့တွင် ပြုလုပ်ခဲ့သော ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို တက်ရောက်ကြည့်ရှုခဲ့ကြသည်။

ဇာပက်ဒ်-၂၀၂၅ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အမေရိကန်တပ်မတော်တာဝန်ရှိသူများတက်ရောက်ကြည့်ရှုခဲ့မှုသည် အမေရိကန်နှင့် ဘယ်လာရုစ် နှစ်နိုင်ငံဆက်ဆံရေး နွေးထွေးလာသည့် လက္ခဏာဖြစ်သည်။

ဘယ်လာရုစ်နိုင်ငံသည် ရုရှားနိုင်ငံ၏ အဓိကမဟာမိတ်ဖြစ်ပြီး ယူကရိန်းပဋိပက္ခ စစ်မျက်နှာတစ်ခုကို ရုရှားတပ်များက ဘယ်လာရုစ်နိုင်ငံမှစဖွင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ Ref : RT

Trs : KKO

## ရုရှား၏ငွေကြေးပိုင်ဆိုင်မှုသိမ်းယူရန် ကြိုးပမ်းသူများကို လက်တုံ့ပြန်မည်ဟု ရုရှားအစိုးရသတိပေး

**မော်စကို စက်တင်ဘာ ၁၅**

ရုရှား၏ငွေကြေးပိုင်ဆိုင်မှုများအား သိမ်းယူရန် ကြိုးပမ်းနေသည့်မည်သည့်နိုင်ငံကိုမဆို လက်တုံ့ပြန်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံက ယနေ့တွင် သတိပေးလိုက်သည်။

ယူကရိန်းကို ကူညီရေးအတွက် ရုရှားနိုင်ငံ၏ ပိုင်ဆိုင်မှုများကို သိမ်းယူရန် ဥရောပသမဂ္ဂက နည်းလမ်းများရှာဖွေနေစဉ် ရုရှားအစိုးရ၏ အဆိုပါသတိပေးချက်ပေါ်ထွက်လာခြင်း ဖြစ်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ်တွင် ယူကရိန်းပဋိပက္ခစတင်ဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်နိုင်ငံနှင့် အနောက်အုပ်စုမဟာမိတ်များသည် ရုရှားဗဟိုဘဏ်၊ ရုရှားဘဏ္ဍာရေး ဝန်ကြီးဌာနတို့နှင့် ငွေကြေးပေးချေရှင်းလင်းမှုများ ပိတ်ပင်ထားသည်။

ယင်းအပြင် အမေရိကန်၊ ဥရောပနိုင်ငံများနှင့် ဗြိတိန်တို့နှင့် အစိုးရငွေတိုက်စာချုပ်များအဖြစ် ရင်းနှီးမြှုပ်နှံထားသော အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ကျော်ကို ရုရှားအစိုးရပြန်လည်ထုတ်ယူခွင့် ပိတ်ပင်ခံထားရသည်။

တစ်ချိန်တည်းမှာပင် ရုရှားနိုင်ငံ၏ အဆိုပါပိုင်ဆိုင်မှုများကို သိမ်းယူရေးအတွက် ဥရောပသမဂ္ဂက နည်းလမ်းများ ရှာဖွေနေကြောင်း သတင်းများပေါ်ထွက်လျက်ရှိသည်။


သို့ရာတွင် ရုရှား၏ အဆိုပါပိုင်ဆိုင်မှုများကို သိမ်းယူရန် ကြိုးပမ်းသည့် နိုင်ငံမှန်သမျှအား တုံ့ပြန်အပြစ်ပေးမည်ဖြစ်ကြောင်း ရုရှားအမျိုးသားလုံခြုံရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒီမီထရီမက်ဗီဒက်ဗ်က လူမှုမီဒီယာစာမျက်နှာပေါ်၌ ရေးသားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## ကြယ်စုငယ်တစ်ခုအတွင်း ဦးတည်ရာမဲ့မျောလွင့်ဖြတ်သန်းနေသော မဟာအာကာသတွင်းနက်တစ်ခုကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ



**ပေကျင်း စက်တင်ဘာ ၁၅**

ကြယ်စုငယ် တစ်ခုအတွင်း ဦးတည်ရာမဲ့မျောလွင့်ဖြတ်သန်းနေသော မဟာအာကာသတွင်းနက်တစ်ခုကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း စက်တင်ဘာ ၁၄ ရက် သတင်းများအရ သိရသည်။

အဆိုပါ အာကာသတွင်းနက်ကို ကမ္ဘာမြေနှင့် အလင်းနှစ် ၂၃၀ ခန့်အကွာတွင် တည်ရှိသည့် MaNGA 12772-12704 အမည်ရှိ ကြယ်စုငယ်အတွင်း တွေ့ရှိထားခြင်းဖြစ်ကြောင်း သိရသည်။

တရုတ် သိပ္ပံပညာရှင်များ၏ အဆိုအရ MaNGA 12772-12704 ကြယ်စု၏ မဟာအာကာသတွင်းနက် ဦးတည်ရာမဲ့ရွေ့လျားနေပြီး အာကာသတွင်းနက်၏ ဗဟိုချက်နှင့် အလင်းနှစ် ၃၂၆၀ အကွာသို့ ရောက်ရှိနေကြောင်း သိရသည်။

အဆိုပါ အာကာသတွင်းနက်သည် ကြယ်စုဗဟိုချက်နယ်မြေမှ လွတ်ထွက်လာပြီး ဦးတည်ရာမဲ့မျောလွင့်နေသော်လည်း ပြင်းထန်သည့်စွမ်းအင်များ ဖြာထွက်နေဆဲဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

MaNGA 12772-12704 ကြယ်စုဗဟိုချက်မှလွတ်ထွက်လာသည့် မဟာအာကာသ တွင်းနက်၏ အရွယ်အစားမှာ ဒြပ်ထုအားဖြင့် နေဒြပ်ထုထက် အဆ ၃၀၀၀၀၀ ပိုကြီးမားကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ မဟာအာကာသတွင်းနက်တိုင်းသည် ကြယ်စုများ၏ ဗဟိုချက်မှာပင် အမြဲတစေနေရာယူထားတတ်မှုမရှိသည့် သဘောကို တွေ့ရသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## ပရိုဂရက်စ်-၉၃ အာကာသကုန်တင်ယာဉ် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့

**မော်စကို စက်တင်ဘာ ၁၅**

ရုရှားအမျိုးသား အာကာသအေဂျင်စီ၏ ပရိုဂရက်စ်-၉၃ အာကာသကုန်တင်ယာဉ်သည် စက်တင်ဘာ ၁၄ ရက်တွင် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

ပရိုဂရက်စ်-၉၃ အာကာသကုန်တင်ယာဉ်သည် လွှတ်တင်ခဲ့ပြီး နှစ်ရက်အကြာတွင် နိုင်ငံတကာ အာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့သည်။

ပရိုဂရက်စ်-၉၃ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းအတွက် စားနပ်ရိက္ခာ၊ လောင်စာရည်နှင့် သိပ္ပံစမ်းသပ်ပစ္စည်း စုစုပေါင်း ၂ ဒသမ ၈ တန်ထိ သယ်ဆောင်ထားသည်။



ပရိုဂရက်စ်-၉၃ အာကာသကုန်တင်ယာဉ်နှင့် နိုင်ငံတကာ အာကာသစခန်းသည် ကာဇက်စတန်နိုင်ငံအထက် အမြင့်မိုင် ၂၆၀ အကွာ ပတ်လမ်းပေါ်၌ ချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်သည်။

ရုရှားအမျိုးသား အာကာသအေဂျင်စီသည် ပရိုဂရက်စ်-၉၃ အာကာသကုန်တင်ယာဉ်ကို စက်တင်ဘာ ၁၁ ရက်တွင် ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပရိုဂရက်စ်-၉၃ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း၌ ခြောက်လကြာ ဆိုက်ကပ် ထားမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## မျိုးဆက်သစ် လောင်းမတ်ချ်-၁၀ ဒုံးပျံ၏ ဒုတိယအကြိမ်မြောက် ဒုံးအင်ဂျင်များစမ်းသပ်မှုကို တရုတ်အမျိုးသားအာကာသအေဂျင်စီ ပြုလုပ်ခဲ့

**ပေကျင်း စက်တင်ဘာ ၁၅**

မျိုးဆက်သစ် လောင်းမတ်ချ်-၁၀ ဒုံးပျံ၏ ဒုတိယအကြိမ်မြောက် ဒုံးအင်ဂျင်များစမ်းသပ်မှုကို တရုတ်အမျိုးသား အာကာသအေဂျင်စီက စက်တင်ဘာ ၁၄ ရက်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

လောင်းမတ်ချ်-၁၀ ဒုံးပျံ၏ ဒုံးအင်ဂျင်များ စမ်းသပ်မှုကို ဟိုင်နန်ပြည်နယ် ဝန်ချန်အာကာသစခန်း၌ ပြုလုပ်ခဲ့ပြီး ပထမအဆင့် ပင်မဒုံးယာဉ် ဒုံးအင်ဂျင် ခုနစ်လုံးကို စမ်းသပ်လည်ပတ်ခဲ့ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

လောင်းမတ်ချ်-၁၀ ဒုံးပျံ၏ ပထမအဆင့်ပင်မဒုံးယာဉ် ဒုံးအင်ဂျင်များ စမ်းသပ်မှုလုပ်ငန်းစဉ်တစ်ခုလုံးမှာ စက္ကန့် ၃၂၀ ကြာမြင့်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် လကမ္ဘာပေါ်သို့ လူသားများစေလွှတ်ရေးအတွက် မျိုးဆက်သစ် လောင်းမတ်ချ်-၁၀ ဒုံးပျံများကို တည်ဆောက်နေခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် တရုတ်အမျိုးသား အာကာသအေဂျင်စီသည် လကမ္ဘာစူးစမ်းလေ့လာရေးမစ်ရှင်များအတွက် လောင်းမတ်ချ်-၁၀ ဒုံးပျံနှင့် လောင်းမတ်ချ်-၁၀ အေ ဒုံးပျံများကို တည်ဆောက်ထားကြောင်း သိရသည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ၂၀၃၀ ပြည့်နှစ်မတိုင်မီ လပေါ်သို့ လူသားများစေလွှတ်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# H E A L T H

## ဗိုင်းရပ်ကူးစက်ရောဂါများကြောင့် နှလုံးရှုတ်တရက်ဖောက်မှု ဖြစ်ပွားနိုင်

**လန်ဒန် စက်တင်ဘာ ၁၅**

နှလုံး ရုတ်တရက်ဖောက်မှုသည် ဗိုင်းရပ်ကူးစက်ရောဂါများကြောင့်လည်း ဖြစ်ပွားနိုင်ကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

နှလုံး ရုတ်တရက်ဖောက်မှုသည် သွေးပိတ်ဆို့မှုကြောင့် နှလုံးဆီသို့ သွေးဝင်ရောက်နိုင်မှု အကန့်အသတ်ရှိလာချိန်တွင် ဖြစ်ပွားတတ်ပြီး သွေးအတွင်း ကိုလက်စထရောပါဝင်မှု မြင့်မားခြင်း၊ ကျန်းမာရေးနှင့်မညီသည့် အစားအစာများ စားသုံးခြင်းဖြင့် ဖိအားဝင်ရောက်မှုတို့မှာ အဓိကရောဂါနောက်ခံ အကြောင်းတရားများ ဖြစ်ကြသည်။

သို့ရာတွင် ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ နှလုံးရုတ်တရက်ဖောက်မှုသည် တုပ်ကွေးဗိုင်းရပ် ကူးစက်ရောဂါသို့မဟုတ် ဆီးလမ်းကြောင်းကူးစက်ရောဂါများကဲ့သို့ ဗိုင်းရပ်ကူးစက်ရောဂါများကြောင့်လည်း ဖြစ်ပွားနိုင်ကြောင်း သိရသည်။

ဗိုင်းရပ် ကူးစက်ရောဂါများကြောင့် ရောင်ရမ်းမှုမြင့်မားလာချိန်တွင် Platelets ခေါ် သွေးဆဲလ်များ၏ စေးကပ်အားပိုကောင်းလာပြီး သွေးခဲများ ပေါ်ထွက်လာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

နှလုံးသွေးကြောဆိုင်ရာရောဂါများသည် တစ်ကမ္ဘာလုံး အတိုင်းအတာအရ လူသားများ အသက်ဆုံးပါးရမှု၏ အဓိကအကြောင်းတရားတစ်ရပ် ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## တစ်နေ့တာ၏ နံနက်စာစားချိန်က ကျန်းမာရေးအတွက် အကျိုးသက်ရောက်မှုရှိ

**နယူးယောက် စက်တင်ဘာ ၁၅**

နံနက်စာသည် တစ်နေ့တာ၏ အရေးအကြီးဆုံး အစားအစာဖြစ်သကဲ့သို့ နံနက်စာစားချိန်သည်လည်း ကျန်းမာရေးအတွက် အကျိုးသက်ရောက်မှုရှိကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၁၄ ရက်တွင် ပြောကြားသည်

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နံနက်စာစားချိန် နောက်ကျမှုသည် သက်ကြီးပိုင်းများ အသက်ဆုံးပါးနိုင်ခြေ မြင့်တက်လာမှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ သက်ကြီးပိုင်းများ နံနက်စာစားချိန် နောက်ကျမှုသည် စိတ်ကျဝေဒနာဝင်ရောက်မှု၊ ပင်ပန်းနွမ်းနယ်မှု၊ ခံတွင်းကျန်းမာရေးပြဿနာများနှင့် အိပ်စက်ရန်ခက်ခဲမှုကဲ့သို့ ပြဿနာများနှင့် ဆက်စပ်နေသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ထိုနည်းတူ နံနက်စာစားချိန် နောက်ကျမှုကြောင့် သက်ကြီးပိုင်းများကြား ရောဂါဘယတစ်မျိုးမျိုးကြောင့် အသက်ဆုံးပါးနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ဖြစ်ရာ သက်ကြီးပိုင်းများ အနေဖြင့် ဘဝကိုကျန်းကျန်းကျန်းမာမာ ဖြတ်သန်းရေးအတွက် အစားအစာများကို သင့်လျော်သည့်အချိန်များတွင် စားသောက်ရန်လိုကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

Ref : Sputnik News
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# PGA Procore Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို စကော့တီရှက်ဖလာ ဆွတ်ခူး

**ကယ်လီဖိုးနီးယား စက်တင်ဘာ ၁၅**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပခဲ့သည့် PGA Procore Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပြိုင်ပွဲတစ်လျှောက် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဘင်ဂျာမင်သည် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ဒုတိယနေရာ၌ ရပ်တည်နိုင်ခဲ့ပြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမားတစ်ဦးပင်ဖြစ်သည့် လန်တိုက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၇ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

စကော့တီရှက်ဖလာ သည် နောက်မှလိုက်ကစားပြီးမှ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်ပြီး ကစားသမားဘဝ သက်တမ်းတစ်လျှောက် ၁၉ ခုမြောက် PGA Tour ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ယခုနှစ် ဂေါက်သီးရိုက်ရာသီအတွင်း ခြောက်ခုမြောက် PGA Tour ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီး ရာသီကုန်တွင် ကမ္ဘာ့အဆင့်(၁) နေရာကို ဆက်လက်ထိန်းသိမ်းနိုင်မည့် အခွင့်အရေးကောင်းကို ပိုင်ဆိုင်ခဲ့သည်။

စကော့တီရှက်ဖလာက"တတိယနေ့ကစားပုံက တော်တော်လေးကောင်းခဲ့သလို ရလဒ်ကလဲ ကောင်းမွန်ခဲ့ပါတယ်။ နောက်ဆုံးနေ့မှာလဲ တတိယနေ့မှာလို ကစားနိုင်မယ်လို့ ယုံကြည်ခဲ့တယ်။ ယုံကြည်ထားတဲ့အတိုင်းပဲ ကစားနိုင်ခဲ့ပါတယ်။ ပါရမီရှင် ကစားသမားတချို့ကို ကျော်ဖြတ်ပြီး ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့တာ ကျွန်တော် တော်တော်လေး ကံကောင်းခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **Ref : RT**

**Trs : AZL**



## အားကစားသတင်းအတိုအထွာများ

- ခံစစ်ကစားသမား ရီနန်လိုဒီကို နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းပြောင်းရွှေ့ရန် စီစဉ်ခဲ့သောကြောင့် အယ်ဟိုင်လာအသင်းက ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် ကစားသမား မှတ်ပုံတင်ခဲ့ခြင်းမရှိသဖြင့် အသင်းနှင့် စာချုပ်ဖျက်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။
- လီဗာပူးအသင်းက တောင်ပံကစားသမား အိုလီဆီကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၀၀ ဖြင့် ခေါ်ယူရန် ကြိုးပမ်းနေမှုကြောင့် ဘိုင်ယန်မြူးနစ်အသင်းက ပြောင်းရွှေ့ကြေး တစ်ဝက်သာယူ၍ လီဗာပူးအသင်းမှ တိုက်စစ်မှူး ဆာလာဟ်ကို ပြန်လည်ခေါ်ယူရန် ဆုံးဖြတ်ထားကြောင်း သိရသည်။ **ML**

# မန်ချက်စတာဒါဘီပွဲ ၁၇ ပွဲဆက်တွင် ဟာလန်းနှင့် ဖိုဒန်တို့ နှစ်ဦးပေါင်း ၁၅ ဂိုးသွင်းယူ





**မန်ချက်စတာ စက်တင်ဘာ ၁၅**

မန်စီးတီးအသင်းက မန်ယူအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် မန်ချက်စတာ ဒါဘီပွဲစဉ်တွင် တိုက်စစ်မှူး ဟာလန်းနှင့် ဖိုဒန်တို့နှစ်ဦးက အသင်းအတွက် အနိုင်ဂိုးများ သွင်းယူနိုင်ခဲ့သဖြင့် ဒါဘီပွဲ ၁၇ ပွဲ ဆက်တွင် ၁၅ ဂိုး သွင်းယူနိုင်သည့် မှတ်တမ်းကောင်းကို ပိုင်ဆိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် တောင်ပံကစားသမား ဖိုဒန်က ပွဲကစားချိန် ၁၈ မိနစ်အရောက်တွင် ကစားသမား ဒိုကူ၏ ဖန်တီးပေးမှုမှ ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီး တိုက်စစ်မှူး ဟာလန်းက ပွဲကစားချိန် ၅၃ မိနစ်အရောက်တွင် ဒိုကူ၏ ဖန်တီးမှုမှလည်းကောင်း၊ ပွဲချိန် ၆၈ မိနစ်တွင် ဘာနာဒိုဆေးဗား၏ ဖန်တီးမှုမှလည်းကောင်း ဂိုးများ သွင်းယူနိုင်ခဲ့သဖြင့် ဖိုဒန်အနေဖြင့် ဒါဘီပွဲ ၁၇ ပွဲတွင် ခုနစ်ဂိုး၊ဟာလန်းက ရှစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ကစားသမားနှစ်ဦးပေါင်းသွင်းဂိုး ၁၅ ဂိုးထိ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟာလန်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီမှ စတင်ရောက်ရှိခဲ့ပြီးနောက်ပိုင်း မန်ချက်စတာဒါဘီပွဲစဉ်များတွင် ဖိုဒန်နှင့် နှစ်ဦးပေါင်း သွင်းဂိုး ၁၅ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး အဆိုပါ သွင်းဂိုးများမှ သွင်းဂိုး လေးဂိုးကို မန်ယူအသင်းအိမ်ကွင်းတွင် သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် နည်းပြ ဂွါဒီယိုလာက လည်း ထိပ်သီးလိဂ်ပြိုင်ပွဲတွင် ပွဲပေါင်း ၆၀၀ ထိ ရှိလာခဲ့ပြီး သွင်းဂိုး ၁၅၀၀ ထိ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် မှတ်တမ်းကောင်းကို ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။ **Ref : Opta Analyst**

**Trs : ML**

# စပါးအသင်းက ဂယ်လာဟာကိုခေါ်ယူရန် ဆက်လက်ကြိုးပမ်း

**လန်ဒန် စက်တင်ဘာ ၁၅**

စပါးအသင်းသည် ကွင်းလယ်ခံစစ်ပိုင်း လိုအပ်ချက်အတွက် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ဂယ်လာဟာကိုခေါ်ယူရန် ဆက်လက် ကြိုးပမ်းနေကြောင်း သိရသည်။

အသင်းအနေဖြင့် ကွင်းလယ်ခံစစ်ပိုင်းမှ ဘစ်ဆူးမားနေရာတွင် အေတီကိုအသင်း ကွင်းလယ်ကစားသမား ဂယ်လာဟာနှင့် အစားထိုးရန် ဆုံးဖြတ်ထားပြီး နွေရာသီ အပြောင်းအရွှေ့ကာလကတည်းက ခေါ်ယူရန်ကြိုးပမ်းခဲ့ရာ ညှိနှိုင်းမှုအဆင်မပြေသောကြောင့် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့တွင် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်သည်။

လက်ရှိတွင် တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၂၀၀၀၀၀ ထိ ရရှိနေသည့် ဂယ်လာဟာသည် နည်းပြဆီမီယွန်နီ၏ ကစားပုံနှင့် ကိုက်ညီမှုမရှိသဖြင့် ပွဲကစားခွင့်လျော့နည်း လာသောကြောင့် အသင်းမှထွက်ခွာရန် ဆန္ဒရှိနေကာ စပါးအသင်း၏ ကမ်းလှမ်းမှုကို စိတ်ဝင်စားနေကြောင်း သိရသည်။

စပါးအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲကစားခွင့်ရရှိထားသောကြောင့် နွေရာသီကာလကတည်းက မူအာနီ၊ ဆိုင်မွန်၊ ကူဒက်စသည့် ကစားသမားကောင်းများကို ခေါ်ယူနိုင်ခဲ့ပြီးနောက် ဂယ်လာဟာကို ထပ်မံခေါ်ယူရန် ဆုံးဖြတ်ထားကြောင်း သိရသည်။ **Ref : Goal.com**

**Trs : ML**

# Sao Paulo Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ပြင်သစ်တင်းနစ်မယ် ရာကိုတိုမန်နာ ဆွတ်ခူး

**ဆာပေါ်လို စက်တင်ဘာ ၁၅**

ဘရာဇီးနိုင်ငံ ဆာပေါ်လိုမြို့တွင်ကျင်းပခဲ့သည့် Sao Paulo Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ပြင်သစ်တင်းနစ်မယ် ရာကိုတိုမန်နာနှင့် အင်ဒိုနီးရှားတင်းနစ်မယ် ဂျာနိုက်တီဂျန်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရာကိုတိုမန်နာက (၆-၃၊ ၆-၄) ရမှတ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ရာကိုတိုမန်နာသည် ကစားသမားဘဝသက်တမ်းတစ်လျှောက် WTA 250 တင်းနစ်ပြိုင်ပွဲအမျိုးအစားတွင် ချန်ပီယံဆုကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ရာကိုတိုမန်နာသည် ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်နှင့် ဆီမီးဖိုင်နယ်အဆင့်တို့တွင် နာမည်ကြီး တင်းနစ်မယ် ပန်နာနှင့် ရီနာတာတို့ကို ကျော်ဖြတ်ကာ ဗိုလ်လုပွဲအဆင့်ကို တက်ရောက်လာနိုင်ခဲ့ခြင်းဖြစ်သည်။



အလားတူ ဂျာနိုက်တီဂျန်သည်လည်း ပြိုင်ပွဲ၏ အဆင့်ဆင့်တွင် နာမည်ကြီးပြိုင်ဘက်များကို ကျော်ဖြတ် အနိုင်ယူလာခဲ့သူဖြစ်ပြီး WTA 250 တင်းနစ်ပြိုင်ပွဲအမျိုးအစားတွင် ၂၃ နှစ်တာကာလအတွင်း ဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ခဲ့သည့် ပထမဆုံး တင်းနစ်မယ်အဖြစ် မှတ်တမ်းဝင်ခဲ့သူဖြစ်သည်။

အသက် ၁၉ နှစ်အရွယ်သာရှိသေးသည့် ရာကိုတိုမန်နာသည် ယခုနှစ် တင်းနစ်ရာသီအတွင်း ကမ္ဘာ့အဆင့်သတ်မှတ်ချက် အနိမ့်ဆုံးကစားသမားက ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည့် ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ရာကိုတိုမန်နာက "လုံးဝကို ထင်မှတ်မထားတဲ့ အောင်မြင်မှုဖြစ်ပါတယ်။ အဆင့်တိုင်းမှာ ခက်ခဲတဲ့ ပြိုင်ဘက်တွေနဲ့ ရင်ဆိုင်ခဲ့ရပြီး အကောင်းဆုံးပုံစံနဲ့ ကျော်ဖြတ်နိုင်ခဲ့တယ်။ အကောင်းဆုံးကစားနိုင်အောင် ကြိုးစားသွားမယ်ဆိုတဲ့စိတ်နဲ့ ယှဉ်ပြိုင်ခဲ့တာပါ။ အောင်မြင်မှုရယူနိုင်ဖို့ မျှော်လင့်မထားပါဘူး။ အခုလို ထင်မှတ်မထားတဲ့အောင်မြင်မှုကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Tennis 365**

**Trs : AZL**

# FIFA MFF U-16 Futsal Youth League 2025 ပြိုင်ပွဲတွင် Kyaung Sayar Tharhtwe FC အသင်း ချန်ပီယံဆုဆွတ်ခူး




**ရန်ကုန် စက်တင်ဘာ ၁၅**

FIFA MFF U-16 Futsal Youth League 2025 ပြိုင်ပွဲများ ပြီးဆုံးချိန်တွင် Kyaung Sayar Tharhtwe FC အသင်းသည် ရမှတ် ၆၄မှတ်ဖြင့် ရှုံးပွဲမရှိ ချန်ပီယံဆုကို ရယူနိုင်ခဲ့ကြောင်း သိရသည်။

FIFA MFF U-16 Futsal Youth League 2025 ၏ Week 22 ပွဲစဉ်များကို စက်တင်ဘာ ၁၄ ရက်က နောက်ဆုံးကျင်းပပြီး ပြိုင်ပွဲ ပြီးဆုံးချိန်တွင် ဆုပေးပွဲ ဆက်လက်ကျင်းပခဲ့ရာ Pacific Sun Far FC အသင်းပိုင်ရှင် ဦးရဲဝင်းထွဋ်က ဒိုင်ကြီးကြပ်နှင့် ဒိုင်လူကြီးများကို အမှတ်တရ ဆုများပေးအပ်ခဲ့ပြီး အသန့်ရှင်းဆုံး ဆုရရှိခဲ့သော Malikha FC အသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဌာန ဒါရိုက်တာ ဦးရဲဝင်းထွန်းက အမှတ်တရ ဆုဖလားနှင့်ဆုကြေး ငွေကျပ်သုံးသိန်းကို ပေးအပ်သည်။

ရန်ကုန်တိုင်းဒေသကြီး ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းသူက အကောင်းဆုံးဂိုးသမားဆုရရှိခဲ့သော Golden Boys FC အသင်းမှ ပြည့်ဘုန်းဟိန်းနှင့် အကောင်းဆုံးကစားသမားဆု ရရှိခဲ့သော Kyaung Sayar Tharhtwe FC အသင်းမှ ဇင်ကိုကိုကိုကို အမှတ်တရဆုများနှင့် ဆုကြေးငွေကျပ် ငါးသိန်းစီကို ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီ အဖွဲ့ဝင် ဒေါ်ဖြူဖြူသန့်က စတုတ္ထဆု ရရှိခဲ့သော Victoria FC အသင်းအား ဆုကြေးငွေကျပ် ၁၀ သိန်း၊ တတိယဆုရရှိခဲ့သော Golden Boys FC အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၁၅ သိန်းတို့ကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါပြိုင်ပွဲတွင် ဒုတိယဆု ရရှိခဲ့သော Pacific Sun Far FC အသင်းကို မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် ဖူဆယ်လိဂ်ကော်မတီ ဥက္ကဋ္ဌ ဦးကြည်မင်းသိန်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၃၀၊ ချန်ပီယံဆုရရှိခဲ့သော Kyaung Sayar Tharhtwe FC အသင်းကို မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ဖူဆယ်နှင့် သဲသောင်ပြင် ကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်က တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေး ငွေကျပ် သိန်း ၅၀ နှင့် ချန်ပီယံ ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ STA

# အယ်နာဆာအသင်းက ဖိုဒန်ကို စံချိန်တင် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ခေါ်ယူရန် ကြိုးပမ်းနေ

**ရီယာဒ် စက်တင်ဘာ ၁၅**

ဆော်ဒီ ထိပ်တန်းကလပ် အယ်နာဆာအသင်းက မန်စီးတီး အသင်းမှ ဖိုဒန်ကို လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် စံချိန်တင် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ခေါ်ယူနိုင်ရန်အတွက် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အယ်နာဆာ အသင်းသည် ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ဥရောပမှ ထိပ်တန်းကစားသမားများကို ခေါ်ယူရန် ကြိုးပမ်းခဲ့ပြီး လာမည့် အပြောင်းအရွှေ့ကာလတွင်လည်း ထိပ်တန်း ကစားသမားများကို ခေါ်ယူရန် ပြင်ဆင်နေခြင်း ဖြစ်သည်။

အယ်နာဆာ အသင်းသည် ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ဘိုင်ယန်မြူးနစ်အသင်းမှ ထိပ်တန်းကစားသမား ကိုးလ်မန်းကို ခေါ်ယူနိုင်ခဲ့ပြီးနောက် လာမည့်အပြောင်းအရွှေ့ကာလတွင်လည်း ဖိုဒန်ကို စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ပြင်ဆင်နေခြင်း ဖြစ်သည်။

ဖိုဒန်သည် အစောပိုင်းနှစ်များက မန်စီးတီးအသင်းတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့သော်လည်း နောက်ပိုင်းတွင် ဒဏ်ရာပြဿနာများကြောင့် အရေးပါမှု လျော့နည်း လာခဲ့သည့်အတွက် မန်စီးတီးအသင်းလည်း မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ကမ်းလှမ်းလာမည်ဆိုပါက လက်ခံသွားဖွယ်ရှိနေသည်။

အယ်နာဆာ အသင်းသည်လည်း အပြောင်းအရွှေ့ကာလများတွင် အဓိက ကစားသမား စီရော်နယ်ဒို၏ အကြံပေးမှုများနှင့် ကစားသမားခေါ်ယူမှုများ လုပ်ဆောင်နေပြီး လာမည့်အပြောင်းအရွှေ့ကာလတွင် ဦးစားပေး ပစ်မှတ်အဖြစ် ဖိုဒန်ကို ပစ်မှတ်ထားနေကြောင်း သိရသည်။

Ref : Fabrizio romano

Trs : STA



# ရီးရဲလ်မက်ဒရစ်အသင်းက အသင်းကွင်းလယ်ပိုင်းအတွက် အန်ဇိုဖာနန်ဒက်နှင့် ကိုဘီမိုင်နူးတို့ကို ခေါ်ယူရန် ပစ်မှတ်ထား

**မက်ဒရစ် စက်တင်ဘာ ၁၅**

ရီးရဲလ်မက်ဒရစ် အသင်းက အသင်းကွင်းလယ်ပိုင်း အတွက် ချဲလ်ဆီးအသင်းမှ အန်ဇိုဖာနန်ဒက်နှင့် မန်ယူအသင်းမှ ကိုဘီမိုင်နူးတို့ကို ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် အသင်းကွင်းလယ်ပိုင်းတွင် ကာလရှည်ကစားခဲ့ကြသည့် တိုနီခရုစ်နှင့် မိုဒရစ်တို့ ထွက်ခွာခဲ့ပြီးနောက် ကစားသမားအင်အားဖြည့်တင်းမှု လုပ်ဆောင်ထားခြင်းမရှိသေးသောကြောင့်လာမည့်ဇန်နဝါရီသို့မဟုတ် နွေရာသီအပြောင်းအရွှေ့ ကာလတွင် အင်အားဖြည့်တင်းမှုများလုပ်ဆောင်ရန်ကြိုးပမ်းနေပြီး အန်ဇိုဖာနန်ဒက်နှင့်ကိုဘီမိုင်နူးတို့ကို ခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် အန်ဇိုဖာနန်ဒက်ကို ခေါ်ယူရန် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက သတင်းများ ထွက်ပေါ်ခဲ့ပြီး တရားဝင်ခေါ်ယူနိုင်ခြင်းမရှိခဲ့သော်လည်း ချဲလ်ဆီး အသင်းသည် လက်ရှိတွင်ဘဏ္ဍာရေးစည်းမျဉ်း ချိုးဖောက်မှုနှင့် ရင်ဆိုင်နေရသည်ကို အခွင့်ကောင်းယူပြီး ခေါ်ယူရန်ကြိုးပမ်းလာခြင်း ဖြစ်သည်။

အလားတူ ကိုဘီမိုင်နူးသည်လည်း မန်ယူအသင်းနှင့် အနာဂတ် မရေမရာ ဖြစ်နေသည့်အတွက် ခေါ်ယူရန် ပစ်မှတ်ထားနေပြီး အသင်းကွင်းလယ်ပိုင်းမှ ကာမာဗင်ဂါကိုရောင်းချကာ အန်ဇိုဖာနန်ဒက်နှင့် ကိုဘီမိုင်နူးမှ တစ်ဦးဦးနှင့်အစားထိုးရန် ကြိုးပမ်းနေကြောင်း သိရသည်။Ref : Fotmob

Trs : STA

# 2025 World Boxing Championships အမျိုးသမီး ၅၄ ကီလိုဝိတ်တန်းတွင် တရုတ်(တိုင်ပေ) လက်ဝှေ့မယ် ဟွမ်ရှာအိုဝမ် ရွှေတံဆိပ်ဆုဆွတ်ခူး

**လီဗာပူး စက်တင်ဘာ ၁၅**

အင်္ဂလန်နိုင်ငံ လီဗာပူးမြို့တွင် ကျင်းပနေသည့် 2025 World Boxing Championships အမျိုးသမီး ၅၄ ကီလိုဝိတ်တန်းတွင် တရုတ်(တိုင်ပေ) လက်ဝှေ့မယ် ဟွမ်ရှာအိုဝမ်က ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဟွမ်ရှာအိုဝမ်သည် ဗိုလ်လုပွဲစဉ်တွင် အမေရိကန်လက်ဝှေ့မယ် ယိုရှီလင်းနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရပြီး ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ ရွှေတံဆိပ်ဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

ယိုရှီလင်းသည်လည်း ဗိုလ်လုပွဲအဆင့်ထိ အကောင်းဆုံးပုံစံဖြင့် တက်ရောက်လာနိုင်ခဲ့သူဖြစ်သော်လည်း ဟွမ်ရှာအိုဝမ်က ယိုရှီလင်းအား တောက်လျှောက်ဖိအားပေးကာ ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ဟွမ်ရှာအိုဝမ်သည် အချီတိုင်း၏ ပထမ ၁၀ စက္ကန့်အတွင်း၌ ယိုရှီလင်းအား အတင်းဝင် အတင်းထွက်ပုံစံဖြင့် ဖိအားပေးကာ ရမှတ်များကို ရယူခဲ့သည်။

ဟွမ်ရှာအိုဝမ်အနေဖြင့် အစောပိုင်းသုံးချီတွင် ယိုရှီလင်းအား တစ်ဖက်သတ်ဖိအားပေးနိုင်ခဲ့ခြင်း ဖြစ်ပြီး တတိယမြောက်အချီသည် ဟွမ်ရှာအိုဝမ်အတွက် အနိုင်ရလဒ်ကို ထွက်ပေါ်စေသည့် အချီလည်း ဖြစ်ခဲ့သည်။




ဟွမ်ရှာအိုဝမ်က "ကျွန်မအတွက် တကယ့်ကို ခက်ခဲတဲ့ ပွဲစဉ်ဖြစ်ပါတယ်။ ပြိုင်ဘက်ကစားသမားကလည်း ရွှေတံဆိပ်ဆုအတွက် အကောင်းဆုံးကြိုးစားခဲ့တယ်။ ကျွန်မအနေနဲ့လည်း ရွှေတံဆိပ်ဆုရယူပေးနိုင်ဖို့ Game Plan သေချာချပြီးတော့ အကောင်းဆုံး ကြိုးစားထိုးသတ်ခဲ့ပါတယ်။ ကျွန်မလိုချင်တဲ့ဆုတံဆိပ်ကို ရယူနိုင်ခဲ့လို့ ဝမ်းသာပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# တောင်ပံကစားသမား ဂရီလစ်ကို အပြီးသတ်ခေါ်ယူရန် အဲဗာတန်အသင်းပြင်ဆင်

**လန်ဒန် စက်တင်ဘာ ၁၅**

အဲဗာတန် အသင်းသည် မန်စီးတီးအသင်းမှ တစ်ရာသီ အငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် ဂရီလစ်ကို အပြီးသတ် ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

ဂရီလစ်သည် အဲဗာတန် အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် နည်းပြမိုယက်စ်၏ ကစားကွက်ပိုင်းတွင် ခြေစွမ်းပြသ၍ အမှတ်ပေးပွဲနှစ်ပွဲတွင် ဂိုးဖန်တီးမှု လေးကြိမ်ထိ ပြုလုပ်နိုင်ခဲ့ကာ အသင်းကို နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် အပြီးသတ် ခေါ်ယူရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

လက်ရှိ မန်စီးတီးအသင်းနှင့် အဲဗာတန်အသင်းတို့ သဘောတူညီမှုတွင် ဂရီလစ်ကို အပြီးသတ် ခေါ်ယူရန် စတာလင်ပေါင်သန်း ၅၀ သတ်မှတ်ထားသော်လည်း အဲဗာတန်အသင်းက အနည်းငယ်လျှော့ချပေးနိုင်ရန် ဆွေးနွေးမှု ပြုလုပ်လျက်ရှိသည်။

ဂရီလစ်သည် ၂၀၁၂ ခုနှစ်က အေဗီလာအသင်းနှင့် ပရော်ဖက်ရှင်နယ် စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် ခြေစွမ်းပြသနိုင်ခဲ့သဖြင့် ၂၀၂၁ ခုနှစ်က မန်စီးတီးအသင်းသို့ ရောက်ရှိခဲ့သူဖြစ်ပြီး အသင်းတွင် နှစ်ရာသီသာ ပုံမှန်ပွဲကစားခွင့် ရရှိခဲ့ပြီး ကစားပုံကျဆင်းလာသော ကြောင့် မန်စီးတီးအသင်းက အဲဗာတန်အသင်းသို့ အငှား စေလွှတ်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေး

လူသားတို့သည် နေ့စဉ်နေရောင်ခြည်နှင့် ထိတွေ့နေရသည်။ ထိုသို့ထိတွေ့နေရသော နေရောင်ခြည်တွင် လူကိုထိခိုက်စေနိုင်သည့်ခရမ်းလွန်ရောင်ခြည်များပါဝင်လျက်ရှိသည်။ အိုဇုန်းလွှာသည် ထိုခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ကာကွယ်ပေးလျက်ရှိသည်။ နိုင်ငံတကာအသိုက်အဝန်းများသည် အိုဇုန်းလွှာပါးလွှာလာမှုအပေါ် အလေးထား၍ စုပေါင်းကာကွယ် စောင့်ရှောက်လျက်ရှိကြသည်။ ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် (UNEP)နှင့် ကမ္ဘာ့မိုးလေဝသအဖွဲ့ (WMO) တို့က အိုဇုန်းလွှာသည် လာမည့် ဆယ်စုနှစ်ကာလအတွင်း ပြန်လည်နာလန်ထူလာတော့မည်ဟု လေ့လာသုံးသပ်ထားကြသည်။ လူသားအားလုံးအတွက် အားတက်ဖွယ်ရာပင်ဖြစ်သည်။

**ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့**

နှစ်စဉ် စက်တင်ဘာ ၁၆ ရက်သည် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ဖြစ်သည်။ ၁၉၉၄ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက အိုဇုန်းလွှာပါးလွှာလာမှုကို ဖြစ်ပေါ်စေသည့် အရာဝတ္ထုများအသုံးပြုမှုကို ကာကွယ်ပေးသည့် မွန်ထရီရယ်ပဋိညာဉ် လက်မှတ်ရေးထိုးခဲ့သည့် ၁၉၈၇ ခုနှစ် စက်တင်ဘာ ၁၆ ရက်ကို ဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်အတွက် ဆောင်ပုဒ်သည် "အိုဇုန်းလွှာကာကွယ်ရေးသိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေး" ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများသည် အိုဇုန်းလွှာ၏အရေးပါမှုကို သတိထားမိစေရန် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိသည်။

**အိုဇုန်းလွှာဆိုသည်မှာ**

အိုဇုန်းလွှာသည် နေရောင်ခြည်မှကျရောက်လာသည့်ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ပေးနိုင်သည့်အပြင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကိုလည်း အတိုင်းအတာတစ်ခုထိ ကာကွယ်ပေးနိုင်သည်။ ဘေးအန္တရာယ်ဖြစ်စေသော ခရမ်းလွန်ရောင်ခြည်များကို ကာကွယ်ပေးသဖြင့် ကျန်းမာရေးနှင့်ဂေဟစနစ်ကိုလည်း ကာကွယ်ထိန်းသိမ်းပေးလျက်ရှိသည်။ ထို့ကြောင့် အိုဇုန်းလွှာသည် လူသားများကို ဘေးအန္တရာယ်ကာကွယ်ပေးမည့် သဘာဝက ပေးထားသော ဒိုင်းကြီးတစ်ခုပင်ဖြစ်သည်။

အိုဇုန်းဓာတ်ငွေ့သည် အောက်ဆီဂျင်မှတစ်ဆင့် ဖွဲ့စည်းထားသည့်ဓာတ်ငွေ့ဖြစ်ပြီး သဘာဝအားဖြင့် ကမ္ဘာမြေနှင့်ကပ်လျက်ရှိသည့် လေထုထဲတွင် တွေ့ရလေ့ရှိသည်။ ကျွန်ုပ်တို့ရင်းနှီးကျွမ်းဝင်သော အောက်ဆီဂျင်ဓာတ်ငွေ့သည် ဒိုင်အောက်ဆီဂျင်($O_2$) ဖြစ်သည်။ ၎င်းဓာတ်ငွေ့သည် ကမ္ဘာ့လေထု၏ ၂၁ ရာခိုင်နှုန်းရှိသည်။ အိုဇုန်းသည် ထရိုင်အောက်ဆီဂျင်($O_3$)ဖြစ်ပြီး ရှားပါးသည့်ဓာတ်ငွေ့ဖြစ်သည်။ ထူးခြားသည့်အချက်သည် ဓာတ်ငွေ့မော်လီကျူး ၁၀ သန်းတွင် အိုဇုန်းမော်လီကျူး သုံးခုသာလျှင် တွေ့ရှိရခြင်းဖြစ်သည်။ သို့ဖြစ်၍ အိုဇုန်းဓာတ်ငွေ့ ၁၀ ရာခိုင်နှုန်းကိုသာလျှင် ကမ္ဘာမြေပြင်နှင့် နီးကပ်လျက်ရှိသည့်လေထုအတွင်း၌ တွေ့ရှိနိုင်သည်။ ထို့ထက်မြင့်မားသည့် အထက်လေထုလွှာ၌ အိုဇုန်း ၉၀ ရာခိုင်နှုန်းခန့်တွေ့ရှိရသည်။ ထိုအိုဇုန်းလွှာသည် ကမ္ဘာမြေထုကို နေရောင်ခြည်မှ ကျရောက်လာမည့် ခရမ်းလွန်ရောင်ခြည်ကျရောက်မှု အန္တရာယ်ကို ကာကွယ်ပေးလျက်ရှိသည်။

**အိုဇုန်းလွှာထိန်းသိမ်းရေး ပဋိညာဉ်များ**

အိုဇုန်းလွှာပါးလွှာပျက်စီးလာကြောင်းကို သိပ္ပံပညာရှင်များက တွေ့ရှိအတည်ပြုခဲ့ဖြင့် နိုင်ငံတကာအသိုက်အဝန်းတွင် စိုးရိမ်ပူပန်မှုမြင့်တက်ခဲ့ရသည်။ ထို့ကြောင့် အိုဇုန်းလွှာကာကွယ်ရာတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းချမှတ်နိုင်ရန်ကြိုးပမ်းခဲ့ကြသည်။ ကြိုးပမ်းမှုရလဒ်အနေဖြင့် ၁၉၈၅ ခုနှစ် မတ် ၂၂ ရက်တွင် နိုင်ငံပေါင်း ၂၈ နိုင်ငံမှ အိုဇုန်းလွှာကာကွယ်ရေးအတွက် ဗီယင်နာပဋိညာဉ်ကိုချမှတ်ပြီး လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ ထိုပဋိညာဉ်မှသည် အိုဇုန်းလွှာကာကွယ်ရေးအတွက် မွန်ထရီရယ်ပဋိညာဉ်ကို မူကြမ်းရေးဆွဲနိုင်ခဲ့ခြင်းဖြစ်သည်။

အိုဇုန်းလွှာပါးလွှာလာမှုဖြစ်ပေါ်စေသည့် အရာဝတ္ထုများ အသုံးပြုမှုအား ကာကွယ်ပေးသည့် မွန်ထရီရယ်ပဋိညာဉ်ကို ၁၉၈၇ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် လက်မှတ်ရေးထိုး နိုင်ခဲ့သည်။ ၎င်းစာချုပ်အရ အိုဇုန်းလွှာပါးလွှာစေနိုင်သည့် အရာဝတ္ထုပစ္စည်းများ ထုတ်လုပ်မှုကို တဖြည်းဖြည်းလျှော့ချရပ်ဆိုင်းစေခြင်းအားဖြင့် အိုဇုန်းလွှာကို ကာကွယ်ခဲ့သည်။




ထိုသို့ကာကွယ်မှုကြောင့် အိုဇုန်းလွှာစံနှုန်းသည် ၁၉၈၀ ပြည့်လွန်နှစ်များတွင် ရှိနေခဲ့သည့်ထုထဲမှ စံနှုန်းအဆင့်သို့ ပြန်လည်ရောက်ရှိလာနေပြီဖြစ်သည်။

မွန်ထရီရယ်ပဋိညာဉ်တွင် ပြဋ္ဌာန်းထားသည့် သဘောတူညီချက်များအရ လေထုတွင်း (Chloro-fluorocarbon-CFC)နှင့် ဟေလွန်ဂျင်ကဲ့သို့သော ဓာတ်ငွေ့များ ပိုမိုပါဝင်နေမှုကို လျှော့ချနိုင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ရေခဲသေတ္တာများ၊ စပရေးဘူးများ၊ လျှပ်ကာပစ္စည်းများ၊ မီးသတ်ဆေးဘူးများအသုံးပြုသည့်အခါ CFC ဓာတ်ငွေ့များ ထုတ်လွှတ်လေ့ရှိသည်။ ၁၉၈၇ ခုနှစ်လွန် ကာလတွင် အိုဇုန်းလွှာပါးလွှာစေသည့် ဒြပ်ပစ္စည်းများဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုသည် ၁၀ ဂစ်ဂါတန်ထိရှိခဲ့သည်။ ထိုမွန်ထရီရယ်ပဋိညာဉ်ပြဋ္ဌာန်းမှုကြောင့် လက်ရှိအချိန်တွင် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုကို ၉၀ ရာခိုင်နှုန်းကျော်ထိ လျှော့ချနိုင်ပြီဖြစ်သည်။ မွန်ထရီရယ်ပဋိညာဉ်ကို အပြည့်အဝလိုက်နာဆောင်ရွက်ခြင်းအားဖြင့် အိုဇုန်းလွှာအနေအထားသည် ၂၀ ရာစုမတိုင်မီကာလက အာတိတ်နှင့် အန္တာတိကဒေသတို့တွင်ရှိခဲ့သည့် အိုဇုန်းလွှာအနေအထားသို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်သည်။

**အိုဇုန်းလွှာပြန်လည်ထူထဲလာ**

သက်ရှိလူသားများ နေထိုင်လျက်ရှိသည့် ကမ္ဘာမြေထုကြီးကို ကင်ဆာရောဂါဖြစ်စေနိုင်သော ခရမ်းလွန်ရောင်ခြည်အန္တရာယ်မှ ကာကွယ်ပေးသည့် အိုဇုန်းလွှာသည် နှစ်ကာလအတန်ကြာပါးလွှာလာမှုဖြစ်ပွားခဲ့ပြီးနောက် ပြန်လည်ထူထဲလာမည့် ကြိုတင်လက္ခဏာများ တွေ့ရှိလာရသည်ဟု ကုလသမဂ္ဂလေ့လာချက်များတွင် ထုတ်ပြန်ထားရှိသည်။ အန္တာတိကတိုက်ပေါ်တွင် နှစ်စဉ်ကြီးထွားလာသော အိုဇုန်းလွှာအပေါက်သည် လက်ရှိအချိန်တွင် အပေါက်ဆက်လက်ဖြစ်ပေါ်နေခြင်းမှ ရပ်ဆိုင်းသွားပြီဖြစ်သည်။

အမှန်တော့အိုဇုန်းလွှာအပေါက်သေးငယ်သွားစေရန် ဆယ်စုနှစ်တစ်စုနှင့် အချိန်ယူရမည်ဖြစ်သည်။ လူသားတို့သည် အိုဇုန်းလွှာကြီးကို စက်မှုတော်လှန်ရေးမစမီကာလက ပိုင်ဆိုင်ထားသည့် သဘာဝအခြေအနေမျိုးသို့ ပြန်လည်ရောက်ရှိလာစေရန် ကြိုးပမ်းအားထုတ်လျက်ရှိကြသည်။ ထိုသို့အားထုတ်ရာတွင် ကမ္ဘာမြေကြီးနှင့် ကပ်လျက်ရှိသော လေထုလွှာကို ပြောင်းလဲနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျှော့ချပေးနိုင်သော နည်းလမ်းများဖြင့် စတင်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။ ဆိုလိုသည်မှာ သစ်တောများ ထိန်းသိမ်းခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချခြင်းကဲ့သို့သော အိုဇုန်းလွှာထိန်းသိမ်းရေး နည်းလမ်းများကို လုပ်ဆောင်သွားရမည်ဖြစ်သည်။ အိုဇုန်းလွှာ ပြန်လည်ထူထဲလာခြင်းကြောင့် ကမ္ဘာမြေပေါ်သို့ ခရမ်းလွန်ရောင်ခြည်ကျရောက်မှုသည် တဖြည်းဖြည်း လျှော့နည်းလာပြီဖြစ်ကြောင်းနှင့် အိုဇုန်းလွှာအတွင်းရှိ ခရမ်းလွန်ရောင်ခြည်အဆင့်သည်လည်း ပြောင်းလဲလာပြီဖြစ်သည်ဟု သိပ္ပံပညာရှင်များက အခိုင်အမာပြောဆိုထားသည်။

**အိုဇုန်းလွှာနှင့်ခရမ်းလွန်ရောင်ခြည်**

အိုဇုန်းလွှာ ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကိုလည်း သိထားသင့်ပေသည်။ ခရမ်းလွန်ရောင်ခြည်သည် လူသားတို့၏ သာမန်မျက်စိဖြင့် မမြင်နိုင်သော နေရောင်ခြည်မှ ဖြာထွက်လာသည့် လျှပ်စစ်သံလိုက်လှိုင်းတစ်ခုဖြစ်သည်။ အင်းဆက်ပိုးမွှားများနှင့် ငှက်များကဲ့သို့သော တိရစ္ဆာန်များသာလျှင် ထိုရောင်ခြည်ကို မြင်နိုင်ပေသည်။ ခရမ်းလွန်ရောင်ခြည်သည် မြင်နိုင်သည့် ခရမ်းရောင်ထက် လှိုင်းနှုန်း၊ အလျားနှင့်စွမ်းအင်တို့ ပိုမိုမြင့်မားလျက်ရှိသည်။ ၁၈၀၁ ခုနှစ်တွင် ဂျာမနီ ရူပဗေဒပညာရှင် Johann Wilhelm Ritter က ခရမ်းလွန်ရောင်ခြည်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ခရမ်းလွန်ရောင်ခြည် တိုက်ရိုက်ကျရောက်ထိတွေ့ခံရသူများသည် အသားအရေများတဖြည်းဖြည်းညိုမည်းလာပြီး နေလောင်ဒဏ်ခံစားရမည်ဖြစ်သည်။ လွန်ကဲစွာ ကျရောက်ထိတွေ့ခံရပါက အရေပြားကင်ဆာဖြစ်ပွားသည်ထိ ခံစားရမည်ဖြစ်သည်။

**အိုဇုန်းလွှာနှင့် ကျန်းမာရေး**

ထို့ကြောင့် နေရောင်ခြည်မှဖြာထွက်လာသော ခရမ်းလွန်ရောင်ခြည် (UV) သည် ရောင်ခြည်ဖြာထွက်မှုအလျားကို အခြေခံလျက် UV-a၊ UV-b၊ UV-c ဟူ၍ သုံးမျိုးခွဲခြားထားသည်။ အိုဇုန်းမော်လီကျူးများသည် သက်ရောက်မှုမတူညီသည့် ခရမ်းလွန်ရောင်ခြည်သုံးမျိုးအပေါ် မတူညီသော ရောင်ခြည်တန်းများဖြင့် တုံ့ပြန်ကာကွယ်ပေးသည်။ အိုဇုန်းမော်လီကျူးများသည် ခရမ်းလွန်ရောင်ခြည် (UV-c) အပေါ် ထိရောက်စွာ တုံ့ပြန်နိုင်ပြီး ကမ္ဘာ့မြေပြင်အထက် မိုင် ၂၀ ခန့်တွင် လုံးဝကာကွယ်ပေးနိုင်သည်။ အိုဇုန်းဓာတ်ငွေ့သည် ဒုတိယအမျိုးအစားဖြစ်သည့် ခရမ်းလွန်ရောင်ခြည်(UV-a) အပေါ်တွင် သက်ရောက်မှုအနည်းငယ်သာရှိသော်လည်း ၎င်းရောင်ခြည်သည် နေလောင်ခြင်း သို့မဟုတ် မျိုးရိုးဗီဇပျက်စီးမှုကို တိုက်ရိုက်ဖြစ်ပွားမှုမရှိသဖြင့် လွန်စွာပူပန်စရာမလိုအပ်ပေ။

သို့သော် ခရမ်းလွန်ရောင်ခြည် (UV-b) သည် ကမ္ဘာ့မြေပေါ်သို့ အဆိုးရွားဆုံး သက်ရောက်မှုရှိသည့် ရောင်ခြည်တစ်မျိုးဖြစ်သည်။ လူ့ခန္ဓာကိုယ်ပေါ်သို့ ၎င်း UV-b တိုက်ရိုက်ကျရောက်ပါက အရေပြားကင်ဆာကဲ့သို့သော DNA ပျက်စီးမှုများကို ပြင်းထန်စွာခံစားရသည်။ သို့သော်ကံကောင်းစွာဖြင့် အိုဇုန်းလွှာသည် ခရမ်းလွန်ရောင်ခြည် (UV-b)အများစုကို ကာကွယ်ပေးထားပြီး တချို့သာလျှင် ကမ္ဘာ့မြေပြင်ပေါ်သို့ကျရောက်လျက်ရှိသည်။ ထို့ကြောင့် အိုဇုန်းလွှာပါးလွှာမှုဖြစ်ပေါ်လာပြီး ကမ္ဘာ့မြေပြင်ပေါ်သို့ UV-b ရောက်ရှိမှုအဆင့်လည်း မြင့်မားလာစေနိုင်ပါသည်။

**အိုဇုန်းလွှာကာကွယ်ရေးသိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေး**

၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်သည် အိုဇုန်းလွှာကာကွယ်ရေးခရီးရှည်ကြီး၏ အနှစ်သာရကို ထင်ဟပ်စေလျက်ရှိသည်။ သိပ္ပံပညာသည် အိုဇုန်းလွှာပေါက်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ပြဿနာများကို ဦးစွာရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။ သိပ္ပံပညာများသည် လူသားတို့ကို အိုဇုန်းလွှာပါးလွှာမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲပြဿနာများကို မီးမောင်းထိုးပြပြီး လုပ်ဆောင်သင့်သည့်များကို အကြံပြုကာ ကမ္ဘာလုံးဆိုင်ရာ အရေးတယူလုပ်ဆောင်နိုင်ရန် အချက်အလက်များထောက်ပံ့ပေးခဲ့သည်။ ထို့ကြောင့် ကမ္ဘာတစ်ဝန်းရှိ အစိုးရများသည် အိုဇုန်းလွှာထိန်းသိမ်းရေးဆိုင်ရာ စာချုပ်စာတမ်းများချုပ်ဆိုခြင်း၊ ဘေးကင်းလုံခြုံသော စက်မှုလုပ်ငန်းများ ထူထောင်ခြင်းနှင့် လူတစ်ဦးချင်းစီတိုင်းကဘေးကင်းလုံခြုံမှုရှိသော နည်းလမ်းများကို ရွေးချယ်ခဲ့ခြင်းကြောင့် အိုဇုန်းလွှာကြီး ပြန်လည်ထူထဲလာပြီဖြစ်သည်။

အမှန်တော့ သိပ္ပံပညာရပ်သည် ဓာတ်ခွဲခန်းများတွင်သာ သုတေသနပြုလုပ်ရန်မဟုတ် ကမ္ဘာ့ပြဿနာများအတွက်လည်း အသိပညာဗဟုသုတများဖလှယ်လျက်ရှိကြောင်းကို ၂၀၂၅ ခုနှစ် အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ဆောင်ပုဒ်က လူသားများကို သတိပေးလျက်ရှိသည်။ သိပ္ပံပညာမရှိလျှင် အိုဇုန်းလွှာအပေါက်သည် ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး ကမ္ဘာလုံးအတိုင်းအတာဖြင့်လည်း အရေးတယူဆောင်ရွက်မှုများမရှိနိုင်သဖြင့် လက်ရှိအချိန်တွင် အိုဇုန်းလွှာအပေါက်ပိုမိုကြီးမားလာနိုင်သည်။ ထို့ကြောင့် လူသားတို့သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို တုံ့ပြန်နိုင်ကြောင်းကို သိပ္ပံပညာကပြသလျက်ရှိပေသည်။

**ကိုးကား**

- https://sheeltechnologies.com/world-ozone-day-2025/

မောင်သောင်းဝင်း(တမန်ဟောင်း)

# သရုပ်ဆောင် ခန့်စည်သူမိသားစုက မင်္ဂလာဒုံမြို့နယ်ရှိ ချမ်းမြေ့ရတနာ(ပရဟိတ) သီလရှင်စာသင်တိုက်သို့ ဆွမ်းဆန်တော်၊ ဆီ၊ စားသောက်ကုန်များ လှူဒါန်း



**ရန်ကုန် စက်တင်ဘာ ၁၅**

သရုပ်ဆောင် ခန့်စည်သူမိသားစုက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ချမ်းမြေ့ရတနာ(ပရဟိတ) သီလရှင်စာသင်တိုက်တွင် သာသနာ့အနွယ်ဝင်သီလရှင်များကို ဆွမ်းဆန်တော်၊ ဆီ၊ စားသောက်ကုန်များကို စက်တင်ဘာ ၁၄ ရက်က လှူဒါန်းခဲ့ကြောင်း သရုပ်ဆောင် ခန့်စည်သူထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ချမ်းမြေ့ရတနာ(ပရဟိတ) သီလရှင်စာသင်တိုက်တွင် သီတင်းသုံးတော်မူကြသည့် သာသနာ့အနွယ်ဝင် သီလရှင်အပါး ၇၀ တို့ကို သရုပ်ဆောင် ခန့်စည်သူမိသားစုက နေ့ဆွမ်းဆပ်ကပ်လှူဒါန်းခဲ့ပြီး ဆွမ်းဆန်တော်၊ ဆီ၊ စားသောက်ကုန်အတွက် တန်ဖိုးငွေကျပ် သိန်း ၇၀ ခန့်ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မင်္ဂလာဒုံ ပုလဲမြို့သစ်က ချမ်းမြေ့ရတနာ(ပရဟိတ) သီလရှင်စာသင်တိုက်မှာ သီတင်းသုံးတော်မူနေကြတဲ့ သာသနာ့အနွယ်ဝင်သီလရှင်အပါး ၇၀ အတွက် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပါတယ်။ ဆွမ်းဆန်တော်၊ ဆီ၊ စားသောက်ကုန်၊ မုန့်မျိုးစုံနဲ့ နဝကမ္မ အလှူငွေတွေကို လှူဒါန်းခဲ့ပါတယ်"ဟု သရုပ်ဆောင် ခန့်စည်သူက ပြောပြသည်။

အလားတူ သရုပ်ဆောင် ခန့်စည်သူနှင့် စေတနာရှင် အလှူရှင်များသည် ဩဂုတ် ၁၆ ရက်ကလည်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မိဘမဲ့အမျိုးသမီးလေးများ သင်တန်းကျောင်းရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံ အမျိုးသမီးငယ်လေးများအတွက် နေ့လယ်စာ၊ ရေခဲမုန့်၊ ကိတ်မုန့် ကျွေးမွေးခြင်း၊ ဆန်၊ ဆီ၊ ဆေး၊ ကြက်သွန်၊ အာလူး၊ ဟင်းခတ်မှုန့်၊ ခေါက်ဆွဲခြောက်ထုပ်၊ မုန့်မျိုးစုံ၊ အဝတ်အထည်များ၊ ဖိနပ်များ စသည့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ASH

# တေးသံရှင်ကော်နီ၊ ချောစုခင်၊ အိမ့်ချစ်တို့၏ ခေတ်သုံးခေတ်ရဲ့ကြယ်ပွင့်များ တေးဂီတဖျော်ဖြေပွဲကို The Square Theatre Bar တွင် ပြုလုပ်မည်

**ရန်ကုန် စက်တင်ဘာ ၁၅**

တေးသံရှင် ကော်နီ၊ ချောစုခင်၊ အိမ့်ချစ်တို့၏ ခေတ်သုံးခေတ်ရဲ့ ကြယ်ပွင့်များ တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar ၌ စက်တင်ဘာ ၁၉ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် အိမ့်ချစ်ထံမှ သိရသည်။




တေးသံရှင် ကော်နီ၊ ချောစုခင်၊ အိမ့်ချစ်တို့၏ ခေတ်သုံးခေတ်ရဲ့ ကြယ်ပွင့်များ တေးဂီတဖျော်ဖြေပွဲကို The Square Theatre & The Concert က စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Daily Gita Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ စက်တင်ဘာ ၁၉ ရက်မှာ မန္တလေးက The Square Theatre Bar မှာ အိမ့်ချစ်တို့ ဖျော်ဖြေပွဲရှိပါတယ်။ အိမ့်ချစ်နဲ့အတူ မမချောစုခင်နဲ့ မကြီးမကော်တို့လဲ ပါဝင်ပြီးတော့ သီဆိုဖျော်ဖြေပေးမှာပါ။ သီချင်းတွေတဝကြီး သီဆိုပေးမှာမို့ လက်မလွှတ်စေချင်ပါဘူး"ဟု တေးသံရှင် အိမ့်ချစ်က ပြောပြသည်။

တေးသံရှင် ကော်နီ၊ ချောစုခင်၊ အိမ့်ချစ်တို့၏ ခေတ်သုံးခေတ်ရဲ့ ကြယ်ပွင့်များအမည်ရှိ တေးဂီတဖျော်ဖြေပွဲကို The Square Theatre Bar တွင် စက်တင်ဘာ ၁၉ ရက် ည ၇ နာရီမှ စတင်ကာ ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Verden Production က ရိုက်ကူးထုတ်လုပ်မည့် အချစ်ကျိန်စာရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးအခမ်းအနားပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၁၅**

Verden Production က ရိုက်ကူးထုတ်လုပ်မည့် အချစ်ကျိန်စာ အမည်ရှိ ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေး အခမ်းအနားကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံစေတီတော်တွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ အချစ်ကျိန်စာ ရုပ်ရှင်ဇာတ်ကားတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင် သရုပ်ဆောင်မည့် သရုပ်ဆောင် ဇော်ရှိုင်းထက်ထံမှ သိရသည်။

အဆိုပါ အချစ်ကျိန်စာရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မေသူထွန်းက ရေးသားထားကာ ဒါရိုက်တာ မင်းစနေက Verden Production အတွက် တာဝန်ယူပုံဖော် ရိုက်ကူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်ဘဝရဲ့ ပထမဦးဆုံး ရုပ်ရှင်ဇာတ်ကားကြီးဖြစ်ပါတယ်။ အစ်မ မေသူထွန်းက ဇာတ်လမ်းကော၊ ဇာတ်ညွှန်းကော ရေးထားတာပါ။ ကျွန်တော့်ကို ဒီရုပ်ရှင်ကားကြီး ကမ်းလှမ်းချိန်မှာ အရမ်းကို ဝမ်းသာခဲ့ရတယ်။ သိပ်ချစ်လွန်းလို့ ဘဝဆက်တိုင်း ဝေးပါရစေဆိုတာ ဘယ်လို အဓိပ္ပာယ်လဲဆိုတာကို တော့ ဒီဇာတ်ကားထွက်လာရင် တွေ့ရမှာပါ"ဟု သရုပ်ဆောင် ဇော်ရှိုင်းထက်က ပြောပြသည်။

အဆိုပါ အချစ်ကျိန်စာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ဇော်ရှိုင်းထက်၊ သူရဟိန်း၊ ကျော်စိုးဟိန်း၊ မေသူထွန်း၊ အေးသီတာ၊ ချောစုလှိုင်၊ သိင်္ဂီမြင့်၊ ဝင်းမြတ်မြတ်ဖြိုး၊ မိမိသိန်း၊ ကလေးသရုပ်ဆောင် ထိုက်တေဇအောင်နှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

ASH

# ဝါနာဘရားသား၏ Practical Magic-2 ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်း တရားဝင်ပြီးစီး

**နယူးယောက် စက်တင်ဘာ ၁၅**

ဝါနာဘရားကုမ္ပဏီ၏ Practical Magic-2 ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုလုပ်ငန်း တရားဝင်ပြီးစီးပြီဖြစ်ကြောင်း စက်တင်ဘာ ၁၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Practical Magic-2 ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှု လုပ်ငန်း တရားဝင်ပြီးဆုံးမှုကို ၎င်းဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ထားသည့် မင်းသမီး နစ်ကိုးကစ်မန်းက အင်စတာဂရမ်စာမျက်နှာ၌ အတည်ပြုထားခြင်းဖြစ်သည်။

Practical Magic-2 ဇာတ်ကားသစ်သည် Practical Magic(1998) ဇာတ်ကား၏ နောက်ဆက်တွဲ ဇာတ်ကားသစ်ဖြစ်သည်။

အဆိုပါ ဇာတ်ကားသစ်တွင် မူလ Practical Magic(1998) ဇာတ်ကားမှ မင်းသမီး စန်ဒရာဘူးလော့ခ်နှင့် နစ်ကိုးကစ်မန်းတို့ပင် ပါဝင်သရုပ်ဆောင်ထားသည်။

Practical Magic-2 ဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ ဆူဆန်ဘီရာက တာဝန်ယူရိုက်ကူးပေးထားပြီး ဝတ္ထုဇာတ်ညွှန်းကို အကီဗာဂိုးစမန်းက ရေးသားပေးထားကြောင်း သိရသည်။

Practical Magic-2 ဇာတ်ကားကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ရုံတင်ပြသရန် ဝါနာဘရားသားကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




# Amazon ၏ Mysteria ဇာတ်ကားကို ဒါရိုက်တာ ခရိတ်ဇိုဘယ် ရိုက်ကူးပေးဖွယ်ရှိ

**နယူးယောက် စက်တင်ဘာ ၁၅**

Amazon MGM စတူဒီယို၏ Mysteria အမည်ရှိ လျှို့ဝှက်သည်းဖိုဇာတ်ကားကို ဒါရိုက်တာ ခရိတ်ဇိုဘယ် ရိုက်ကူးပေးဖွယ်ရှိကြောင်း စက်တင်ဘာ ၁၄ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

လက်ရှိအချိန်တွင် ဒါရိုက်တာ ခရိတ်ဇိုဘယ်သည် Mysteria ဇာတ်ကား ရိုက်ကူးရေးအတွက် Amazon MGM စတူဒီယိုနှင့် ဆွေးနွေးနေကြောင်း သိရသည်။

Mysteria ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အားရစ်ဟိုက်ဆာဆာက ရေးသားပေးထားသည်။

လက်ရှိအချိန်တွင် Mysteria ဇာတ်ကား၏ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို Amazon MGM စတူဒီယိုက လျှို့ဝှက်ထားဆဲဖြစ်ကြောင်း သိရသည်။

ထို့ပြင် Mysteria ဇာတ်ကား ရိုက်ကူးမည့်နေ့နှင့် ရုံတင်ပြသမည့် အချိန်တို့ကိုလည်း မသိရသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





# Katha Township expands cultivation of sugarcane more than the target this year


A newly cultivated sugarcane plantation.

**Katha September 15**

Local farmers in Katha Township of Sagaing Region have planted sugarcane exceeding the target cultivation this year, according to the township Agriculture Department.

During the 2025–2026 monsoon crop season, Katha Township targeted 61,356 acres of sugarcane cultivation. Planting began in June this year, and as of today, 61,364 acres have already been cultivated.

"This year, Katha Township planned to grow 61,356 acres of sugarcane. So far, 61,364 acres have been planted, exceeding the target acreage. Local farmers are cultivating sugarcane as usual," said U Ko Lay, Head of the Katha Township Agriculture Department.

It is reported that sugarcane is cultivated in Shwebo, Kanbalu, and Katha districts of Sagaing Region, with the largest cultivation areas found in Katha and Kanbalu districts.

In Katha Township, the cultivation cost of sugarcane ranges between K600,000 and K700,000 per acre, and the average yield is about 30 tonnes per acre.

Local farmers prefer to grow K-95/84, Nawade-4, Phawmoza, Sinshweli and other strains of sugarcane, prioritizing the rainfed and irrigated facilities for cultivation of crops in Sagaing Region. 206

# YeU Township plants more than 1,000 acres of green gram this year

**YeU September 15**

Statistics of YeU District Agriculture Department mentioned that local farmers planted 1,015 acres of green gram as monsoon crops in YeU Township of Sagaing Region this year.

During the 2025–2026 monsoon crop season, YeU Township planned to cultivate 1,078 acres of green gram. Planting began in May this year, and as of today, 1,015 acres have already been cultivated.

"This year, YeU Township has targeted 1,078 acres of green gram during the monsoon season. So far, 1,015 acres have been planted, and cultivation is still ongoing. Efforts are being made to meet the targeted acreage. Awareness is also being provided to expand cultivation and to use quality, pure seeds to ensure good yields," said U Zaw Myint Tun, Head of the YeU District Agriculture Department.


A green gram plantation in YeU Township.

It is reported that the Township Agriculture Department is providing farmers with guidance on using quality and locally suitable seed varieties, maintaining proper cultivation practices, preventing pest infestation, applying fertilizers systematically, and improving yields.

In addition, during this monsoon season, the department is cooperating with farmers in the cultivation of various types of pulses by providing quality seeds, necessary inputs, and post-harvest technologies to ensure better yield and quality. 206

# Groundnut planted on more than 5,000 acres of croplands

**Wetlet September 15**

According to Wetlet Township Agriculture Department, local farmers grow 5,311 acres of groundnut as monsoon crops in Wetlet Township of Sagaing Region this year.

During the 2025–2026 monsoon crop season, Wetlet Township has planned to cultivate 5,986 acres of groundnut. Planting began in June this year, and as of today, a total of 5,311 acres have already been cultivated against the target cultivation.

"This year, Wetlet Township targeted over 5,900 acres of groundnut during the monsoon season. So far, more than 5,300 acres have been planted. Efforts are being made to meet the targeted acreage. As an oil crop, groundnut cultivation is showing good progress, and the cultivation area has been increasing year by year," said Daw Kyin San, Head of the Wetlet Township Agriculture Department.

It is reported that in Wetlet Township, about one and a half baskets of seed are used per acre for groundnut cultivation. The production cost per acre, including seed, labor charges, fertilizer, and pesticide expenses, is over K200,000. Yields reach more than 50 baskets per acre.

This year, staff members of the Township Agriculture Department are conducting field inspections of groundnut farms to ensure successful cultivation, prevent pest and disease outbreaks, and maintain weed-free fields, while keeping monitoring records. 206

# Houthis say Israeli airstrikes in Yemen killed 26 media staff

**Sanaa September 15**

Yemen's Houthi group said on Sunday that 26 staff members of local media outlets were among 46 people killed in Israeli airstrikes on the capital, Sanaa, on Wednesday.

In a statement, the group said the strikes destroyed the offices of two newspapers -- 26th September and Al-Yemen -- in Tahrir Square in central Sanaa. It added that the attack would not "weaken its media operations."

Houthi-controlled health authorities said 165 people, including women and children, were also injured. Houthi-run al-Masirah TV broadcast footage of damaged residential buildings and rescue workers searching through rubble.

The Israeli military said it struck military camps, the Houthis' public relations headquarters, and a fuel storage site, describing the action as "a response" to drone and missile attacks launched by the group.

Houthi military spokesman Yahya Sarea, whose office was also hit during last week's airstrikes, vowed retaliation, saying the strikes would not go unanswered.

Xinhua

# Gaza-bound Greek vessel sets sail from Syros island

**Syros September 15**

Greek sailing vessel "Oxygono" (Oxygen), part of the Global Sumud Flotilla (GSF), an international convoy seeking to break Israel's blockade of the Gaza Strip and deliver humanitarian aid, set sail from the island of Syros on Sunday.

The mission aims to raise awareness of the suffering of the Palestinian people and help end the conflict that began nearly two years ago, said Vassilis Rogas, a journalist at the Greek newspaper Epochi (Era) and a member of the Greek mission.

Greek activists of various ages and professions departed from Ermoupolis port to join about 1,000 other activists from over 40 countries on board some 60 ships in the Mediterranean international waters en route to Gaza, according to GSF organizers.

"After the brutality of the Israeli state in Gaza, the realization that we must take a stand in favor of the Palestinian people is growing worldwide. However, the siege and killings in Gaza, as well as the apartheid regime in the West Bank, continue," Rogas said.

"We call on societies around the world to demonstrate with us so that there will be as much mobilization and pressure as possible on institutions, states, international organizations, and the state of Israel itself," he added. Xinhua



Vessels prepare to set sail from the island of Syros, Greece, Sept. 14, 2025.

# Sagaing Township grows more than 18,000 acres of pigeon pea this year


A pigeon pea plantation in Sagaing Township.

**Sagaing September 15**

Statistics of Sagaing Township Agriculture Department stated that local farmers grew 18,335 acres of pigeon pea as monsoon crops in Sagaing Township of Sagaing Region this year.

During the 2025–2026 monsoon crop season, Sagaing Township has targeted 19,789 acres of pigeon pea cultivation. Planting began in May this year, and as of today, 18,335 acres have already been cultivated.

"This year, Sagaing Township has planned to grow over 19,000 acres of pigeon pea during the monsoon season. So far, more than 18,000 acres have been planted, and cultivation is still continuing. Efforts are being made to meet the targeted acreage, as well as to ensure good yields. Pigeon peas are being cultivated both as a main crop and as an intercropping system," said U Myo Thant Aung, Head of the Sagaing Township Agriculture Department.

It is reported that the Township Agriculture Department is providing farmers with guidance on using quality and pure seeds, adopting proper cultivation methods, preventing pest risks, and improving yields.

In addition, the department is disseminating techniques on combined application of urea and lime so that pigeon pea farmers can reduce costs in purchasing foliar fertilizers. 206

# ChaungU Township cultivates over 1,000 acres of rainfed paddy

**ChaungU September 15**

More than 1,000 acres of paddy have been planted during this year rain crops planting season, according to the Department of Agriculture for ChaungU Township.

During the 2025-2026 rain crops planting season, ChaungU Township is planning to plant 15,000 acres of paddy. The planting of paddy has started since July this year, and 1,425 acres have been planted so far.

"We are working to ensure that the target acres are met. We will provide the necessary technology and varieties for paddy planting. We are conducting field visits to help farmers plant paddy on time," said U Tint Swe, head of the Department of Agriculture for ChaungU Township.

This year, the relevant Township Agriculture Department and local farmers are working together to ensure that paddy planting is carried out without any difficulties and is carried out systematically.

In ChaungU Township, farmers are being provided with agricultural technology, pest control, crop damage prevention, and timely delivery of harvested paddy under shelter. 206


A monsoon paddy field in ChaungU Township.

# Plan underway to grow more than 6,000 acres of chick pea in Kawlin District

**Kawlin September 15**

According to the data of Yinmabin District Agriculture Department, local authorities earmarked cultivation of 6,900 acres of chick pea as winter crop in Kawlin District of Sagaing Region coming year.

In the 2025–2026 winter crop season, it is planned to cultivate a total of 6,980 acres of chickpea in Kawlin District—6,614 acres in Kawlin Township, 341 acres in Wuntho Township, and 25 acres in Pinlebu Township, according to the district's crop plan.

"This winter season, Kawlin District has set a target of over 6,900 acres of chickpea cultivation. We are working to ensure the target acreage is fully achieved. Chickpea cultivation has been improving year by year. To ensure good yields and quality, we will work together with farmers to provide pure, quality seeds, necessary inputs, and post-harvest technologies," said U Win Thein, Head of the Kawlin District Department of Agriculture.

Farmers in Kawlin District are cultivating chickpeas with Yezin-8 and Yezin-11 varieties which are well-suited to local conditions and yield good results. The average cultivation cost is over K300,000 per acre.

This year, during the winter crop season, the Department of Agriculture is working with farmers to provide quality seeds, inputs, and post-harvest technologies for multiple types of pulses to improve yield and quality. Extension activities also include awareness programs to promote the use of Trichoderma beneficial fungi in pulse cultivation.

Sagaing Region is the largest pulse-producing region in Myanmar. Pulses are grown not only as a main crop but also as an intercrop, making them a profitable source of income for farmers. 206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Growing pigeon pea exceeds target cultivation in KhinU Township

**KhinU September 15**

According to KhinU Township Agriculture Department, local farmers have expanded sown acreage of pigeon pea as monsoon crops exceeding the target cultivation in KhinU Township of Sagaing Region.

In the 2025–2026 monsoon crop season, it was planned to cultivate 20,626 acres of pigeon pea in KhinU Township. Cultivation began in May this year, and as of today, 22,376 acres have already been planted, exceeding the initial target.

"The target for this monsoon season in KhinU Township was 20,626 acres of pigeon pea, but as of today, 22,376 acres have been cultivated, surpassing the planned acreage. Efforts are also being made to ensure good yields. Farmers are cultivating pigeon pea both as a main crop and as an intercrop," said U Nay Win Naing, Head of the KhinU Township Department of Agriculture.

This year, the Township Department of Agriculture has been providing farmers with field-level technical support to promote the use of quality and pure seeds, proper cultivation methods, pest prevention, and improved yields.

To help reduce expenses on foliar fertilizers, the department is also distributing technology of making natural fertilizers. This method not only lowers cultivation costs but also helps crops grow healthily, remain pest-free, and achieve better growth. 206


A pigeon pea plantation.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တူကီယဲနိုင်ငံက စစ်ဘက်အတွက် ခေတ်မီလေကြောင်းရန်ကာကွယ်ရေးစနစ်များ ပံ့ပိုးရန် Aselsan ကုမ္ပဏီနှင့် သဘောတူစာချုပ်ချုပ်ဆို




တူကီယဲနိုင်ငံသည် စစ်ဘက်အတွက် ခေတ်မီလေကြောင်းရန်ကာကွယ်ရေးစနစ်များ ပံ့ပိုးရန် Aselsan ကုမ္ပဏီနှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံတန်ဖိုးရှိ သဘောတူစာချုပ်ချုပ်ဆိုခဲ့သည်ဟု The Defense Post သတင်းဌာနက စက်တင်ဘာ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းသဘောတူစာချုပ်သည် NATO အဖွဲ့ဝင်ဖြစ်သော တူကီယဲနိုင်ငံအတွက် ပြည်တွင်းထုတ်လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေး ကွန်ရက်ကို တည်ဆောက်ရန် သံမဏိအမိုးခုံး အစီအစဉ်၏ ဦးဆောင်ကုမ္ပဏီအဖြစ် Aselsan ကို ခန့်အပ်ပြီးနောက်တွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

Aselsan ကုမ္ပဏီ၏ သံမဏိအမိုးခုံးစီမံကိန်းသည် ၂၀၂၇ ခုနှစ်မှ ၂၀၃၀ ခုနှစ်ကြား စစ်လက်နက်ပစ္စည်းကိရိယာများကို ပေးပို့သွားမည်ဖြစ်သည်။ စာချုပ်၏ အသေးစိတ်အချက်အလက်များနှင့်ပံ့ပိုးမည့် စနစ်အရေအတွက်ကိုမူ မည်သည့်ဘက်ကမျှ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

တူကီယဲနိုင်ငံ၏ ကာကွယ်ရေးစက်မှုလုပ်ငန်း တိုးတက်ဖွံ့ဖြိုးလာမှုသည် ကိုယ်ပိုင်ဖန်တီး လုပ်ဆောင်နိုင်စွမ်းနှင့် ပြည်ပမှမှီခိုမှု လျှော့ချရေးအတွက် ၎င်းတို့၏ ရည်မှန်းချက်ကို ပြသနေသည်။ ဤကြိုးပမ်းမှုသည် ၎င်းတို့၏ စစ်ရေးစွမ်းရည်ကို တိုးမြှင့်ပေးနိုင်ရန်သာမက နိုင်ငံ၏ကာကွယ်ရေး ထုတ်ကုန်များ တင်ပို့ရောင်းချနိုင်မှုကိုပါ မြှင့်တင်ရန်ဖြစ်သည်။ ဤအချက်သည် အထူးသဖြင့် လေကြောင်းရန် ကာကွယ်ရေးကဏ္ဍတွင် ပိုမိုသိသာလွန်းလှသည်။ တူကီယဲနိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် ရုရှားနိုင်ငံထုတ် S-400 မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်ကို ဝယ်ယူခဲ့ပြီးနောက် NATO မဟာမိတ်များနှင့် ဆက်ဆံရေးတင်းမာခဲ့ရသည်။ ၎င်းကိစ္စကြောင့် အနောက်နိုင်ငံများမှ စနစ်များရရှိရန် ခက်ခဲလာခဲ့ပြီး၊ ပြည်တွင်းဖြစ် ထုတ်လုပ်မှုကို ပိုမိုအာရုံစိုက်လာခဲ့သည်။ ဤအခြေအနေသည် ပြည်ပကုမ္ပဏီများအပေါ် မှီခိုမှုကို လျှော့ချရန် တူကီယဲနိုင်ငံ၏ အခိုင်အမာဆုံးဖြတ်ချက်ကို ပိုမိုအားကောင်းစေခဲ့သည်။

ယခုနှစ်အစောပိုင်းတွင် တူကီယဲနိုင်ငံသည် ၎င်း၏ ပြည်တွင်းထုတ်လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးကွန်ရက်ကို တည်ဆောက်ရန်အတွက် သံမဏိအမိုးခုံးအစီအစဉ်ကို စတင်ခဲ့သည်။ အစီအစဉ်အတွက် ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကို ထုတ်လုပ်ရေးအခြေခံအဆောက်အအုံများ တည်ထောင်ရန်သုံးစွဲခဲ့ပြီး ဥရောပတွင် အကြီးဆုံးလေကြောင်းရန် ကာကွယ်ရေးထုတ်လုပ်ရေးစက်ရုံများ ဖြစ်လာလိမ့်မည်ဟု အာဏာပိုင်များက ပြောကြားခဲ့သည်။ ဤအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ်အရေးပါသော လေကြောင်းရန်ကာကွယ်ရေးစနစ် ၄၇ မျိုးကို တူကီယဲစစ်ဘက်သို့ ဩဂုတ်လတွင် ပေးအပ်ခဲ့ပြီးဖြစ်သည်။

တူကီယဲနိုင်ငံ၏ လုပ်ဆောင်ချက်များသည် ၎င်း၏စစ်ဘက်ဆိုင်ရာစွမ်းရည်ကို ခိုင်မာစေရန်အတွက် အဓိကထားပြီး ကမ္ဘာ့လက်နက်ဈေးကွက်တွင် အရေးပါသော တစ်နိုင်ငံဖြစ်လာစေရန်လည်း ရည်ရွယ်သည်။ ဤသည်မှာ ပြည်တွင်းအခြေစိုက် Aselsan ကဲ့သို့ ကုမ္ပဏီများနှင့် လက်တွဲပြီး နိုင်ငံ၏ကာကွယ်ရေးကဏ္ဍကို ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးနေခြင်းဖြစ်သည်။

တူကီယဲနိုင်ငံ ကာကွယ်ရေးကုမ္ပဏီ Aselsan သည် နိုင်ငံတကာ ကာကွယ်ရေးပြပွဲကြီးများကို အခွင့်ကောင်းယူ၍ ၎င်း၏ ပြည်ပမဟာမိတ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးချဲ့လျက်ရှိသည်။ လန်ဒန်မြို့တွင် စက်တင်ဘာလ၌ ကျင်းပခဲ့သော လက်နက်ပြပွဲတစ်ခုတွင် Aselsan ကုမ္ပဏီသည် အင်ဒိုနီးရှားနိုင်ငံမှ PT Re-publikorp နှင့် ဖက်စပ်လုပ်ငန်းတစ်ခုကို ကြေညာခဲ့ရာ ၎င်းတို့သည် ရေဒီယိုဆက်သွယ်ရေးနည်းပညာများ၊ ကာကွယ်ရေး အီလက်ထရွန်နစ်ပစ္စည်းများနှင့် ဆက်သွယ်ရေးစက်ပစ္စည်းကိရိယာများကို ပူးတွဲထုတ်လုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**Turkey Taps Aselsan for $1.9B Air Defense Deal Amid Push for Self-Reliance ကို ဘာသာ ပြန်ဆိုထားပါသည်။**

## ကိုဆိုဗိုနိုင်ငံက ဒရုန်းများကိုယ်တိုင်ထုတ်လုပ်ရန်နှင့် နိုင်ငံ၏စစ်ရေးစွမ်းရည်အဆင့်မြှင့်တင်ရန် စီစဉ်နေ

ကိုဆိုဗိုနိုင်ငံသည် ဒရုန်းများကိုယ်တိုင်ထုတ်လုပ်ရန်နှင့် နိုင်ငံ၏ စစ်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်ရန်အတွက် ကိုဆိုဗိုလုံခြုံရေးတပ်ဖွဲ့(KSF)ကို အမေရိကန်ဒေါ်လာ ၁ဒသမ ၁ ဘီလီယံကျော်ကို ခွဲဝေချထားပေးရန် စီစဉ်နေကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဝန်ကြီးချုပ် Albin Kurti က Made in Kosovo တံဆိပ်ဖြင့် စစ်ဘက်သုံးဒရုန်းများ ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ နိုင်ငံ၏ ခဲယမ်းစက်ရုံကို ပြန်လည်အသက်သွင်းခြင်း၊ အယ်လ်ဘေးနီးယား လက်နက်ကိုင်တပ်ဖွဲ့များနှင့် ပူးပေါင်း၍ တပ်ဖွဲ့တစ်ခုဖွဲ့စည်းခြင်းတို့ကို အလေးထားလုပ်ဆောင်သွားမည်ဟု ပြောကြားထားသည်။ ဤရန်ပုံငွေများဖြင့် KSF ကို ပိုမိုခိုင်မာအားကောင်းစေရန် စစ်လက်နက်ပစ္စည်းကိရိယာအသစ်များ ဝယ်ယူဖြည့်တင်းပေးခြင်း၊ ကိုဆိုဗိုနိုင်ငံအတွင်း၌သာမက မဟာမိတ်နိုင်ငံများရှိ ထိပ်တန်းစစ်တက္ကသိုလ်များသို့ သင်တန်းများစေလွှတ်တက်ရောက်နိုင်စေရေး၊ တပ်သားသစ်များ စဉ်ဆက်မပြတ် စုဆောင်းသွားမည်ဖြစ်ကာ အမျိုးသမီးစစ်သည် ၁၀၀၀ အပါအဝင် စစ်အင်အားတိုးချဲ့ခန့်အပ်သွားရန် ပြင်ဆင်နေခြင်း၊ တစ်နိုင်ငံလုံးအတွက် ကာကွယ်ရေး အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်မည်ဖြစ်ပြီး လိုအပ်ပါက စည်းရုံးလှုပ်ရှားနိုင်ရန် စေတနာ့ဝန်ထမ်းအရန်တပ်ဖွဲ့ဝင်များကို သင့်လျော်သော သင်တန်းနှင့်လက်နက်များ ပေးအပ်သွားခြင်းစသည်တို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ကိုဆိုဗိုနိုင်ငံသည် ၎င်း၏ ကိုယ်ပိုင်ကာကွယ်ရေးလုပ်ငန်းကို အားကောင်းလာစေရန် ကြိုးပမ်းနေသကဲ့သို့ ဒေသတွင်းလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ ကိုဆိုဗို၊ အယ်လ်ဘေးနီးယားနှင့် ခရိုအေးရှားနိုင်ငံတို့သည် ယခုနှစ်အစောပိုင်းတွင် လက်မှတ်ရေးထိုးခဲ့သည့် ကာကွယ်ရေးကြေညာချက်ကို အကောင်အထည်ဖော်ရန် လုပ်ဆောင်နေသည်။ မတ်လက ပထမဆုံးအကြိမ် ကြေညာခဲ့သော ၎င်းသဘောတူညီချက်တွင် ကာကွယ်ရေးစွမ်းရည်တိုးမြှင့်ခြင်း၊ ပူးတွဲစစ်ရေးလေ့ကျင့်မှုများ အရှိန်မြှင့်တင်ခြင်း၊ ပေါင်းစပ်ခြိမ်းခြောက်မှုများ (hybrid threats-ပုံမှန်မဟုတ်သော ခြိမ်းခြောက်မှုများ) ကို တိုက်ဖျက်ခြင်းတို့ကို ဦးစားပေးလုပ်ဆောင်သွားရန် ဖော်ပြထားသည်။ ဤပူးပေါင်းဆောင်ရွက်မှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် နိုင်ငံသုံးနိုင်ငံသည် လက်နက်ဝယ်ယူမှုများကို ပူးတွဲချမှတ်ခြင်းဖြင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ၎င်းတို့နိုင်ငံများသည် တစ်နိုင်ငံချင်းစီ သီးခြားဝယ်ယူခြင်းမျိုး မလုပ်တော့ဘဲ ပူးတွဲမှာယူမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ထို့ပြင် ၎င်းတို့သည် နှစ်နိုင်ငံနှင့်သုံးနိုင်ငံပူးတွဲ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ရန်၊ စစ်တက္ကသိုလ်များနှင့် ကောလိပ်များမှတစ်ဆင့် စစ်ရေးလေ့ကျင့်မှုများကို တိုးချဲ့ရန်နှင့် စစ်သားသစ်စုဆောင်းမှုတိုးမြှင့်ရန်အတွက် ပူးတွဲအစီအစဉ်များကို ရေးဆွဲဆောင်ရွက်သွားရန် စီစဉ်ထားကြောင်းသိရသည်။



**Kosovo Earmarks $1.1B to Develop Drones, Strengthen Military ကိုဘာသာပြန်ဆို ထားပါသည်။**

**မင်းမျိုး**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၅၈၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၅၈၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုမြို့နယ်တွင် နှမ်း ၉၅၈၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ရွှေဘိုမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်းဧက ၉၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမှာပါ။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့လဲ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်" ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့်မျိုးများ ရွေးချယ်စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# မြောင်းမြမြို့နယ်တွင် ငါးသလောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**မြောင်းမြ စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင်ဒေသထွက်ငါးသလောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မြောင်းမြမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် စက်တင်ဘာ ပထမပတ်မှစတင်ပြီး ယနေ့ထိ ငါးသလောက်များ ဝယ်ယူအား ကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ လက်ရှိ အဆိုပါ ငါးသလောက်များ တစ်ရက်လျှင် ပိဿာချိန် ၃၅၀၀ မှ ၄၅၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ငါးသလောက်ပိဿာချိန် ၄၅၀၀ ထိကို အရောင်းအဝယ်ဖြစ်နေတာပါ။ လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ ငါးသလောက်တွေက လတ်ဆတ်မှုနဲ့အရွယ်အစားအလေးချိန်အပေါ် မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ လက်ရှိလဲ ငါးသလောက်တွေ အဝယ်လိုက်နေပါတယ်။



ဒီဘက်ကနေတင်ပို့တဲ့ ငါးသလောက်တွေကို ဒေသဈေးကွက်က ဒေသတွင်းအပြင် အခြားဒေသတွေကို ပြန်လည်တင်ပို့ရောင်းချနေတယ်လို့ သိရတယ်" ဟု မြောင်းမြမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

မြောင်းမြမြို့နယ်တွင် အရောင်းအဝယ်ကောင်းမွန်နေသည့် ငါးသလောက် အသေးတစ်ပိဿာလျှင်ငွေကျပ် ၁၈၅၀၀၊ အလတ်တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀၀ မှ ၃၅၅၀၀၊ အကြီး တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀ မှ ၆၅၀၀၀ ထိအရွယ်အစား အပေါ်မူတည်ကာ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ညောင်ဦးမြို့နယ် အနောက်ဖွားစောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် အနောက်ဖွားစောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၄ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့နည်းစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နိုင်ရန် အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်း ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းရန်ပုံငွေ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၉ ဒသမ ၇ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အနောက်ဖွားစော ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၇၀ ကို ငွေကျပ် ၁၈ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၈ ဒသမ ၉၁ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၄၈ သန်း၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို သုညဒသမ ၄၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၈ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၉ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက်
အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို
- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မိုင်းယန်းမြို့နယ် နောင်ဟွိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး



**မိုင်းယန်း စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်၊ အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ မိုင်းလွေကျေးရွာအုပ်စု နောင်ဟွိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်း၊ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ နောင်ဟွိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှုရှိမရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရန်ကျော်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ နောင်ဟွိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ လေးဦးအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၁၀၀ ကို အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးထားကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်က ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း(CFRD)၏ ၁၀ နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် တက်ရောက်



**ရန်ကုန် စက်တင်ဘာ ၁၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း (CFRD)၏ ၁၀ နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Wyndham Grand Yangon Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံ Ms.Cao Jing၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း (CFRD)ဒုတိယဥက္ကဋ္ဌ Mr.liu Wenkuiနှင့်တာဝန်ရှိသူများ၊ အလှူရှင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံ Ms.Cao Jing နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း(CFRD)ဒုတိယဥက္ကဋ္ဌ Mr.Liu Wenkuiတို့က အမှာစကားပြောကြားကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း (CFRD)၏ ၁၀ နှစ်မြောက် နှစ်ပတ်လည် ကိတ်ကို လှီးဖြတ်ပေးကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း(CFRD)နှင့် ပူးပေါင်းဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများက နားလည်မှုစာချွန်လွှာများကို သဘောတူလက်မှတ်ရေးထိုးကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း (CFRD)ဒုတိယဥက္ကဋ္ဌတို့က အလှူရှင်များကို ဂုဏ်ပြုလက်ဆောင်များပေးအပ်ကြသည်။

ယင်းနောက် အလှူရှင်များကိုယ်စား တာဝန်ရှိသူများက ကျေးဇူးတင်စကားပြောကြားကြပြီး မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်နှင့် လှိုင်သာယာမြို့နယ် အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက အကများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တရုတ်နိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း မြန်မာနိုင်ငံဆိုင်ရာရုံးသည် ၁၀ နှစ်တာအတွင်း "ကြီးမားသောချစ်ခြင်း"ဆိုသည့် အတွေးအခေါ်အတိုင်း "Belt and Road Initiative" မဟာဗျူဟာအား ရှေးရှုကာ မြန်မာနိုင်ငံတွင် ဆင်းရဲမှုလျှော့ချရေး စီမံကိန်းများကို အပြည့်အဝဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံ ပြည်နယ်အများစုရှိ ကလေးများအတွက် အာဟာရပြည့် စားသောက်ဖွယ်ရာများ လှူဒါန်းခြင်း၊ လျှပ်စစ်မီးမရှိသည့် ဒေသများရှိ ကျောင်းသား မိသားစုများကို solar မီးလုံးများလှူဒါန်းခြင်း၊ တက္ကသိုလ်ကျောင်းသားများကို ပညာသင်ဆုနှင့် ကျွမ်းကျင်မှုသင်တန်းများပံ့ပိုးခြင်း၊ ကျေးရွာဒေသများတွင် ရေသန့်စင်စက်များတပ်ဆင်ခြင်း စသည့် လှူဒါန်းမှုများဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း စပါးနှင့် မြေပဲစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် အထွက်တိုးမြေပဲမျိုးနှင့် သွင်းအားစုများ ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၅**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဆီထွက်သီးနှံစိုက်ပျိုးရေးစီမံကိန်း မြေပဲစိုက်တောင်သူများသို့ အထွက်တိုးမြေပဲမျိုးနှင့် သွင်းအားစုပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာရှိနည်းပညာပြန့်ပွားရေးစင်တာ၌ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများ၊ မြန်အောင်၊ အင်္ဂပူနှင့် ညောင်တုန်းမြို့နယ်တို့မှ သမဝါယမအသင်းသားတောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုအခမ်းအနားတွင် မြန်အောင်၊ အင်္ဂပူ၊ ညောင်တုန်းမြို့နယ်တို့မှ မြေပဲစိုက်သမဝါယမအသင်း ၂၁ သင်း၏ စိုက်ဧက ၄၅၀ အတွက် တစ်ဧကလျှင် ငွေကျပ်သုံးသိန်းနှင့်ညီမျှသော အထွက်တိုးမျိုးနှင့် သွင်းအားစုများ ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ထွက်ရှိလာသော သီးနှံများဈေးကွက်ရရှိရေးနှင့် သမဝါယမချေးငွေများ၊ မြစိမ်းရောင် (ဆီထွက်သီးနှံနေကြာ) စီမံကိန်းချေးငွေ၊ သက်တံရောင် စီမံကိန်းချေးငွေများကို သက်သာသောအတိုးနှုန်း၊ သီးနှံပေါ်ပေးစနစ်တို့ဖြင့် အထွက်တိုးမျိုးနှင့် သွင်းအားစုများ ပံ့ပိုးပေးလျက်ရှိကြောင်း၊ ထို့ပြင် မျိုး၊ သွင်းအားစုဓာတ်မြေဩဇာများကို အရည်အသွေးမှန်ကန်ပြီး ဈေးနှုန်းသက်သာစွာဖြင့် တောင်သူများလက်ဝယ် အချိန်မီရောက်ရှိရေး စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြင့် ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်အောင်၊ အင်္ဂပူနှင့် ညောင်တုန်းမြို့နယ် အတွင်းရှိ သမဝါယမအသင်း ၂၁ သင်း၏ စိုက်ဧက ၄၅၀ အတွက် အထွက်တိုးမြေပဲမျိုးနှင့် သွင်းအားစုများပေးအပ်ကာ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်မည့် စကျော့တောင်-အင်းမ ကျေးရွာချင်းဆက်လမ်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အုန်းပင်စုစံပြကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဆင်းလက်ရာများကို ကြည့်ရှုအားပေး၍ စီမံကိန်းအမှတ်တရ ကွံ့ကော်ပင်များ စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ အိမ်သွယ်ရေတိုင်စနစ်ဖြင့် ကျေးရွာရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ မူလတန်းကျောင်း သောက်ရေသန့်ရရှိရေးဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ ကျေးလက်ဒေသ အခြေခံအိမ်ထောင်စုများ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေးစီမံကိန်း(SEP) ရန်ပုံငွေဖြင့် ကြက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ မဲခေါင်-လန်ချန်း စီမံကိန်းဖြင့် Green House, Net House စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး အခြေခံစက်ချုပ်နည်းပညာသင်တန်း တက်ရောက်အောင်မြင်ပြီး မွမ်းမံစက်ချုပ်နည်းပညာသင်တန်း တက်ရောက်လျက်ရှိသော သင်တန်းသူများနှင့် တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ညောင်တုန်းမြို့တော်ခန်းမ၌ ကျင်းပသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံကိန်းနှင့် အကျုံးမဝင်သည့် တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီးအတွင်း သွင်းအားစုမြေဩဇာဖြန့်ဖြူးပြီးစီးမှု၊ နည်းပညာပေးမှု၊ ပြန်လည်ကောက်ယူမည့်အစီအမံများကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ညောင်တုန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၀ မှ တောင်သူများ၏ စိုက်ဧရိယာ ၃၄၇၄၆ ဧကအတွက် ၁၅ ပတ်လည်ကွန်ပေါင်း ၁၃၉၀၁ အိတ်နှင့် ယူရီးယားဓာတ်မြေဩဇာ ၉၉၁၂ အိတ် ပေးအပ်ရာ တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

🏳 **ရှေ့ဖုံးမှအဆက်**

လျိုကျိုးမြို့ CPC ပါတီကော်မတီ ဒုတိယအတွင်းရေးမှူးနှင့် မြို့တော်ဝန် Mr. Zhang Zhuang နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ပြတိုက်ဒုတိယတာဝန်ခံက ပြတိုက်အတွင်းရှိ လျိုကျိုးစက်မှုသမိုင်းကြောင်းပြခန်း၊ ဂေဟဗေဒဆိုင်ရာပြခန်းနှင့် လုပ်ငန်းများပြခန်းတို့တွင် ခင်းကျင်းပြသထားသော ၁၉၀၂ ခုနှစ်မှ စတင်အသုံးပြုခဲ့သည့် ထင်ရှားသော ရှေးဟောင်းစက်မှုပစ္စည်းများ၊ ယခုခေတ်ကာလအထိ စက်မှုလုပ်ငန်းတိုးတက်မှု အဆင့်ဆင့်အခြေအနေများ၊ ခေတ်အဆက်ဆက် လျိုကျိုးမြို့ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသမိုင်းကြောင်းဓာတ်ပုံများနှင့် အခြားပြခန်းတို့ကို ရှင်းလင်းပြသရာ နိုင်ငံတော်ဝန်ကြီးချုပ်က လိုက်လံကြည့်ရှုလေ့လာပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လျိုကျိုးမြို့ရှိ SAIC GM-Wuling Auto Co., Ltd ၏ ဝူလင်မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိကြရာ ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာက ဝူလင်မော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံ၏ သမိုင်းကြောင်း၊ နှစ်အလိုက်ထုတ်လုပ်လျက်ရှိသည့် ကားအမျိုးအစားများ၊ ထုတ်လုပ်ပြီးကားများအား ဈေးကွက်အတွင်း ရောင်းချပေးနေမှု၊ ၂၀၁၇ ခုနှစ်မှစတင်၍ EV မော်တော်ယာဉ်များ စတင်ထုတ်လုပ်နေမှုများ၊ AI Operations Center နှင့် ထုတ်လုပ်ထားသည့် မော်တော်ယာဉ်များ၏ အရည်အသွေး၊ ကြံ့ခိုင်မှု၊ လုံခြုံမှုတို့ကို လိုက်လံရှင်းလင်းပြသရာ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ရှမ်းပြည်နယ် နောင်ချိုမြို့နယ်ရှိ နောင်ချိုဘူတာ၊ ဂုတ်ထိပ်ဘူတာနှင့်ဂုတ်ထိပ်တံတားတို့ကို ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၁၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ရှိ နောင်ချိုဘူတာ၊ ဂုတ်ထိပ်ဘူတာနှင့်ဂုတ်ထိပ်တံတားတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် နောင်ချိုဘူတာမှတစ်ဆင့် သံလမ်းပြေးယာဉ်ဖြင့် ဂုတ်ထိပ်တံတားကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့မီးရထားမှ တာဝန်ရှိသူများက အကြမ်းဖက်သောင်းကျန်းသူများ၏ ဖောက်ခွဲဖျက်ဆီးခံရမှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဂုတ်ထိပ်တံတား လားရှိုးဘက်ခြမ်း ကမ်းကပ်ခုံနှင့် တံတားတိုင်အမှတ်(၁၆) အကြား တံတားသံဘောင်များ အမြန်ဆုံး ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် လိုအပ်သည့် တံတားပစ္စည်းများ သယ်ယူစုဆောင်းပြီးစီးမှု၊ ယာယီထောက်တိုင်ဖြင့် ယာယီသံဘောင်တပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှုနှင့်ပျက်စီးသွားသည့် တံတားအစိတ်အပိုင်းများဖယ်ရှားပြီး တံတားသံဘောင်အသစ်များ အစားထိုးတပ်ဆင်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သမိုင်းအမွေအနှစ် တံတားဖြစ်သဖြင့် မူလလက်ရာ ဒီဇိုင်းအတိုင်း ပြန်လည်တည်ဆောက်နိုင်ရေး၊ စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်အချိန်ဇယားအတိုင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးလိုအပ်ချက်များကို မှာကြားပြီး တံတားကြီးနှင့် ကပ်လျက် ပေ ၃၅၀ အရှည်ရှိ ဥမင်လိုဏ်ခေါင်းအတွင်း အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးထားသည့် ရထားသံလမ်းများ၊ ကွန်ကရစ်ဇလီဖားတုံးများ၊ မိုင်းဖောက်ခွဲရန် စီစဉ်ထားခဲ့သည့်နေရာများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းခွင်မှ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ဂုတ်ထိပ်ဘူတာရုံ၌ သီးသန့်ထိန်းသိမ်းပြသထားသည့် ဂုတ်ထိပ်တံတား စတင်တည်ဆောက်ခဲ့စဉ်က ရှားပါးမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကာ ဘူတာဝန်ထမ်းများနှင့် တံတားမွမ်းမံပြင်ဆင်ရေး တာဝန်ထမ်းဆောင်နေကြသည့် အင်ဂျင်နီယာဝန်ထမ်းများ၊ နောင်ချိုမြို့၌ တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် သီးခြားစီတွေ့ဆုံပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဂုတ်ထိပ်တံတားသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နှင့် ကျောက်မဲမြို့ အကြားမန္တလေး-လားရှိုးရထားလမ်းကြောင်းပေါ်၌ ပေ ၂၂၀၀ ကျော်ရှည်လျား၍ ပေ ၅၀၀ ခန့်နက်သည့် လျှိုချောက်ကြီး၏ တစ်ဖက်တစ်ချက်ရှိ တောင်နံရံနှစ်ခုကို ဖြတ်သန်းဆက်သွယ် ဖောက်လုပ်ထားခြင်းဖြစ်ပြီး တံတားကြီးကို လန်ဒန်မြို့ရှိ Sir A.M.R Rendel & Co., က ဒီဇိုင်းရေးဆွဲ၍ အမေရိကန်ပြည်ထောင်စုမှ Pennsylvania & Maryland Bridge and Construction Co., က ၁၈၉၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၀၀ ပြည့်နှစ်တွင် ပြီးစီးခဲ့သဖြင့် ၁၉၀၃ ခုနှစ်တွင် စတင်အသုံးပြုခဲ့ရာ ယခုအခါ သက်တမ်း နှစ်ပေါင်း ၁၂၀ ကျော်ခဲ့ပြီဖြစ်သည်။ တံတားအရှည် ပေ ၂၂၆၀ ခန့်၊ တံတားသံမဏိတိုင်အမြင့် ပေ ၃၂၀ အပါအဝင် လျှိုကြမ်းပြင်မှ ရထားသံလမ်းမျက်နှာပြင်အထိ အမြင့် ၈၂၅ ပေခန့်မြင့်မားသောကြောင့် ၎င်းကာလက ကမ္ဘာ့အမြင့်ဆုံး သံမဏိတံတားအဖြစ် မှတ်တမ်းဝင်ခဲ့ကာ သံနှင့်သံမဏိတန်ချိန် ၄၃၁၁ တန်၊ သံမှို တစ်သန်းခန့်သုံးစွဲထားပြီး မတ်စောက်သည့်တောင်စောင်းများအကြား ခက်ခဲစွာတည်ဆောက်ထားခြင်းဖြစ်သောကြောင့် မီးရထားဖြင့် လိုက်ပါစီးနင်းလျှင် တွေ့မြင်ရသည့် သံမဏိတံတားနှင့် ပတ်ဝန်းကျင်ရှုခင်းအလှအပမှာ လွန်စွာကျော်ကြားပြီး မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ယူဖွယ်ရာ အံ့မခန်းထင်ရှားသည့် တံတားတစ်စင်းဖြစ်သည်။



အဆိုပါတံတားကို ဩဂုတ် ၂၄ ရက်က TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုက်မဲစွာ မိုင်းဖြင့်ဖောက်ခွဲဖျက်ဆီးခြင်းခံခဲ့ရသည်ကို နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြအသိပေးခဲ့ပြီး ယခုအခါ မြန်မာ့မီးရထားမှ အင်ဂျင်နီယာဝန်ထမ်းများက ပျက်စီးသွားသည့် အစိတ်အပိုင်းများကို ရှေးမူရင်းလက်ရာ ဒီဇိုင်းပုံစံအတိုင်း ပြန်လည်ပြင်ဆင် တည်ဆောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင်ထောက်ပံ့ခြင်းနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၅**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များ လူမှုရေးပင်စင်ထောက်ပံ့ခြင်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ကြေးပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် လူမှုရေးပင်စင်အကျိုးခံစားခွင့်ရှိသူ သက်ကြီးပုဂ္ဂိုလ် ၁၇၉၀၃ ဦးအတွက် လူမှုရေးပင်စင် ထောက်ပံ့ကြေးငွေကျပ် ၁၀၆၅ သန်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများဖြစ်သော လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ၄၂ ခု၊ မသန်စွမ်းပရဟိတဂေဟာ တစ်ခု၊ အမျိုးသမီးဂေဟာ တစ်ခုနှင့် ဘိုးဘွားရိပ်သာ ကိုးခု၊ စုစုပေါင်း ဂေဟာ၊ ရိပ်သာ ၅၃ ခုနှင့် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း ၆၉ ကျောင်းတို့အတွက် ထောက်ပံ့ကြေးငွေကျပ် ၅၈၈ ဒသမ ၉၇၂ သန်းနှင့် ယာယီနေရပ်စွန့်ခွာပြည်သူ ၄၈၅၅၅ ဦးအတွက် နိုင်ငံတော်က ထောက်ပံ့ငွေကျပ် ၂၉၁၃ ဒသမ ၃၀၀ သန်းကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးအပ်ပြီး စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများမှ ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင်အကျိုးခံစားခွင့်ရှိသူ ၁၇၉၀၃ ဦး၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများက စောင့်ရှောက်ထားသူ ၄၅၄၈ ဦးနှင့် ယာယီနေရပ်စွန့်ခွာ ပြည်သူ ၄၈၅၅၅ ဦး စုစုပေါင်း ၇၁၀၀၆ ဦးအတွက် စုစုပေါင်း ငွေကျပ် ၄၅၆၇ ဒသမ ၂၇၂ သန်း ထောက်ပံ့ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရန်ကုန်မြို့ ဗိုလ်အောင်ကျော် TMT ဆိပ်ကမ်းသို့ရောက်ရှိကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းထားပြီး လိုအပ်သောနေရာများ၌ ထပ်မံဖြည့်စွက်ဆောက်လုပ်ရန် နေရာရှင်းလင်းရေး ဆောင်ရွက်နေစဉ်ကာလအတွင်း ခေတ္တထားရှိသော Container Office များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည့်နေရာများသို့ ရွှေ့ပြောင်းသယ်ယူမည့် အခြေအနေနှင့် အစီအမံတို့အပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့မှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)သို့ ဆက်လက်သွားရောက်ကာ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ထားရှိမှုအခြေအနေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ထပ်မံထောက်ပံ့လှူဒါန်းမည့် ရာဂိမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားခဲ့သော ရေဘေးသင့်ဒေသများအတွက် ရေသန့်စင်စက်တင်ယာဉ်၊ အသက်ကယ် ရော်ဘာလှေ၊ အသက်ကယ် ရော်ဘာဘောကွင်း အစရှိသည့် ရေဘေးအန္တရာယ်တုံ့ပြန်ရေးဆိုင်ရာ ပစ္စည်းများ ရောက်ရှိလာပါက ခေတ္တထားရှိနိုင်ရေး သိုလှောင်ရုံများ ကြိုတင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဗဟိုသိုလှောင်ရုံဘေးရှိ အောင်သိဒ္ဓိချောင်း မြေထိန်းနံရံ ကာရံထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တို့ပြည်ထောင်နန်း အထက်တန်းခေတ်မီစေ တို့ညီအောင်လှမ်း လက်ကမ်းချစ်ကြည်နေ

ညိုမောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၅ ခုနှစ် ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၆ ရက်ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ် ရှစ်ရက်တာကာလမျှသွားရောက်ခဲ့သည်။





ခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် အပါအဝင် တက်ရောက်လာသည့်အခြားသောနိုင်ငံ့ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) အပေါင်းထိပ်သီးအစည်းအဝေးသို့တက်ရောက်ခြင်း၊ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ် ၈၀ ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခြင်းများကို အမိနိုင်ငံတော်ကိုယ်စားပြု၍ နိုင်ငံတကာစင်မြင့်ထက်တွင် ဂုဏ်သိက္ခာကြီးမားစွာ ပါဝင်တက်ရောက်ခဲ့သည်။ ထို့ပြင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတွေ့ဆုံပွဲများ ဆောင်ရွက်ခြင်း၊ သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာများလက်မှတ်ရေးထိုးခြင်း၊ တက္ကသိုလ်များ၊ စက်ရုံအလုပ်ရုံများသို့သွားရောက်လေ့လာခြင်းများကို နေ့မအားညမအားအားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်များမှာ အမိနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာသောခြေလှမ်းများပင်ဖြစ်သည်။

ထို့နည်းတူပင် အလုပ်သဘောခရီးစဉ်၏ နောက်ဆုံးအစီအစဉ်ဖြစ်သည့် တတိယပိုင်းတွင်လည်း ဟာပင်းမြို့နှင့်ချန်ဒူးမြို့ရှိ စက်ရုံအလုပ်ရုံများသို့ သွားရောက်လေ့လာခြင်း၊ ပြည်နယ်အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး တွေ့ဆုံပွဲများ ဆောင်ရွက်ခြင်းတို့ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၅ ရက် ဒေသစံတော်ချိန် နေ့လယ်ပိုင်းတွင် ဟာပင်းမြို့ Taiping International Airport မှ တစ်ဆင့် ဆက်လက်ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ညနေပိုင်းတွင် ချန်ဒူးမြို့ Chengdu Shuangliu International Airport သို့ ဆိုက်ရောက်ကြသည်။ ၎င်းလေဆိပ်မှာ တရုတ်နိုင်ငံတောင်ဘက်ပိုင်းရှိ အကြီးဆုံးလေဆိပ်ကြီးများထဲမှ တစ်ခု အပါအဝင်ဖြစ်သည်။ လေဆိပ်တွင် စီချွမ်ပြည်နယ်အစိုးရအဖွဲ့မှ ဒုတိယဝန်ကြီးအဆင့်ရှိသူတစ်ဦးနှင့် အဖွဲ့ဝင်များက အသင့်စောင့်ကြိုနေလျက် နွေးထွေးလှိုက်လှဲစွာ နှုတ်ဆက်ကြသည်။



လျင်မြန်သောအရှိန်အဟုန်ဖြင့် တရိပ်ရိပ်ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ချန်ဒူးမြို့ကြီးသည်ပင် သူ့ထံသို့ ငါးကြိမ်မြောက်ရောက်ရှိလာသော အဆွေတော်နိုင်ငံတော်အကြီးအကဲအား ချစ်ခင်လေးမြတ်စွာ ဆီးကြိုနေဘိသို့။

ချန်ဒူးမြို့သည် စီချွမ်ပြည်နယ်၏ မြို့တော်ဖြစ်သည်။ စီချွမ်ပြည်နယ် အလယ်ပိုင်းဇရိယာအတွင်း အနိမ့်ပိုင်းမြေပြင်တွင် တည်ရှိနေခြင်းဖြစ်သည်။ လူဦးရေ ၁ ဒသမ ၆ သန်းကျော် မှီတင်းနေထိုင်လျက်ရှိသည်။ ကုန်စည်ကူးသန်းရောင်းဝယ်ရေးနှင့် ဖြန့်ဖြူးရေးတွင် ဗဟိုချက်ကျသည်နှင့်အညီ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်နေသော ခေတ်မီမြို့ကြီးတစ်မြို့လည်းဖြစ်သည်။

ရာသီဥတုမှာ အပူချိန်နည်း၍ သင့်တင့်မျှတသည်။ နေ၍ထိုင်၍ကောင်းသည်။ အစားအသောက်ကောင်းသော၊ နေချင်စဖွယ်ဖြစ်သောမြို့အဖြစ် သတင်းကောင်းများနှင့်ကျော်ကြားသည်၊ ချန်ဒူးမြေအောက်မီးရထားစနစ်ကို (Metro system)ကို အသုံးပြုနိုင်သောကြောင့် သွားရေးလာရေးလွယ်ကူသည်။ နွေရာသီမှာပင် အပူချိန်မြင့်မားလွန်းခြင်းမရှိသဖြင့် အပန်းဖြေအနားယူလိုသူများ၊ ကမ္ဘာလှည့်ခရီးသွားများဖြင့်လည်း စည်ကားလျက်ရှိသည်။ နှစ်ပေါင်း ၂၃၀၀ ကျော်မျှ သမိုင်းကြောင်းရှည်ကြာမှုရှိပြီး လယ်ယာနှင့်စိုက်ပျိုးရေးဇရိယာအဖြစ် ထင်ရှားကျော်ကြားခဲ့သော ချန်ဒူးမြို့မှာ အခြားသော စိတ်ဝင်စားဖွယ်ရာများနှင့်လည်း ပြည့်နှက်လို့နေသည်။

ချန်ဒူးပန်ဒါထိန်းသိမ်းရေးဌာန (Chengdu Research Base of Giant Panda Breeding)၊ တရုတ်နိုင်ငံ၏ ခေတ်ဟောင်းခေတ်သစ်ယဉ်ကျေးမှုများကို ယှဉ်တွဲတွေ့မြင်နိုင်မည့် Jinli Ancient Street၊ သုံးဘုရင်ခေတ်၏ ဗိသုကာကြီး Zhuge Liang ကို ဂုဏ်ပြုဖော်ညွှန်းထားသည့်နေရာ Wuhou Shrine၊ ပြီးပြည့်စုံသည့် သဘာဝအလှတရားများကို ခံစားရနိုင်မည့် Mount Qingcheng၊ တရုတ်ကဗျာဆရာကြီး Du Fu နေထိုင်ခဲ့သည့် Du Fu Thatched Cottage၊ ချန်ဒူးအနုပညာပြခန်းများ (Chengdu Con-temporary Art Galleries) စသည်ဖြင့် ချန်ဒူးမြို့၏ အထင်ကရနေရာဌာနများမှာ မြောက်မြားစွာတည်ရှိနေသည်။

ချန်ဒူးမြို့တွင် ပြီးခဲ့သောဩဂုတ်လ ၇ ရက်မှ ၁၇ ရက်ထိ ကျင်းပခဲ့သည့် ကမ္ဘာ့အားကစားပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံ နဂါးလှေလှော်အသင်းသည်ပြိုင်ပွဲလေးခု၌ ဗိုလ်လုပွဲထိ တက်ရောက်နိုင်အောင် စွမ်းဆောင်ပြခဲ့သည်မှာ မိမိတို့နိုင်ငံအတွက် ဂုဏ်ယူဖွယ်ပုံရိပ်များပင်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ချန်ဒူးမြို့သို့ရောက်ရှိပြီးမကြာမီ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် စီချွမ်ပြည်နယ်ပါတီအတွင်းရေးမှူး Mr. Wang Xiaohui နှင့် Jin Jiang Hotel ၌ တွေ့ဆုံဆွေးနွေးသည်။ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ စီချွမ်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာများကို အကျယ်တဝင့်ဆွေးနွေးကြပြီးသည့်နောက် နိုင်ငံတော်အကြီးအကဲက မန္တလေးငလျင်ကြီးကြောင့်ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ချိန်တွင် လူသားချင်းစာနာထောက်ထားစွာ စီချွမ်ပြည်နယ်မှ အကူအညီပေးရေးအဖွဲ့များ အလျင်အမြန်စေလွှတ်ပေးခဲ့မှုအပေါ် မမေ့မလျော့ကျေးဇူးစကားဆိုသည်။

ဆက်လက်၍ စီချွမ်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာများပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယနေ့ကမ္ဘာကြီးတွင် နိုင်ငံများသည် အမျိုးသားအကျိုးစီးပွားကို အလေးထားဦးစားပေး ဆောင်ရွက်လာကြသည်မှာ ပကတိအရှိတရားဖြစ်သည်။ နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ၏ GDP တိုးတက်လာရေးအတွက် ပြည်တွင်းအားဖြင့် ကြိုးပမ်းဆောင်ရွက်နေကြသည်။ စာမျက်နှာ ၁၉ သို့

**စာမျက်နှာ ၁၈ မှအဆက်**

မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက GDP နည်းပါးလျက်ရှိသဖြင့် နိုင်ငံ့ GDP တိုးတက်စေရေးအတွက် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဆိုသည်နှင့်အညီ ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် စွမ်းအားရှိသမျှ အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယင်းအတွက် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် အခြေခံကျသော ဆောင်ရွက်မှုအဖြစ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းပေါင်း ၈၉ ကျောင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ချန်ဒူးမြို့၏ ဒုတိယနေ့ခရီးစဉ်စက်တင်ဘာလ ၆ ရက်တွင်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် China Southwest Architectural Design and Research Institute Corporation(CSWADI)သို့ သွားရောက်ခဲ့သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအဆောက်အအုံများ ပြည့်စုံနေရန်လိုအပ်သည်။ တစ်ဖန်ထိုအဆောက်အအုံများ၏အရည်အသွေးမှာလည်း မြင့်မားကောင်းမွန်နေရန် လိုအပ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အရည်အသွေးမြင့်မားသော အခြေခံအဆောက်အအုံများတည်ဆောက်ခြင်းမှာ မလွဲမသွေဆောင်ရွက်နေရမည့်အရာပင်ဖြစ်သည်။

ကော်ပိုရေးရှင်းမှ တာဝန်ရှိသူများက စွမ်းအင်ချွေတာနိုင်သည့် ဆောက်လုပ်ရေးစီမံကိန်းများ၊ အထပ်မြင့်အဆောက်အအုံများ၊ တံတားများ၊ ဟိုတယ်များ၊ အားကစားရုံများ၊ ဆေးရုံများ၊ နိုင်ငံတကာတွင် ဆောက်လုပ်လျက်ရှိသည့် အဆောက်အအုံများနှင့် ငလျင်ဒဏ်ခံအဆောက်အအုံများ ဆောက်လုပ်နိုင်ရန် သုတေသနပြုလုပ်၍ ဒီဇိုင်းအသစ်များ ရေးဆွဲဆောက်လုပ်လျက်ရှိမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြကြသည်။ နိုင်ငံတော်အကြီးအကဲကလည်း အမိနိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေနိုင်မည့်အရာများကို မေးခွန်းများမေး၍ စေ့ငုသည်။ စူးစမ်းသည်။ စိတ်အားထက်သန်စွာ ပြန်လည်ဆွေးနွေး၍ အပြုသဘောဆောင်သော ရလဒ်ကောင်းများကိုဆောင်ကြဉ်းသည်။

ဒေသစံတော်ချိန် နေ့လယ် ၁ နာရီတွင် မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဒုတိယအကြိမ်တွေ့ဆုံပွဲကိုကျင်းပသည်။ နေရာမှာ Shangri la ဟိုတယ်၌ဖြစ်၏။ တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့်မြူနီစီပယ်မြို့နှင့် ဟူနန်ပြည်နယ်တို့မှ တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးပညာရှင်များ စုံညီစွာတက်ရောက်ကြသည်။ အသစ်အသစ်သော ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များလည်း တက်ရောက်ကြသည်။

နိုင်ငံတော်အကြီးအကဲက နှစ်ကာလကြာမြင့်စွာ ဖြစ်ထွန်းခိုင်မာလျက်ရှိသည့် နှစ်နိုင်ငံ ချစ်ကြည်ရေးသမိုင်းကြောင်းမှ အစပြု၍ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မြင့်မားတိုးတက်လာမှုအခြေအနေများဖြင့် အမှာစကားကိုမင်္ဂလာရှိစွာစတင်၍ဆိုသည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မိုင်ပေါင်း ၁၃၀၀ ကျော် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး နှစ်နိုင်ငံအကြား စီးပွားရေး၊ လူမှုရေး၊ နယ်စပ်ကုန်သွယ်ရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးတို့သည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ၂၀၁၁ ခုနှစ်တွင် ဘက်စုံလွှမ်းခြုံသော မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာကို နှစ်နိုင်ငံအကြား စတင်နိုင်ခဲ့ပြီး စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု အလားအလာကောင်းများ တိုးတက်ဖြစ်ထွန်းခဲ့သည်။ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏမှာလည်း သိသာထင်ရှားစွာ တိုးတက်လာခဲ့သည်။

မြန်မာ-တရုတ် နယ်စပ်ဒေသမတည်ငြိမ်မှုများကြောင့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့်မြူနီစီပယ်ဒေသများ၏ စီးပွားရေးထိခိုက်လျက်ရှိသည်ဟု သိရသည်။ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းပါက ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့်မြူနီစီပယ်ဒေသ၊ ကွမ်ရှီးပြည်နယ် နန်နင်းမြို့ထိ ကုန်သွယ်ရေးလမ်းကြောင်းများကို တိုးချဲ့ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ ၎င်းကုန်သွယ်ရေးလမ်းကြောင်းမှာ တရုတ်-မြန်မာနှစ်နိုင်ငံအတွက် အဓိကကုန်သွယ်ရေးလမ်းကြောင်းဖြစ်လာမည့်အပြင် တရုတ်နိုင်ငံ အရှေ့တောင်ပိုင်းဒေသ၊ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများမှ မြန်မာနိုင်ငံသို့ ပေါင်းကူးတံတားအဖြစ် အသုံးပြုနိုင်ပြီး အာဆီယံနိုင်ငံများသို့လည်း စီးပွားရေးဆိုင်ရာချိတ်ဆက်မှုများ လုပ်ဆောင်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ ဆွေးနွေးမှုများမှာ မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဦးတည်သည်။ ထို့နည်းတူ အခြားတစ်ဖက်သို့လည်း အခွင့်အလမ်းများကို လမ်းဖွင့်ပေးခြင်းဖြင့် သိမ်မွေ့သော သံတမန်စွမ်းရည်နှင့် ကျယ်ပြန့်သော စီးပွားရေးအမြင်တို့ ပေါင်းစပ်နေသည်ကို တွေ့မြင်နိုင်သည်။

မြန်မာ-တရုတ် နှစ်နိုင်ငံသည် ရှည်လျားသည့်နယ်နိမိတ်များ ထိစပ်လျက်ရှိသည့်အတွက် နယ်စပ်ဂိတ်များသည် အရေးပါသောကဏ္ဍမှပါဝင်နေသည်။ နှစ်နိုင်ငံ နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်အရ မြန်မာ-တရုတ် နယ်စပ်တစ်လျှောက်တွင် နယ်စပ်ဂိတ်စုစုပေါင်း ရှစ်ခုရှိသည်။ လက်ရှိအခြေအနေတွင် နယ်မြေလုံခြုံရေးအခြေအနေအရ နယ်စပ်ဂိတ်ရှစ်ခုအနက် မူဆယ်-ရွှေလီနယ်စပ်ဂိတ်တစ်ခုသာ ဖွင့်လှစ်ထားနိုင်သည်။ ကျန်နယ်စပ်ဂိတ်ခုနစ်ခုမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အကြမ်းဖက်တိုက်ခိုက်မှုလုပ်ရပ်များကြောင့် ရပ်တန့်ထားရသည်။ နှစ်နိုင်ငံကုန်သွယ်ရေး ထိခိုက်ခဲ့ရသည်။ နယ်စပ်ဒေသကုန်သွယ်ရေးသည် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုနေသောကြောင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းပြီး ကုန်သွယ်ရေး ပြန်လည်စတင်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ဆက်လက်၍ စီချွမ်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့ အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၊ မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့နှင့် ချန်ဒူးမြို့တို့အကြား၊ ချစ်ကြည်ရေးညီအစ်မမြို့ တည်ထောင်ရေးဆိုင်ရာများ၊ ရန်ကုန် - ချန်ဒူးခရီးသည်တင်လေကြောင်းလိုင်းများပြန်လည်ပြေးဆွဲရေးဆိုင်ရာကိစ္စရပ်များ၊ တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (Belt and Road Initiative-BRI) တွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများအပါအဝင် စီးပွားရေး၊ ပညာရေး၊ ပို့ဆောင်ရေး၊ ရေနက်ဆိပ်ကမ်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ငလျင်ဘေးဒဏ်သင့်အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးစသည်ဖြင့်ကျယ်ပြန့်သော အခွင့်အလမ်းကောင်းများကို ဖော်ထုတ်ဆွေးနွေးသည်။

ထိုသို့ စီးပွားရေးဆိုင်ရာ အခင်းအကျင်းများနှင့် အခွင့်အလမ်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးပြီးသည်နှင့် နှစ်ကာလကြာမြင့်စွာ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးဖြင့် အေးအတူပူအမျှနေထိုင်လာကြသည့် မဟာဗျူဟာမိတ်ဖက်နိုင်ငံများဖြစ်သဖြင့် မြန်မာနိုင်ငံသို့ ယုံယုံကြည်ကြည် ရဲရဲတင်းတင်း လာရောက်ရင်းနှီးမြှုပ်နှံကြရန် နိုင်ငံတော်အကြီးအကဲကဖိတ်ခေါ်ခြင်းပြုသည်။

မိမိတို့နိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် လူဦးရေထူထပ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြားတွင် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့၏ ဆုံစည်းရာဗဟိုချက်ဖြစ်သည်။ ပထဝီနိုင်ငံရေးဆိုင်ရာ အခွင့်အလမ်းများစွာရှိသည့် နိုင်ငံဖြစ်သည်။ နယ်စပ်ဒေသများတည်ငြိမ်အေးချမ်းရေးကို ဦးစွာကြိုးပမ်းဆောင်ရွက်ပြီး နယ်စပ်ကုန်သွယ်ရေးဂိတ်များမှတစ်ဆင့် နိုင်ငံအချင်းချင်း ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်သည်။ သို့ဆိုလျှင် နိုင်ငံ့စီးပွားနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမှာ မလွဲမသွေမြင့်မားတိုးတက်လာမည်မှာ ဧကန်ဖြစ်သည်။

တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၏ စိတ်အားထက်သန်စွာ တုံ့ပြန်ဆွေးနွေးမှုများကလည်း အားတက်ဖွယ်ဖြစ်သည်။ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေခြင်းဆိုသည်မှာ အရှည်သဖြင့် အလွန်ကောင်းမွန်သောမျှခြေတစ်ခုပင်ဖြစ်သည်။ Shangri la ဟိုတယ်၏ အောင်မြင်သော တွေ့ဆုံမှုအပြီးတွင် အချိန်မှာ မွန်းလွဲပိုင်းသို့ပင် ရောက်ရှိခဲ့လေပြီ။ နိုင်ငံတော်အကြီးအကဲ၏ တရုတ်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်မှာ အပိုင်းသုံးပိုင်းစလုံး အောင်မြင်စွာပြီးမြောက်ခဲ့ပြီဖြစ်သည်။

ဗဟုဝင်ရိုးကမ္ဘာ အခင်းအကျင်းသည် မိမိတို့နိုင်ငံအတွက် အခွင့်အလမ်းသစ်များနှင့်အတူ ပေါ်ထွက်လာသည့် အခြေအနေဖြစ်ပြီး မိမိတို့အနေဖြင့် ထိုအခွင့်အလမ်းများကို အမိအရဆုပ်ကိုင်နိုင်ရန် လိုအပ်သည်။ မိမိတို့နိုင်ငံကို မိမိတို့အင်အားဖြင့်သာ အဓိကတည်ဆောက်ကြရခြင်းဖြစ်ပြီး ပြင်ပမှလာသည့် အခွင့်အလမ်းများ၊ အထောက်အကူများဖြင့်လည်း အရှိန်အဟုန်မြင့်မားအောင် မြှင့်တင်ကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးတို့ကို နိုင်ငံသူ၊ နိုင်ငံသား၊ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ရေကိုသား၍ အခြားမထင်သည့်ပမာ ပေါင်းစည်းညီညွတ်သောအင်အားဖြင့် ဗဟုဝင်ရိုးကမ္ဘာအခင်းအကျင်းတွင် ဂုဏ်သိက္ခာမြင့်မားထည်ဝါစွာရပ်တည်နိုင်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သည့် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၆ ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့ရှိ Chengdu Shuangliu အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့်ပြန်လည်ထွက်ခွာရာ မြန်မာစံတော်ချိန် ညနေပိုင်းအချိန်တွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ဆိုက်ရောက်သည်။

လေဆိပ်တွင် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မြန်မာနိုင်ငံသား တရုတ်နွယ်ဖွားပြည်သူများ၊ တရုတ်ရိုးရာ နဂါးနှင့်ခြင်္သေ့အကအဖွဲ့၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် အကအဖွဲ့များ၊ ဘာသာပေါင်းစုံအသင်းအဖွဲ့များ၊ အနုပညာရှင်များနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်နေကြပုံမှာ များစွာ ရွှင်လန်းအားရဖွယ်ဖြစ်သည်။ နှစ်နိုင်ငံအလံငယ်များကို ဝှေ့ယမ်း၍ လည်းကောင်း၊ ခရီးစဉ်အတွင်းလှုပ်ရှားဆောင်ရွက်မှုရုပ်ပုံများကို အမြတ်တနိုးကိုင်ဆောင်၍လည်းကောင်း၊ ကြွေးကြော်သံများကို သံပြိုင်ညီညီဟစ်ကြွေး၍လည်းကောင်း စည်းလုံးညီညွတ်စွာ ကြိုဆိုအားပေးနေကြပုံမှာ အမိနိုင်ငံတော်အတွက် စိတ်ခွန်အားနိုးကြားတက်ကြွဖွယ်လည်းဖြစ်သည်။

အနှစ်ချုပ်၍ဆိုရပါလျှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့သွားရောက်ခဲ့သည့် အလုပ်သဘောခရီးစဉ်အတွင်း နိုင်ငံတော်အကြီးအကဲ၏ အမိနိုင်ငံတော်အတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ချက်များမှာ တို့ပြည်ထောင်နန်း အထက်တန်းခေတ်မီစေရန် တို့ညီအောင်လှမ်း လက်ကမ်းချစ်ကြည်နေသည့် အကျိုးကျေးဇူးများကို ရာနှုန်းပြည့်ဖော်ဆောင်နိုင်ခဲ့သော ခရီးစဉ်တစ်ခုပင်ဖြစ်ပါကြောင်း စာကမွည်းရေးထိုးလိုက်ရပါသည်။ ။










**တိုင်းစစ်ဌာနချုပ်အသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇) သင်တန်းဖွင့်ပွဲများ ကျင်းပစဉ်။**

☆ **ကျောဖုံးမှအဆက်**

သင်တန်းသားများကို လိုက်လံနှုတ်ဆက် အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာ သင်ကြားရန်နှင့် နိုင်ငံတော်၏ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့



စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇)မှ နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"ပြည်သူ့စစ်မှုထမ်းကို လာရောက်တာဝန်ထမ်းဆောင်ရတဲ့ ရည်ရွယ်ချက်ကလဲ ကျွန်တော့်ရဲ့ ဆန္ဒနဲ့ အိမ်ကမိဘ



ဆွေမျိုးတွေရဲ့ ဆန္ဒတွေကြောင့် လာရောက်တာဝန်ထမ်းဆောင်တာဖြစ်ပါတယ်။ ဒီ အပတ်စဉ်(၁၇) ပြည်သူ့စစ်မှုထမ်းကို တာဝန်ကျေကျေနဲ့ပဲ ထမ်းဆောင်သွားပါမယ်။ ထမ်းဆောင်ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ရဲ့ ပြည်သူတွေကို စောင့်ရှောက်ချင်တဲ့ ရည်ရွယ်ချက်လည်း ဖြစ်ပါတယ်။ နှစ်နှစ်တာဝန်ထမ်းဆောင်ရမယ်ဆိုတဲ့ ကာလကို တာဝန်ကျေကျေ လေးလေးနက်နက်နဲ့ ရိုရိုသေသေ



လေးလေးစားစားနဲ့ တာဝန်ထမ်းဆောင်သွားပါမယ်လို့ ပြောချင်ပါတယ်" ဟု ပြောသည်။

"ကျွန်တော် ဒီသင်တန်းတက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ အမျိုးဘာသာ သာသနာ အကုန်လုံးကို တစ်တပ်တစ်အား တစ်ထောင့်တစ်နေရာကနေပြီးတော့ စောင့်ရှောက်ချင်တဲ့ ဆန္ဒဖြစ်ပါတယ်။ မိဘတွေကို ခွင့်တောင်းတဲ့အချိန်မှာ မိဘတွေကလည်း ခွင့်ပြုခဲ့ပါတယ်။ ကျွန်တော့်ဆန္ဒသဘောလဲ ပါပါတယ်။ နှစ်နှစ်တာဝန် ထမ်းဆောင်ပြီးရင် တပ်မတော်က ကျွန်တော့်ကို ထပ်ပြီးလိုအပ်နေမယ်ဆိုရင်တော့ ကျွန်တော် ဆက်ပြီးတာဝန် ထမ်းဆောင်ဖို့ရှိပါတယ်"ဟု ပြောသည်။

"ကိုယ့်သဘောကိုယ့်ဆန္ဒနဲ့ လာတက်တာပါ အိမ်ကမိဘတွေလဲ အကုန်လုံး ခွင့်ပြုပါတယ်။ တက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်က မြန်မာနိုင်ငံသား တစ်ယောက်ဖြစ်ပါတယ်။ မြန်မာနိုင်ငံတော် အေးချမ်းသာယာဖို့အတွက် တစ်ထောင့်တစ်နေရာကနေ အထောက်အကူလေး ဖြစ်စေချင်လို့ပါ"ဟု ပြောသည်။ (မြဝ၁)

❍ **ကြိုတင်ဆန္ဒမဲပေးခြင်းမှ**

၃။ သက်ဆိုင်ရာ ကျောင်း၊ သင်တန်း၊ အချုပ်ခန်း၊ ဆေးရုံအကြီးအမှူးများသည် အပိုဒ် ၂(ဃ)ပါ ကြိုတင်ဆန္ဒမဲပေးမည့်နေ့ရက်ကို မိမိတို့ဌာနတည်ရှိရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ အနည်းဆုံး သုံးရက် ကြိုတင်အကြောင်းကြား၍ ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်သည်။

၄။ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကျဉ်းဦးစီးဌာနအောက်ရှိ ရဲအချုပ်စခန်း၊ အကျဉ်းထောင်၊ အချုပ်ထောင်များ၊ ဆေးရုံများတွင် (၂၉ - ၁၀ - ၂၀၂၅) ရက်နေ့ နောက်ပိုင်းမှ အကြောင်းအမျိုးမျိုးကြောင့် အချုပ်ခံနေရသူများနှင့် ဆေးရုံတက်ရောက်ကုသရသူများရှိပါက သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်သည်။

၅။ ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ -

(က) မဲစာရင်းပါရှိရာ သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများအနေဖြင့် ပုံစံ (၁၅)များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website မှလည်းကောင်း၊ မိမိတို့ရောက်ရှိရာဒေသရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှလည်းကောင်း ရယူ၍ ဖြည့်စွက်ပြီး (၁၂ - ၁၀ - ၂၀၂၅)ရက်အရောက် ယင်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲထံ ပြန်လည်ပေးပို့ရန်၊

(ခ) အဆိုပါ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံ (၁၅)များကို မြို့နယ်အလိုက် ပြုစုထားသည့် မှတ်ပုံတင်စာရင်း ပုံစံ (၁၅-ဂ)နှင့်အတူ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများထံသို့ (၂၉-၁၀-၂၀၂၅)ရက်နေ့အရောက်ပေးပို့ရန်၊

(ဂ) မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို မြို့နယ်အလိုက်ပြုစုထားသည့် မြို့နယ်ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများစာရင်း ပုံစံ[ ၁၅( ဂ-၁ ) ] နှင့်အတူ ပုံစံ(၁၅) ပေးပို့လာသည့် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ (၂၄ - ၁၁ - ၂၀၂၅)ရက်နေ့အရောက်ပေးပို့ရန်၊

(ဃ) ယာယီနေရပ်စွန့်ခွာနေရသူများ ရောက်ရှိနေသည့် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် (၂၅ - ၁၁ - ၂၀၂၅)ရက်မှ (၂၉ - ၁၁ - ၂၀၂၅)ရက်အတွင်း သင့်လျော်သည့်နေ့ရက်၊ သင့်လျော်သည့်နေရာ၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊

(င) ဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်များကို ကြိုတင်ဆန္ဒမဲပေးသူများ လက်မှတ်ရေးထိုးထားသည့် ပုံစံ [ ၁၅ ( ဂ-၁ ) ]၊ အသုံးမပြုဘဲ ကျန်ရှိနေသော ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များနှင့်အတူ မဲစာရင်းပါရှိသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ (၂၆ - ၁၂ - ၂၀၂၅)ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

(စ) မဲစာရင်းပါရှိသည့် မြို့နယ်မှ ယာယီနေရပ်စွန့်ခွာနေရသူများသည် ပုံစံ(၁၅)ဖြင့် မဲစာရင်းပါရှိသည့် မဲဆန္ဒနယ်အတွက် ကြိုတင်မဲမပေးလိုပါက လက်ရှိရောက်ရှိနေသော မြို့နယ်တွင် မဲစာရင်းပါရှိစေရေး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၀ ပါ သတ်မှတ်ချက်များနှင့်အညီ ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ (၂၇-၁၀-၂၀၂၅ ရက်နေ့နောက်ဆုံးထား၍) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ (၃ - က) ဖြင့် လျှောက်ထားရန်။


၆။ သို့ဖြစ်ပါ၍ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပတွင် ရောက်ရှိနေသော ကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံများရှိ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ယာယီနေရပ်စွန့်ခွာနေရသူများ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အတွက် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများနှင့် သက်ဆိုင်ရာအကြီးအမှူးများက ပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း မေတ္တာရပ်ခံအသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၅**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Unitrust Enterprise Group of Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် AIQAR ICAR 03 နှင့် AIQAR eQ7 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Htet Wai Yan Hein Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Volk-swagen အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဌာနချုပ်ရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၅**

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကိုထိုက် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတစ်ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ အချက်အလက်များနှင့် မဲပေးစက်အသုံးပြုခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ၊ မဲပေးခြင်းဆိုင်ရာ ရည်ရွယ်ချက်များ၊ အသုံးပြုပုံနည်းစနစ်များနှင့်ပက်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)တွင် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးကြပြီး သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၇၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ကျိုင်းတောင်းမြို့နယ် နောင်ခမ်းကျေးရွာရှိ ဒေသခံတိုင်းရင်းသား ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျိုင်းတောင်းမြို့နယ် နောင်ခမ်းကျေးရွာရှိဒေသခံတိုင်းရင်းသားပြည်သူများကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသားပြည်သူ ၁၉၈ ဦးတို့ကို သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "pyaephyopaing62" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကျောက်ကြီးစုရပ်ကွက်နေ ပြည့်ဖြိုးပိုင်အား ည ၈ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ "Chit Chit Chaw" Face-book အကောင့်ပိုင်ရှင်ဖြစ်သူ ဒိုက်ဦးမြို့နယ် ဖအောင်ဝဲရပ်ကွက်နေ ချစ်ချစ်ချောအား ည ၉ နာရီ ၁၅ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# စက်တင်ဘာ ၇ ရက်မှ ၁၄ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**နေပြည်တော် စက်တင်ဘာ ၁၅**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကိုစဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၇ ရက် ည ၈ နာရီမှ စက်တင်ဘာ ၁၄ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၆၂၁ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့် အထက်)၊ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလသုံးလနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်- ၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်- ၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ကျိုက်မရောမြို့နယ် ကော့ပနော‌ကျေးရွာအနီး အရပ်သားပြည်သူနဲ့ ခရီးသွားပြည်သူများ ကြောက်ရွံ့ထိတ်လန့်ထိခိုက်စေရန် KNU၊ PDF အကြမ်းဖက်သမားများက Drop Bomb ချတိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့တဲ့ ပြည်သူ ၁၁ ဦး"** ခေါင်းစဉ်ဖြင့် ၁၇-၉-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"လူ့အခွင့်အရေးအတွက် ဒီမိုကရေစီအတွက်လုပ်နေပါတယ်ဆိုသော အကြမ်းဖက် PDF များ အင်အားနည်းလာပြီဖြစ်သောကြောင့် အသက်မပြည့်သေးသော စာသင်အရွယ်ကလေးငယ်များကိုခြိမ်းခြောက်၍ အတင်းအဓမ္မလူသစ်စုနေ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား နှစ်ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၅**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား တစ်ဦးနှင့် အိန္ဒိယနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား နှစ်ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီး ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ စက်တင်ဘာ ၁၅ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၈၇ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၀၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၈၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို အမြန်ဆုံး စစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)




မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား နှစ်ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

# အွန်လိုင်းမှတစ်ဆင့် တရားမဝင် ထီနှင့်ကုန်ပစ္စည်းများရောင်းဝယ်၍ အကြမ်းဖက်အဖွဲ့များကို ထောက်ပံ့ပေးလျက်ရှိသော DCS(သစ္စာမဲ့ဝန်ထမ်း) ခိုင်စုလွင်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသူများကို ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၅**

နိုင်ငံတော်အစိုးရက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ဝိသမလောဘသားများအနေဖြင့် အကြမ်းဖက်အားပေး ပြည်ပြေးများနှင့်ပူးပေါင်းကာ အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်ခြင်း၊ တရားမဝင်ထီနှင့် တရားမဝင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းတို့ပြုလုပ်၍ အကြမ်းဖက်သမားများကို ထောက်ပံ့ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည့်အတွက် လုံခြုံရေးအဖွဲ့အစည်းများက ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့သည်။





ထိုသို့ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ၁၁၂ လမ်းနှင့် ၅၄-၅၅ လမ်းကြား ထွန်တုံးရပ်ကွက်နေ စံထိုက်သီအထည်ချုပ်လုပ်ငန်း လုပ်ကိုင်နေကြသူ ပညာရေးဝန်ကြီးဌာနမှ DCS (သစ္စာမဲ့ဝန်ထမ်း) သီတာဇော်(ဘ) ဦးဇော်စိုး ၃၁ နှစ်နှင့် ဖြိုးမင်းစိုး (ဘ) ဦးဇော်စိုး ၃၅ နှစ်တို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အမှတ် (၅/၅၈) ကရုဏာ (၅)လမ်း ကြူစမ်းရွာသစ် ပြန်လည်နေရာချထားရေး ရပ်ကွက်နေ သန်းဇော်မိုး (ဘ) ဦးစိန်ရွှေ ၄၂ နှစ်ကိုလည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိတရားခံများအား စိစစ်ဖော်ထုတ်ချက်များအရ ၎င်းတို့သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် ဆူပူအုံကြွမှုဖြစ်ပေါ်စေရန် Social Media များမှတစ်ဆင့် Post တင်ရေးသားခဲ့ခြင်း၊ နိုင်ငံ့ဝန်ထမ်းများကို DCS လှုပ်ရှားမှုတွင်ပါဝင်ရန် လှုံ့ဆော်ခြင်း၊ မိမိကိုယ်တိုင် DCS ပြုလုပ်ခဲ့ခြင်းတို့ကြောင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်ခံခဲ့ရပြီး ပြည်ပသို့ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် ပညာရေးဝန်ကြီးဌာနမှ DCS(သစ္စာမဲ့ဝန်ထမ်း) ခိုင်စုလွင်ထံသို့ အဝတ်အထည် အမျိုးမျိုးချုပ်လုပ်၍ တရားမဝင် ပို့ဆောင်ပေးခဲ့သည့်အပြင် ခိုင်စုလွင်အွန်လိုင်းမှ တရားမဝင် ရောင်းချလျက်ရှိသည့် ထိုင်းထီများဝယ်ယူခဲ့ကြောင်း၊ ပြည်ပတွင်နေထိုင်သော ခိုင်စုလွင်က အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ငွေကြေးထောက်ပံ့နိုင်ရန် ၎င်းတို့၏ Mobile Payments များအား အခကြေးငွေရယူ၍ အသုံးပြုခွင့်ပေးခဲ့ကြောင်း၊ ရောင်းချရသည့်ငွေများကို ၎င်းတို့အမည်ဖြင့် ဖွင့်လှစ်ထားသော Mobile Payments များမှတစ်ဆင့် ငွေကြေးများလွှဲပြောင်းပေးအပ်နိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း တွေ့ရှိရသည်။

DCS(သစ္စာမဲ့ဝန်ထမ်း) ခိုင်စုလွင်သည် Khaing Su Lwin Facebook Account နှင့် khaingsu38cdm TikTok Account တို့ကို ၂၀၂၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး မြန်မာဝတ်စုံများ၊ ရှမ်းဝတ်စုံများနှင့် ညဝတ်အင်္ကျီများကို အွန်လိုင်းစနစ်ဖြင့် လိုင်စင်မရှိဘဲ ရောင်းချခြင်းလုပ်ငန်းကို DCS (သစ္စာမဲ့ဝန်ထမ်း) သီတာဇော်ထံမှ ချိတ်ဆက်ရယူလုပ်ကိုင်ခဲ့ခြင်းနှင့် တရားမဝင် ထိုင်းထီရောင်းချခြင်းတို့မှ ရရှိလာသောငွေကြေးများကို ကိုယ်ကျိုးအတွက် သုံးစွဲခြင်း၊ အကြမ်းဖက်အဖွဲ့အစည်းများသို့ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိသူဖြစ်ကြောင်း တွေ့ရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းများအား ဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် လိုအပ်သည့် အမိန့်များ ထုတ်ပြန်ပေးလျက်ရှိရာ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း လုပ်ငန်းကိုလည်း အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် အမိန့်ထုတ်ပြန်သတ်မှတ်ခဲ့ပြီးဖြစ်သည်။ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများကို ညွှန်ကြားချက်နှင့်အညီ ရောင်းချခွင့်မှတ်ပုံတင် လက်မှတ်မရှိဘဲ ပြည်တွင်း၊ ပြည်ပမှ တရားမဝင် ရောင်းချခြင်းကြောင့် နိုင်ငံတော်၏ အခွန်ဘဏ္ဍာများ ဆုံးရှုံးစေလျက်ရှိကြောင်း၊ သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများဖြစ်သော DCS ဝန်ထမ်း သီတာဇော်၊ ဖြိုးမင်းစိုးနှင့် ငွေကြေးလွှဲပြောင်းရာတွင် ပါဝင်ကူညီခဲ့သည့် သန်းဇော်မိုးတို့ကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။


အလားတူ NUG၊ PDF အကြမ်းဖက်အဖွဲ့အစည်းများအား ထောက်ပံ့မှုပြုလုပ်နိုင်ရန် လူမှုကွန်ရက်များပေါ်၌ တရားမဝင်ဈေးရောင်းချခြင်းနှင့် ချိတ်ဆက်ခြင်း၊ ရောင်းချသည့်ပစ္စည်းများကို ဝယ်ယူခြင်း၊ တစ်ဆင့်ခံ ပြန်လည်ရောင်းချခြင်း၊ ငွေကြေးလွှဲပြောင်းမှုများ ပြုလုပ်နိုင်ရန် အကူအညီပေးခြင်းနှင့် ထိုသို့ဆောင်ရွက်နိုင်ရန် နည်းလမ်းတစ်ခုခုဖြင့် ကူညီဆောင်ရွက်နေသူများကိုလည်း အကြမ်းဖက်ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရေး စိစစ်ဖော်ထုတ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း NUG၊ PDF အကြမ်းဖက်အဖွဲ့များအနေဖြင့် ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အချို့သော အကြမ်းဖက်အားပေးအဖွဲ့များနှင့် ပြည်ပြေးများအနေဖြင့် ဥပဒေမဲ့စီးပွားရေးလုပ်ငန်းများက ဝင်ငွေရှာဖွေ၍ အကြမ်းဖက်အဖွဲ့များ သက်ဆိုးရှည်စေရေးအတွက် ထောက်ပံ့ပေးလျက်ရှိသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ၎င်းတို့နှင့်ချိတ်ဆက်ခြင်း၊ ကုန်ပစ္စည်းများဝယ်ယူခြင်း၊ တစ်ဆင့်ခံပြန်လည်ရောင်းချခြင်းနှင့် ထိုသို့ဆောင်ရွက်နိုင်ရန် နည်းလမ်းတစ်ခုခုဖြင့် အားပေးကူညီနေသူများသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူခံရနိုင်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း အကြမ်းဖက်အဖွဲ့အစည်းများကို အားပေးကူညီရန် ရည်ရွယ်၍ တရားမဝင်အွန်လိုင်းစနစ်ဖြင့် ရောင်းချနေသူများနှင့် ဝယ်ယူသူများကို သိရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများကို ထောက်ပံ့မှုပြုလုပ်နိုင်ရန်အတွက် လူမှုကွန်ရက်အား အသုံးပြု၍ တရားမဝင်ဈေးရောင်းချလျက်ရှိသည့် လူမှုကွန်ရက်အကောင့်များနှင့် နည်းလမ်းတစ်ခုခုဖြင့် ကူညီဆောင်ရွက်နေသူများကို ဆက်လက်ဖော်ထုတ်၍ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

ဝတ္ထုတိုကလျာ

# ဘုံဆိုင်ထဲက နာရီ

ညိမ်းညို



( ၁ )

ပင့်ကူတောင်နောက်ကျောဘက် နေလုံးကြီး တလိမ့်ခေါက်ကွေး ပြုတ်ကျသွားပြီဆိုတာနဲ့ အမှောင်ထုက ဒယိမ်းဒယိုင် ဝင်လာခဲ့ပြီ။ သစ်စိမ်း ရနံ့နဲ့ သားစပ်ထားတဲ့ တောင်ပေါ်လေညင်းကလဲ အလည်လွန်ထားတဲ့ကလေးတစ်ယောက်လို အိမ်ကြို အိမ်ကြားကနေ ဒရောသောပါး ပြေးထွက်လာပြီ။ ဒီအချိန်ဆိုရင် မြို့ကလေးဟာ မှောင်လဲမှောင်၊ အေးလဲအေးပြီ ဆိုပါတော့။

တိုးကြီးက ခပ်ကြမ်းကြမ်းလွှာကျနေတဲ့ ဆံပင်ရှည်တွေကို လက်နောက်ပြန်လှန်ပြီး သားရေကွင်းနဲ့ စည်းနှောင်လိုက်တယ်။ ပုံမှန်နေ့တွေဆိုရင်တော့ စည်းနှောင်လေ့မရှိဘဲ ဆံပင်ရှည်တွေကို ဒီအတိုင်း ဖားလျားချထားလိုက်တာပါပဲ။ ဒီနေ့တော့ လေကလေးတချွန်ချွန်နဲ့ တက်ကြွနေတယ်။ အူမြူးနေတဲ့ တိုးကြီးဟာ ကြွက်လျှောက်တန်းက လေးလက်မ သံချောင်းမှာ ချိတ်ထားတဲ့ ဂျင်းအကျႌကို အသာအယာ ယူဝတ်လိုက်တယ်။ သူ အိမ်လေးထဲကထွက်လာတော့ အနောက်ဘက်မှာ မီးခိုးနံ့သင်းသင်းက ပျံ့လွင့်ပြီး ကျန်နေခဲ့တယ်။ တိုးကြီးရဲ့ အိမ်ပြန်ချိန်တွေကို စောင့်ဆိုင်းဖို့ အမေဟာ ထင်းမီးဖိုလေးကို အဖော်ပြုရပါလိမ့်အုံးမယ်။

"ငါ့သား၊ ညဥ့်မနက်စေနဲ့နော်"

အမေ့အသံက ခနော်နီခနော်နဲ့ သစ်သားတံခါးလေးရောက်တဲ့ထိ ကပ်ပြီးပါလာလျက်သား။ အမေက နေ့စဉ်နေ့တိုင်း ဝတ္တရားမပျက်မှာတတ်သလို တိုးကြီးကလဲ ခေါင်းမညိတ်၊ ခေါင်းမခါ နံရံကို ထိမှန်ပြီး ချက်ချင်းပြန်ကန်ထွက်လာတဲ့ ဘောလုံးတစ်လုံးလို ဟုတ်ကဲ့ဆိုတာကို အတုံ့အဆိုင်းမရှိဖြေလေ့ရှိတယ်။

ပြီးရင်တော့ အမှောင်တွေပိကျနေတဲ့ လမ်းမီးတိုင် မှိန်မှိန်လေးအောက်ကနေ အိပ်မက်တွေကို ဒယဥ့်တိုက်ဆွဲပြီး လေးကန်တဲ့ခြေလှမ်းတွေနဲ့ ပြန်လာမြဲပဲလေ။

( ၂ )

တိုးကြီး တောင်ခြေကဆိုင်ကိုရောက်ပြီး သိပ်မကြာဘူး။ ငြိမ်းချမ်းမောင်နဲ့ သန်းဇော်တို့ ဆိုင်ကယ်တစ်စီးစီနဲ့ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြတယ်။ ငြိမ်းချမ်းမောင်ရော သန်းဇော်ပါ မန္တလေးမှာ ဂရပ်ဖစ်ဒီဇိုင်နာအဖြစ်နဲ့ အထိုက်အလျောက်အောင်မြင်နေကြပြီ။ ဆိုင်ခန်းလေးပါဖွင့်ပြီး ကိုယ့်လက်ကိုယ့်ခြေ လုပ်နေနိုင်ပြီပြောတယ်။ မိဘတွေရဲ့ အလှူပွဲတစ်ခုအတွက် မြို့ကလေးကို ပြန်လာကြရင်းက သူတို့ဆရာ တိုးကြီးကို ပြုစုချင်လို့ ဒီဆိုင်လေးကို ချိန်းဆိုလိုက်ကြတယ်။ တောင်ခြေကဆိုင်ဆိုတာ တစ်ချိန်တုန်းက သူတို့တွေရဲ့ မရိုးနိုင်တဲ့ ဆုံမှတ်တစ်ခုပေါ့။ အခုတော့ တိုးကြီးတစ်ယောက်ထဲသာ ဒိုင်ခံဖောက်သည်ဖြစ်နေလေရဲ့။ ဒါလဲ သိပ်တော့ ကိစ္စမရှိပါဘူး။ နောက်ထပ် ငြိမ်းချမ်းမောင်တို့၊ သန်းဇော်တို့လို လူငယ်လေးတွေ တိုးကြီးအနားကို ရောက်လာကြအုံးမှာပဲ။ သူတို့ရဲ့ အိပ်မက်ကိုယ်စီမှာ တိုးကြီးဆီက စကားလုံးခွန်အားတွေနဲ့ ရှက်တပ်ပြီး လွင့်ကြအုံးမှာပဲ။

"လာ ထိုင်ကြကွာ"

ကြိုရောက်နှင့်နေတဲ့ တိုးကြီးက ခရီးဦးကြိုတယ်။ ငြိမ်းချမ်းမောင်နဲ့ သန်းဇော် တိုးကြီးစားပွဲမှာ ဝင်ထိုင်တော့ မှာထားတဲ့ အဖြူတစ်ပိုင်းက တစ်ဝက်ကျိုးနေပြီ။ ဒေသအခေါ် လီရှောမီးတောက်ပေ့ါ။ တိုးကြီးကတော့ ဣန္ဒြေမပျက်ပါပဲ။ ဘယ့်နှယ်မှတောင် နေသေးပုံမပေါ်ဘူး။

"ကိုတိုးကြီး၊ ဂရမ်းလေး ဘာလေး မှာလေဗျာ"

"ရတယ် ညီလေး။ အစ်ကိုက ရှောလေးနဲ့မှ အာသီသပြေတာ"

သန်းဇော်က အမြည်းသွားမှာတယ်။ ဒီဆိုင်လေးမှာ ကောင်တာရယ်ဘာရယ်တော့ သတ်သတ်မှတ်မှတ် မရှိပါဘူး။ လေးပေခြောက်ပေ သစ်သားစားပွဲရှည်ကြီးပေါ်မှာ အရက်ဖြူပုလင်းတွေစီပြီး ထောင်ထားတာပဲ။ အဓိကအားပြုရောင်းတာကတော့ ရှောလို့ခေါ်နေကြတဲ့ ပြောင်းနဲ့ချက်တဲ့ ဒေသရိုးရာ အရက်တစ်မျိုးပေ့ါ။ ဘီအီးတို့၊ ဂရမ်းတို့၊ မန္တလေးရမ်တို့လို အခြားတံဆိပ်နဲ့ အရက်တွေကတော့ အဖြစ်သဘောလောက်ရိုက်ထားတဲ့ နံရံပေါ်က သစ်သားအကန့်လေးထဲမှာ ဖြိုးတိုးဖြောက်တောက် ထည့်ထားလေ့ရှိတယ်။ ဒါကလဲ ကြွက်လျှောက် ကြောင်ပြေးလောက်ပါ။ အများစုက ကိုယ့်ဒေသ အရက်နဲ့သာ ပြီးကြတာလေ။

တဖြည်းဖြည်း အမှောင်ရိပ်သန်းလာတာနဲ့အမျှ လူတွေ တဖွဲဖွဲထပ်ကျလာတယ်။ အားလုံးက လာနေကျဖောက်သည်တွေ များပါတယ်။ သူစိမ်းလာခဲလှပါတယ်။ ယောင်မှားပြီး လာဖူးသွားပြီဆိုရင်လဲ အမြဲတမ်းဖောက်သည်ဖြစ်သွားလေ့ရှိတယ်။ အရက်ဖြူဆိုင်တွေ အများကြီးရှိပါလျက်နဲ့ ဒီဆိုင်ကလေးက ဘာနဲ့ဆွဲဆောင်တာပါလိမ့်လို့ တောင် ပြောဖို့ခက်တယ်။ ပုံမှန်အားဖြင့်တော့ သူလိုငါလိုပါပဲ။

အဲ… ထူးခြားတာဆိုလို့ အရက်ဆိုင်ဆိုတဲ့အင်္ဂါရပ်နဲ့ လိုက်ဖက်မညီလှစွာ ဆိတ်ငြိမ်တိုးတိတ်နေတတ်တာ တစ်ခုတော့ရှိတယ်။ ဒီဆိုင်လေးကိုလာတဲ့ သူတွေက အရက်ကို နှစ်ခြိုက်လွန်းလို့ သူ့အရသာလေးသက်သက်ကို လာခံစားကြတဲ့ စားသုံးသူစစ်စစ်တွေကိုး။ ပျော်စရာရှိလို့ လာပြီးအောင်ပွဲခံကြတာ မဟုတ်သလို စိတ်ညစ်လို့ လာပြီးပေါက်ကွဲကြတာလဲ မဟုတ်ပြန်ဘူး။

ဒီတော့ အော်ကြီးဟစ်ကျယ် ရန်ပွဲဆိုတာ ဒီဆိုင်လေးရဲ့ရာဇဝင်မှာ ဘယ်တုန်းကမှမရှိခဲ့ဖူးဘူး။ ဆိုင်လေးက တစ်နေကုန်တစ်နေခန်း ဖွင့်တာတော့လဲ မဟုတ်ပြန်ဘူး။ ညနေ ၅ နာရီမှာ စဖွင့်တယ်။ ည ၉ နာရီဆိုရင် ဆိုင်ပိတ်ပြီ။ ဘယ်လောက်လူကျကျ၊ ဘယ်လောက်ရောင်းကောင်းကောင်း သူ့ဆိုင်ဖွင့်ချိန်က ဒီလေးနာရီအတွင်းပဲ။ ဆိုင်ရှင် ဦးပေါက်စီက ပြောဖူးတယ်။

"အရက်သမားဆိုတာကတော့ တစ်နေကုန်ဖွင့်ရင် တစ်နေကုန်လာသောက်မှာပဲကွ။ ဒါပေမဲ့ ငါမဖွင့်ဘူး။ အလုပ်ချိန်မှာ အလုပ်လုပ်ကြပါစေအုံး။ မိသားစုနဲ့ နေကြပါစေအုံး။ ဒီတော့ အလုပ်ပြီးလို့ နားရမဲ့ အချိန်ကျမှပဲ ဆိုင်ဖွင့်ပေးတယ်"

"ဒါဆို တခြားဆိုင်တွေနဲ့ ယှဉ်လိုက်ရင် ဦးပေါက် ရောင်းအားကျသွားမှာပေ့ါ"

ဒီတော့ ဦးပေါက်စီက သူ့ဒဿနနဲ့ သူ့ခံယူချက်ကို ကြွေးကြော်တယ်။

"မကျဘူးကွ။ ငါ့ဆိုင်မှာက အရက်ကို တကယ်ကြိုက်လို့ အပန်းဖြေတဲ့အနေနဲ့ လာသောက်တဲ့သူများတယ်။ အလုပ်အကိုင်လဲ မပျက်ဆိုတော့ ဝင်ငွေပုံမှန်ရှိကြတယ်လေကွာ။ အကြွေးကျတာတွေ၊ စကားများတာတွေလဲ ရှုပ်ရှုပ်ယှက်ယှက် မဖြစ်တော့ဘူးပေ့ါ။ ဒီနေ့သောက် ဒီနေ့ရှင်း။ အားလုံးလက်ငင်းပဲ။ ဒီနေ့အရက်ဖြတ်နိုင်ရင် ဒီနေ့ ငါ့ဆိုင်နဲ့ လမ်းခွဲလိုက်ရုံပဲ။ နောက်ဆက်တွဲ ပြဿနာ ဘာမှမကျန်တော့ဘူး။ ကောင်းရော"

သန်းဇော်က နှမ်းဖတ်ချဥ်သုပ်နဲ့ ဝက်အူမကြီးသုပ် နှစ်ပွဲယူလာတယ်။ ရောင်စုံပလတ်စတစ် ပန်းကန်ပြားအဝိုင်းလေးတွေနဲ့ မနည်းလွန်းမများလွန်း အနေတော်ပမာဏပဲ။ ဒီဆိုင်လေးမှာက ထွေလီကာလီ အမြည်းတွေမှာချင်လို့ မရဘူး။ ဦးပေါက်စီဆွဲထားတဲ့ အမြည်းမီနူးက တိုးကြီးတို့ ခပ်ငယ်ငယ် ဟိုးအချိန်အခါကလဲ ဒါပဲ။ အခုလက်ရှိလဲ ဒါပဲ။ ပဲကတ္တီပါသုပ်ရမယ်။ နှမ်းဖတ်ချဥ်သုပ်ရမယ်။ လက်ဖက်သုပ်ရမယ်။ ဝက်နားရွက်သုပ်ရမယ်။ ဝက်အူမကြီးသုပ်ရမယ်။ ဟင်းနုနယ်ရွက်သုပ်၊ မြင်းခွာရွက်သုပ်၊ ပဲစောင်းလျားသီးသုပ်၊ ဆလတ်ရွက်သုပ်လို ရာသီအလိုက်ပေါ်တဲ့ အသီးအရွက်သုပ်တွေရမယ်။ ငါးကလေးကြော်ရမယ်။ ကြက်ဥမွှေကြော်ရမယ်။ မြေပဲဆားလှော်ရမယ်။ ဒါအကုန်ပဲ။ ဟင်းရည်သောက်ကိုတော့ ဆိုင်ရောက်လို့ အရက်တစ်မျိုးမျိုး မှာလိုက်တာနဲ့ ဝိုင်းကထမပြန်မချင်း ကြွေပန်းကန်ကြီးနဲ့ ကုန်သွားသလောက် လာလာဖြည့်ပေးလိမ့်မယ်။ အရည်သောက်ကိုတော့ တစ်နေ့နဲ့တစ်နေ့ မထပ်အောင် စီမံပေးလေ့ရှိတယ်။ တချို့နေ့မှာ ကြက်ရိုးနဲ့ ခွေးတောက်ရွက်၊ တချို့နေ့ကျ ဝက်ရိုးနဲ့မုန်ညင်းဖြူ၊ တစ်ခါတစ်ခါ ငါးခေါင်းချဥ်ရည်။

အမြည်းနဲ့ပတ်သက်လို့လဲ ဦးပေါက်စီမှာကိုယ်ပိုင်ယူဆချက်ရှိတယ်။

"အရက်ဆိုတာ ဘယ်လောက်ကောင်းတဲ့တံဆိပ်ဖြစ်ဖြစ် ကြာလာရင် လူရဲ့ အတွင်းကလီစာတွေကို ထိခိုက်မှာပဲကွ။ ဒီတော့ အသောက်သမားက အမြည်းကောင်းကောင်းနဲ့ ခုပေးထားနိုင်ဖို့လိုတယ်။ အရက်က မကောင်းရတဲ့အထဲ တွေ့ကရာအမြည်းနဲ့ နှစ်ပါးသွားနေရင် အဲဒီအသောက်သမား လုံးပါးပါးမှာပဲ။ ဆိုပါတော့ကွာ အာဟာရဓာတ်ပါတဲ့ အမြည်းလဲဖြစ်ရမယ်၊ ကိုယ့်ဆိုင်ကိုလာတဲ့ လူတန်းစားရဲ့ဝင်ငွေနဲ့ အလှမ်းမီတဲ့ ဈေးနှုန်းလဲဖြစ်ရမယ်။ ဒါမှ ယထာဘူတကျတော့မှာပေ့ါ"

"အသောက်သမား သူ့ဘာသာသူ လုံးပါးပါးတော့လဲ ဦးပေါက်က အနေသာကြီးကို"လို့ တစ်ယောက်ယောက်က ထပြောရင် ဦးပေါက်စီက မင်းနယ် ဒုံးဝေးရန်ကောဆိုတဲ့ အကြည့်နဲ့ပြန်ကြည့်လေ့ရှိတယ်။ ပြီးတော့ ပြောသေးတယ်။

"ဟကောင်ရ၊ အသောက်သမားနဲ့ ဆိုင်ရှင်ဆိုတာ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီပဲ။ တစ်နည်းပြောရရင် စီးပွားရေးမိတ်ဖက်တွေ။ သူတို့အကျိုးကြည့်မှ ငါ့အကျိုးလဲ ရေရှည်ပြည့်တော့မှာပေ့ါ"

ဦးပေါက်စီက နည်းနည်းတော့ ကြေးများတယ်။ သူ့ဆိုင်မှာ ကိုယ့်ပိုက်ဆံနဲ့ကိုယ် သောက်တာပဲဆိုပြီး နင်းကန်စွတ်သောက်လို့ မရဘူး။ ဆိုင်ကိုလာတဲ့ ဖောက်သည်အလိုက် သတ်မှတ်ပေးထားတဲ့ သူ့ရဲ့ ကိုယ်ပိုင်လစ်မစ်တွေရှိတယ်။ ဒါကလဲ နေ့စဉ်လာရောက်မှီဝဲနေတဲ့ ဖောက်သည်တွေအပေါ် မြေပြင်စစ်ဆေးတွေ့ရှိချက်တွေအရ သူ့အတိုင်းအထွာနဲ့သူ အခြေခံပြီး သတ်မှတ်ပေးထားတာဆိုတော့ ဘယ်သူကမှလဲ စောဒကတက်မနေပါဘူး။ ဦးပေါက်စီက "တော်ပြီ၊ မင်းတစ်ပိုင်းပဲ"ဆိုရင်လဲ တစ်ပိုင်းပဲပေ့ါ။ တစ်စိတ်နဲ့ရပ်လိုက်တော့ဆိုရင်လဲ တစ်စိတ်နဲ့ ရပ်လိုက်ကြတာပါပဲ။ သေချာတာကတော့ ည ၉ နာရီ ထိုးလို့ ဆိုင်ခါလိုက်ရင် သူ့ဆိုင်ထဲကနေ လေးဖက်ထောက်ပြီး ပြန်သွားရတဲ့သူ တစ်ကြိမ်တစ်ခါမှ မရှိခဲ့ဖူးတာပဲ။

တစ်ခါတစ်ခါတော့ တိုးကြီးလိုလူကတောင် တွေးမိတာရှိတယ်။ လူတစ်ယောက်ချင်းစီရဲ့ အမူးဒီဂရီကို ဦးပေါက်စီ ဘယ်လိုများ ဖတ်သလဲပေ့ါ။

"ကိုတိုးကြီး လုပ်ပါဗျ။ ကိုတိုးကြီး ဆွေးနွေးခဲ့သလိုပဲ။ အခုဆိုရင် ကျွန်တော်တို့ရဲ့အနာဂတ်ကို ကျွန်တော်တို့ကိုယ်တိုင် ကိုယ်ပိုင်ဒီဇိုင်းတွေ ဆွဲနေကြပြီ"

"ဟုတ်တယ် ကိုတိုးကြီး၊ ဆွဲတာမှ သုံးဖက်မြင်ရှုထောင့် သရီးဒီနဲ့ကို ဆွဲထားတာ။ ကိုတိုးကြီး ကျေးဇူးတွေ ကြီးပါတယ်ဗျာ။ နို့မဟုတ်ရင် ကျွန်တော်တို့ ဒီမြို့လေးထဲမှာပဲ ပိတ်လှောင်နေမိမှာ။ ကိုတိုးကြီး အလင်းဖွင့်ပေးလိုက်လို့ ကျွန်တော်တို့ကောင်းကင်က ပိုကျယ်သွားတာ"

ဆက်လက်ဖော်ပြပါမည်။

# ဗန်းမောက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၃၃၅ ဧက စိုက်ပျိုးမည်


ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၃၃၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဗန်းမောက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၁၃၃၅ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှစတင် စိုက်ပျိုးမည်ဖြစ်ကြောင်း၊ ယခုလက်ရှိ နေကြာသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ ဗန်းမောက်မြို့နယ်မှာ နေကြာဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ပြည်ပမှ တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ နှမ်းတွေထက် များတယ်။ နေကြာကို ဆောင်းမှာပဲ စိုက်ကြတာ များပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ဗန်းမောက်မြို့နယ်တွင် နေကြာ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြခဲ့သည်။

(၂၀၆)

## ကာကွယ်ကြပါ အိုဇုန်းလွှာ

- တို့ကမ္ဘာမြေ ဘေးမသန်း
အေးချမ်းဖို့ လိုအပ်ပေ၊
အိုဇုန်းလွှာ မပေါက်ပြဲဖို့
စောင့်ရှောက်ကြစေ၊
စိုက်ပျိုးကြ သစ်ပင်တွေ
လျှော့ချသုံးစေ လောင်စာများ၊
ခရမ်းလွန်ရောင်ခြည် မကျရောက်အောင်
စောင့်ရှောက်စို့လား။

- မော်တော်ယာဉ် စက်ရုံများမှ
မီးခိုးငွေ့အား ကာကွယ်ပါ၊
လျှော့ချသုံးကာ အားမကြီးဖို့
တားဆီးလို့သာ၊
ဂေဟစနစ်အား ထိန်းသိမ်းကာ
ရုပ်ကြွင်းလောင်စာ ဆင်ခြင်သုံး၊
စိုက်ပျိုးကြပါ သစ်တောများကို
ခုတ်ထစ်မဖြုန်း။

- ပေါင်းကူးကာ စုစည်းကြလို့
ကမ္ဘာကြီးအား ကယ်တင်ကာ၊
အိုဇုန်းလွှာ ကာကွယ်ရေး
အလေးပေးလို့သာ၊
"တစ်ဆယ့်ခြောက်ရက်" စက်တင်ဘာ
သတိမှတ်လို့သာ နှိုးဆော်ပေး၊
တို့ကမ္ဘာ ဘေးမသန်းဖို့
အေးချမ်းစေရေး။ ။

ပန်းမာလာ

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကကတစ်ငါး ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကကတစ်ငါး ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ကကတစ်ငါး ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ကကတစ်ငါး ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ပြီးခဲ့တဲ့ တစ်လအတွင်း ကကတစ်ငါး ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အဝယ်လိုက်ခဲ့လို့ တင်ပို့မှုကောင်းခဲ့တာပါ။ တင်ပို့မှုကောင်းလာတော့ ရေလုပ်ငန်းနဲ့ဆက်စပ်သူတွေ အဆင်ပြေနေပါတယ်" ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။



လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ကကတစ်ငါး တစ်ပိဿာလျှင် အရွယ်အစားအလိုက် ငွေကျပ် ၁၆၅၀၀ မှ ၂၄၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသမှ ကကတစ်ငါးအပါအဝင် ရေထွက်ကုန်များ တင်ပို့ရောင်းချနေရခြင်းကြောင့် ကုန်သည်များ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချ လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

# ကွန်ဟိန်းမြို့နယ် နားတီးကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း စစ်ဆေး

**ကွန်ဟိန်း စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျိုင်းလွန်းကျေးရွာအုပ်စု နားတီးကျေးရွာ၌ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေးဖူလုံစွာရရှိစေရန် ရည်ရွယ်၍ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကွန်ဟိန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက နားတီးကျေးရွာ၌ အရှည် တစ်မိုင် လေးဖာလုံရှိ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ အဆိုပါလုပ်ငန်းကို စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၅ ဒသမ ၈၇၇ သန်း အကုန်အကျခံကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာ အကူအညီများဖြင့် တင်ဒါအောင်မြင်သည့် ရွှေတိမ်ယံကုမ္ပဏီနှင့် The Hill of Myanmar ကုမ္ပဏီတို့က ယခုနှစ် ဇူလိုင်လ စတုတ္ထပတ်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး၏ ၇၃ ရာခိုင်နှုန်းခန့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သိရသည်။

ချိုသန်းညွန့်

# ငဖဲမြို့နယ် သာစည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှု လျှော့ကျစေရန် ရည်ရွယ်၍ သာစည်ကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၄၃ သိန်း လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သာစည်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၄၁၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၂၇ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၆၀ ကို ရန်ပုံငွေကျပ် ၄၄၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေထံမှ သိရသည်။

ဇင်မာ

# ချစ်မိတ်ဆွေတို့ရေ ကျန်းမာပါစေ

**ဖိုးသာထူး**

**ဟိုတောင်ဆီရယ်က ညိုတိုတိုရယ်၊**
**မိုးဆိုထင့် ရွာတော့မယ်။**
**မိုးရွာရင် ခင့်ကိုဘာနဲ့မိုးရပ့်ါမယ်၊**
**ပဒုမ္မာရွှေကြာရိုး ထီးလုပ်လို့မိုးရတယ်။**

**(အညာဖုံကြီးသံတေး)**

**နိဒါန်း**

ဘာတွေရေးမလို့တုံး။ စဉ်းစားရင်း ရွှေဘိုကောက်စိုက်တေးလား ဘာလားမသိပါဘူးဗျာ။ ကျုပ်တို့ငယ်ငယ်က အသံချဲ့စက်ခွက်ပြားက မကြာခဏ ဖွင့်လေ့ဖွင့်ထရှိခဲ့တဲ့ စိန်အောင်မင်းတို့၊ တိုင်းချစ်သန်းစိန်တို့ နှစ်ပါးသွားမှာဆိုတဲ့ သီချင်းက စိတ်ကူးထဲပေါ်လာတော့ ဆိုကြည့်မိတာပါ။ ရေးချင်တာက ကျန်းမာရေးအကြောင်းပါ။ ကျန်းမာရေးနဲ့ကိုယ်နဲ့ ဘာဆိုင်လို့တုံးဆိုရင် ဒီလောက်အသက်ကြီးအောင် အနာရောဂါနည်းပါးကင်းရှင်းပြီး သန်သန်မာမာ၊ ကြည်ကြည်လင်လင်၊ ကျန်းမာအောင်နေနိုင်ခဲ့တဲ့ အဘိုးကြီးအိုလေးတစ်ယောက်က ရွယ်တူသူ့လို အဖိုးအို၊ အမယ်အိုများဖတ်ဖို့ သူမှတ်ထားတာလေးတွေ မမေ့လျော့သေးခင် ပြောချင်ပုံရတယ်ဆိုပါစို့ဗျာ။

ကဲ ပြောပေတော့၊ ရေးပေရော့ဆိုရင်။

ကျန်းမာအောင်နေတတ်ရင် ကျန်းမာမှာပဲ။ ဒါက မုချမလွဲ။ သို့ရာတွင် ဆရာဝန်လည်းမဟုတ်၊ ကျန်းမာရေးပညာရှင်လည်းမဟုတ်။ ဆိုတော့သာမန်လူထဲက လူတစ်ယောက် သူစိတ်ကူးပေါ်ရာ တင်ပြနေရှာတာပဲလို့သာ အောက်မေ့ပါခင်ဗျာ။ ငယ်ပေါင်းရောင်းရင်း သူငယ်ချင်းတို့ရေ။

**၁။ ပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်အောင် နေရမယ်။**

**(က) လူတွေ (ခ) အခြေအနေ (ဂ) အချိန်အခါ**

**၂။ ကောင်းကောင်းအိပ်စက်ပါ။**

**၃။ အချိန်မှန်မှန်စားပါ။**

**၄။ နေ့စဉ်ပုံမှန်လမ်းလျှောက်ပါ။**

**၅။ မေတ္တာပို့ပါ၊ မေတ္တာပွားပါ၊ မေတ္တာဘာဝနာ။**

**၆။ အတွေးကိုထိန်းချုပ်နိုင်ပါစေ။**

သမထ၊ ဝိပဿနာဘာဝနာ၊ စိတ်အလေ့အကျင့်ကြိုးစားလုပ်ပါ။

၇။ ကြံ့ခိုင်တဲ့ကိုယ်ခန္ဓာမှာ ကျန်းမာတည်ငြိမ်တဲ့စိတ်ရှိနိုင်တယ်။ စိတ်ပျိုတော့ကိုယ်နုတယ်။ လူအိုလို့မိမိကိုယ်ကိုချောင်မထိုးနဲ့။ **မိမိဘာသာ အားကိုးနိုင်ပါစေ။**

**၈။ ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုပြုခဲ့ဖူးသမျှကို နေ့စဉ်သတိရနှလုံးသွင်းကာ အမျှဝေပါ။** ကုသိုလ်အမျှဝေခြင်းဟာ (အပေါင်းလက္ခဏာလို တိုးပွားတာမဟုတ်။ အမြှောက်လက္ခဏာလို ခုန်၍ခုန်၍တိုးပွားနိုင်တဲ့ကုသိုလ်ပါ)အကျိုးထူးတယ်။

**၉။ အချိန်ကို အပိုမထားဘဲ တရားစာအုပ်ဖတ်ပါ။ ဘုရားဟောသုတ်တွေ (ကြိုက်ရာ)ရွတ်ဆိုနေပါ။ သို့မဟုတ် ဆရာတော်ကြီးများဟောကြားတဲ့ တရားကိုဖုန်းနဲ့ဖြစ်ဖြစ် ဖွင့်ပြီးတရားနာယူပါ။**

**၁။ ပတ်ဝန်းကျင်နဲ့သဟဇာတဖြစ်ရမယ်**

ပတ်ဝန်းကျင်မှာလူတွေရှိကြတယ်။ လူဆိုတာ အမျိုးမျိုး၊ တော်သူပါတယ်၊ ညံ့သူပါတယ်၊ ထက်သူပါတယ်၊ ထုံသူပါတယ်။ ချမ်းသာ၊ ဆင်းရဲကွဲပြားသလို စိတ်ကောင်းရှိသူ ကူညီချင်သူရှိသလို မိမိကိုဘယ်လို အမြတ်ထုတ် အသုံးချအနိုင်ကျင့်ရမလဲဆိုတာ စဉ်းစားပြီးကပ်လာတဲ့ လူစားလည်းပါတတ်တယ်။ မတတ်နိုင်ဘူး။ လူမိုက်ဆိုရင်တော့ မပေါင်းသင်းဘဲ ဝေးဝေးရှောင်တာကောင်းတာပဲ။

လူတော်လူကောင်းရှာပြီးပေါင်း။ သူတို့ဆီက ကုသိုလ်၊ ဥစ္စာ၊ ပညာ ရနိုင်သမျှနည်းလမ်းတွေရပေလိမ့်မယ်။ လူ့ပတ်ဝန်းကျင်ဆိုတာ အဓိကအရေးကြီးဆုံးမို့ ဒါကိုပထမဦးဆုံးပြောတာ။ လင်ယူတာမှားမှား၊ ဆရာတင်တာပဲမှားမှား၊ အပေါင်းအသင်းရွေးတာမှားမိရင်တော့ ငရုတ်သီးနဲ့ပေါင်းရင် အထောင်းခံရမှာပဲ။ ငရုတ်ဆုံထဲရောက်ရှာမယ်။

အခြေအနေဆိုတာ အချိန်အခါရယ်၊ နေရာဒေသရယ်။ အချိန်အခါအလိုက် နွေအတွက်၊ မိုးရာသီအတွက်၊ ဆောင်းဥတုအတွက် ကြိုတင်ပြင်ဆင်စီမံတတ်ရမယ်နော်။ နေ့မှာနေစရာ၊ ညမှာအိပ်စရာ၊ သွားစရာလာစရာ၊ အရေးအရာကြုံတဲ့အခါ လိုအပ်မှာတွေအတွက် ရှာဖွေစုဆောင်းရမှာပဲ။ အခြေအနေနဲ့အံကျအောင်၊ အညမည၊ သဟဇာတဖြစ်အောင် ဂရုစိုက်ရမယ်။ ပဋ္ဌာန်းတွေ၊ ပဋိစ္စသမုပ္ပါဒ်တွေဟာ ကျန်းမာအောင်၊ အသက်ရှည်အောင်၊ စိတ်ချမ်းချမ်းသာသာနေတတ်အောင် အလင်းရောင်ပေးတဲ့ အတွေးအခေါ်တွေ ရစေပါတယ်မောင်။

**❖ ကိုယ်ခန္ဓာကြံ့ခိုင်အောင် စိတ်တည်ငြိမ်အောင် သူတစ်ပါးက လာလုပ်ပေးလို့မရပါဘူး။ မိမိကိုယ်တိုင် ကိုယ့်ခန္ဓာကို ဆီး၊ ဝမ်း၊ လေ၊ မှန်အောင်၊ အစားအအိပ်မှန်အောင်ဂရုစိုက်ပြီး မိမိခန္ဓာဝန်ကို ထမ်းဆောင်ရပေမှာပဲ။ လေးလံလှတာမှန်သော်လည်း မိမိတာဝန်လေ။ ဗျာဓိတရားဟာ မရဏသေဆုံးခြင်းတွင်းဆုံးထဲသို့ မကျသေးမီ နာကျင်မှု၊ အခံရခက်မှု ဝေဒနာတွေရှိပေလိမ့်မယ်။ ခန္ဓာရှိတော့ ဝေဒနာရှိမှာပေါ့။ ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ စတဲ့ခန္ဓာငါးပါးဟာ ငါမပိုင်တော့ ငါ့အလိုဆန္ဒအတိုင်း မလိုက်နာကြဘူးပေါ့။ ရုပ်တရား၊ နာမ်တရားတွေအားလုံးဟာ ငါမဟုတ်ဘူးလေ။❖**

**၂။ ကောင်းစွာအိပ်စက်အနားယူနိုင်ရမယ်**

လူမှာရှိတဲ့စိတ်ရောကိုယ်ပါ၊ သူ့အချိန်နဲ့သူ နရီရှိတယ်။ ဇီဝကမ္မဗေဒအရ အရွယ်နဲ့နရီရှိတယ်။ ရာသီဥတုရဲ့နရီရှိတယ်။ နေ့နဲ့ညရဲ့နရီရှိတယ်။ နာရီလို့ပြောတာမဟုတ်ဘူး။ နရီစည်း(Beat timing)ကို ဆိုလိုပါတယ်။ အိပ်စက်ချိန်မှာ အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ သည်းခြေတို့က သူတို့အလုပ်သူတို့ လုပ်ကြရတယ်။ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတွေ ငြိမ်သက်ချိန်မှာ အလုပ်လုပ်ရတာမို့ အိပ်စက်မှုဟာ ကျန်းမာရေးနဲ့ အဓိကသက်ဆိုင်တယ်။ နရီစည်းနဲ့ အံကိုက်အောင်အိပ်ရာဝင်ပါ။ အိပ်ရာထပါ။

**၃။ အချိန်မှန်မှန်စားပါ**

ခရီးသွားတာတို့၊ အရေးပေါ်အခြေအနေကြုံရတာတို့မှလွဲရင် စားတာသောက်တာလည်း အချိန်မှန်ဖို့လိုတယ်။ အသက်ကြီးလာတော့ အစားနည်းလာတယ်။ မိမိအစာအိမ်က ကြေညက်အောင်ချက်နိုင်စွမ်းလည်း ကျဆင်းလာခဲ့ပြီ။ "ကြောင်လိုစား၊ နွားလိုရေသောက်၊ လိပ်လိုလျှောက်၊ လမ်းလျှောက်တဲ့အခါ တုတ်ကိုဆောင်"လို့ တို့ဆရာကြီးဒေါက်တာကျော်စိန်က မကြာခဏပြောပြလေ့ရှိတယ်။ မျောက်လိုလှုပ်ရှားဆိုတာ ပါသေးသလားပဲ။

စားသင့်သလောက်စား၊ အကြိုက်တွေ့လို့တဝတပြဲ လွန်လွန်ကဲကဲစားမိရင် ဘေးတွေ့တတ်တယ်။ စားလို့ကောင်းတိုင်း ပါးဖြဲနားဖြဲတီးမနေလေနဲ့၊ အဝလွန်ရင် ရောဂါထူလာမယ်။ စိတ်ကိုအလိုမလိုက်မိစေနဲ့ကွယ်။

**၄။ နေ့စဉ်ပုံမှန်လမ်းလျှောက်ပါ**

လမ်းလျှောက်ဖို့ ရေးကြ၊ ပြောကြတဲ့သူတွေ မရေတွက်နိုင်လောက်အောင် များတယ်ခင်ဗျ။ ဆရာကြီးရွှေဥဒေါင်းမှစ၍ လူထုဒေါ်အမာ၊ ဒေါက်တာကျော်စိန်၊ ဆရာသော်တာဆွေ၊ စာရေးဆရာကော၊ မိတ်ဆွေတွေကော။

မြတ်စွာဘုရားကိုယ်တော်တိုင်က စင်္ကြံသွားခြင်းကိုအားပေးတော်မူတယ်။ ချီးမွမ်းတော်မူတယ်။ စင်္ကြံလျှောက်ရင်း တရားမှတ်တာကို လက်ခံတယ်။ အသက်ရှည်စေကြောင်း နည်းလမ်းကောင်းတစ်ခုပါ။

**၅။ မေတ္တာပို့ပါ**

မေတ္တာပို့ခြင်း၊ မေတ္တာပွားခြင်း၊ မေတ္တာဘာဝနာနှလုံးသွင်းခြင်းများဟာ ဘယ်လောက်အကျိုးကြီးမားသလဲဆိုရင် လူ့ဘုံ၊ နတ်ဘုံ(ခြောက်ထပ်)အထက်မှာရှိကြတဲ့ ဗြဟ္မာဘုံ ၂၀ ဆိုတာ ဗြဟ္မာကြီးတွေမနည်းလှပါဘူးနော်။ သူတို့ဟာ ဗုဒ္ဓဘာသာဝင်တွေလို့သာ ထင်နေခဲ့မိတာ ယခင်က၊ ပါချုပ်ဆရာတော်ကြီး အရှင်နန္ဒမာလာဘိဝံသဟောကြားတဲ့ တရားတော်တစ်ပုဒ်မှာ မမျှော်လင့်ဘဲ ဗြဟ္မာတွေအားလုံးဟာ ဗုဒ္ဓဘာသာဝင်တချို့လည်းရှိတယ်။ မဟုတ်တဲ့ဗြဟ္မာကြီးတွေလည်း အများကြီးရှိနေကြတယ်။ သူတို့က မေတ္တာဘာဝနာ မေတ္တာပွားကြတဲ့ ရှေးဘဝကံအကျိုးပေးကြောင့် အဲဒီလိုမြင့်မြတ်တဲ့ဘုံတွေကို ရောက်ကြရတာကိုး။

မေတ္တာအကျိုး ၁၁ ပါးထဲမှာလည်း မြတ်စွာဘုရားကဟောခဲ့ဖူးတာပဲ။ ဗြဟ္မာဘုံကိုရောက်စေတတ်တယ်တဲ့။

နောက်ဘဝတွေ၊ ဘုံဘဝတွေ မယုံချင်လည်းရှိပါစေ။ လက်ငင်းချက်ချင်း မေတ္တာစိတ်ထားပြည့်ဝသူတွေဟာ စိတ်ဖြူစင်သန့်ရှင်းပြီး ရုပ်ရည်အဆင်းလှပခြင်းနဲ့ လူအများကလေးစားချစ်ခင်ခြင်းကို ရရှိကြတာ ထင်ရှားတဲ့သာဓကပေပဲလေ။ မေတ္တာများပြား၊ ဒေါသနည်းပါးအောင် သည်းခံခွင့်လွှတ်တတ်ပါစေ။ ဘယ်သူ့ကိုမှ အပြစ်မမြင်နဲ့။ ရန်ငြိုးမဖွဲ့နဲ့။ လက်စားချေမယ်၊ ကလဲ့စားချေမယ် မကြံစည်နဲ့။ အမုန်းမထားဘဲ မေတ္တာနဲ့သာ ဆက်ဆံပါ။ ကိုယ့်ဘဝကို ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာဖြစ်စေပါတယ်။

**၆။ အတွေးကိုထိန်းပါ**

အတိတ်ကိုတွေးပြီး ပြန်ဆွေးမနေနဲ့။ ပြီးခဲ့ပြီ။ အနာဂတ်ကိုမျှော်မှန်းပြီး လွမ်းမနေနဲ့။ မိမိထင်မှတ်သလိုလည်း ဖြစ်တာမဟုတ်ဘဲနဲ့။

ဘာမှမမြဲတဲ့ သဘောလက္ခဏာ။ အရာရာဟာ မရပ်မနား ပြောင်းလဲဖြစ်ပျက်နေတဲ့ထဲမှာ မိမိရဲ့စိတ်နဲ့ရုပ်ဟာ ပစ္စုပ္ပန်လက်ရှိအချိန်လေး (အပ်ဖျားပေါ်)မှာ နောက်လည်းမရောက်၊ ရှေ့လဲမပြေး၊ တည့်မတ်တည်ငြိမ်အောင် နှလုံးသွင်းနိုင်ရင် ပူပန်သောက၊ စိတ်ဒုက္ခတွေနည်းပါးမယ်။ ငြိမ်းအေးမယ်။ အသက်ရှည်မယ်။

ဒါနကုသိုလ်ပြုရင် ကောင်းကျိုးတွေများစွာရပါရဲ့။ သီလကုသိုလ်ပြုနိုင်ရင် အလွန်ကောင်းတာပေ့ါ။ ဘာဝနာကုသိုလ်ကတော့ ကြိုးပမ်းအားစိုက်ရတာ မှန်ပေမယ့် ဒီကုသိုလ်ကတော့ အဟုန်သတ္တိအမြင့်မားဆုံး အကောင်းဆုံးသော ကုသိုလ်တရားပေပဲ သူငယ်ချင်းရေ။ တို့တစ်တွေ အသက်အရွယ်အရအိုခြင်းဇရာရောက်လာပြီ။

အနှစ် ၆၀၊ ၇၀ ရှန်းလာခဲ့တဲ့ အရိုး၊ အကြော၊ အသား၊ အစိတ်အပိုင်းအားလုံးလည်း နွမ်းနယ်ဟောင်းမြည့်လာခဲ့ပြီမို့ တစ်ခုပြီးတစ်ခုချွတ်ယွင်း၊ ချို့တဲ့လာတော့ ဗျာဓိ၊ နာခြင်းတွေလည်း တွေ့ရပြီ။

"သွားကျိုး၊ ဆံဖြူ၊ မေ့လျော့ထူ၊ ငယ်မူပျောက်ခဲ့ပြီ"တဲ့ စာရေးသူအမေအသက် ၈၀ နီးတော့ သတိမေ့လျော့တာကြုံတဲ့အခါ သားတွေ၊ ချွေးမတွေက ခွင့်လွှတ်ကြဖို့ရာ တောင်းပန်တဲ့သဘောနဲ့ အဲဒီသံပေါက်လင်္ကာလေးကို ရွတ်ဆိုပြရှာတယ်။ အမေဟာငယ်ငယ်က ဉာဏ်ကောင်းသူပါ။ မှတ်ဉာဏ်လည်းကောင်းခဲ့တာပဲ။ အသက်အရွယ်အိုမင်းလာတော့ ကိုယ့်ပစ္စည်းဘယ်နားထားမိသလဲ မမှတ်မိတာမျိုး။ ဟိုရှာသည်ရှာ ရှာရတာမျိုး ရှိလာတာကိုး။

**၇။ မိမိကိုယ်ကို အားကိုးနိုင်ပါစေ**

ကိုယ်ခန္ဓာကြံ့ခိုင်အောင် စိတ်တည်ငြိမ်အောင် သူတစ်ပါးက လာလုပ်ပေးလို့မရပါဘူး။ မိမိကိုယ်တိုင် ကိုယ့်ခန္ဓာကို ဆီး၊ ဝမ်း၊ လေမှန်အောင်၊ အစားအအိပ်မှန်အောင်ဂရုစိုက်ပြီး မိမိခန္ဓာဝန်ကို ထမ်းဆောင်ရပေမှာပဲ။ လေးလံလှတာမှန်သော်လည်း မိမိတာဝန်လေ။ ဗျာဓိတရားဟာ မရဏသေဆုံးခြင်း တွင်းဆုံးထဲသို့ မကျသေးမီနာကျင်မှု၊ အခံရခက်မှု ဝေဒနာတွေရှိပေလိမ့်မယ်။ ခန္ဓာရှိတော့ ဝေဒနာရှိမှာပေ့ါ။ ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ စတဲ့ခန္ဓာငါးပါးဟာ ငါမပိုင်တော့ ငါ့အလိုဆန္ဒအတိုင်း မလိုက်နာကြဘူးပေ့ါ။ ရုပ်တရား၊ နာမ်တရားတွေအားလုံးဟာ ငါမဟုတ်ဘူးလေ။

**၈။ ကောင်းမှုပြုပါ၊ အမျှဝေပါ**

မိမိတို့ရလာခဲ့တဲ့ဘဝဆိုတာ အတိတ်ကိုပြန်ကြည့်လိုက်ရင် မနေ့ကတစ်နေ့ကလိုပါပဲလား။ ဘဝက တိုတိုလေးပါလားထင်စရာပါပဲ။ တကယ်တော့ နှစ်ပေါင်း ၇၀ ကျော်ခဲ့ပြီ။ ဥပမာစာရေးသူဆိုရင် အသက်ရှင်ခဲ့တဲ့ရက်ပေါင်း ၂၈၁၃၅ ရက် ကုန်လွန်ခဲ့ပြီးပြီ။

အသက် ၂၀၊ ၃၀ မှာ ကွယ်လွန်သူတွေ၊ ၄၀၊ ၅၀ မှာ သေလွန်သူတွေ၊ ၆၀၊ ၇၀ မှာ ဆုံးပါးသူတွေ၊ ကိုယ့်ရွယ်တူတွေမနည်းတော့ပါဘူး။ ရက်ပေါင်း နှစ်သောင်းရှစ်ထောင်ကျော် လူ့ဘဝမှာကျင်လည်ခဲ့ရတာ နောင်ဘဝသံသရာ ခရီးဆက်သွားတဲ့အခါ ပါမယ့်အရာက ကုသိုလ်နဲ့အကုသိုလ် ဒီအထုပ်နှစ်ခုသာ လက်မှာဆွဲပြီး ပါသွားနိုင်တာပဲ။

အချိန်ရှိသခိုက် ကုသိုလ်အထုပ်ကပိုများအောင် ကြိုးစားလိုက်ကြအုံးစို့ ငယ်ပေါင်းရောင်းရင်း၊ သူငယ်ချင်းတို့ရေ၊ သတိပေးပါရစေ။ ဒါန၊ သီလ၊ ဘာဝနာ ပြုကြပါ။ နေ့စဉ်ပြုသမျှကောင်းမှုကို အမျှဝေနေရမယ်နော်။

**၉။ တရားနာကြ၊ တရားစာလေ့လာကြ**

အသက်ကြီးတဲ့ လူအိုလူမင်းတွေအတွက် မိမိအပါအဝင် အကျိုးရှိအောင်အချိန်ကို အသုံးချနည်းကတော့ ဝိပဿနာ၊ ဘာဝနာ၊ ကမ္မဋ္ဌာန်းကြိုးပမ်းနိုင်ရင်တော့ အကောင်းဆုံးပေ့ါ။ စာရေးသူက ပန်ကြားချင်တာကတော့ တရားနာကြ၊ တရားစာနာနာဖတ်ကြ။ စိတ်ကဖြူစင်သန့်ရှင်းတဲ့အခါ သမာဓိတိုးလာမယ်၊ ပညာတိုးပွားမယ်။ အဝေးကနေ သာခုခေါ်နေပါတယ်ကွယ်။

# ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၂၇၂ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ပန်းဂေါ်ဖီစိုက်ခင်းကို တွေ့ရစဉ်။

**ကလေးဝ စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်ကလေးဝမြို့နယ်တွင် ယခုနှစ် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၂၇၂ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကလေးဝမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၂၇၂ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၂၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ မုန်ညင်း၊ ဂေါ်ဖီ၊ နံနံ၊ အာလူး၊ ပန်းဂေါ်ဖီ၊ ခရမ်း၊ မုန်လာစတဲ့ သီးနှံတွေကို အများဆုံးစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးသွားမယ်" ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ယခုနှစ် ကလေးဝမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်သီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်သီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကျိုက်လတ်မြို့နယ် ရွာသာအေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ကျိုက်လတ် စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သမြုဆိပ်ကျေးရွာအုပ်စု ရွာသာအေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ရွာသာအေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လမ်းရေရှည်တည်တံ့စေရေး အားလုံးဝိုင်းဝန်းထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

အဆိုပါ ရွာသာအေးကျေးရွာတွင် ကျေးရွာတွင်းလမ်း အရှည် ၆၆၆ ပေ၊ အကျယ် ခြောက်ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကအကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်းနှင့် ကျေးရွာနေပြည်သူ ထည့်ဝင်ငွေကျပ် ငါးသန်း စုစုပေါင်း ငွေကျပ် သန်း ၂၀ ဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုး အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်ထံမှ သိရသည်။

ကိုလှိုင်

# ရေကြည်မြို့နယ်တွင် နေလှန်းဆားများ အရောင်းအဝယ်ကောင်းမွန်နေ

**ရေကြည် စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ဒေသထွက် နေလှန်းဆားများ ဝယ်လိုအားကောင်းမွန်ပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ရေကြည်မြို့နယ် နေလှန်းဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူသူအောင်က ပြောပြသည်။

ရေကြည်မြို့နယ်တွင် နေလှန်းဆားများ ယခုနှစ် စက်တင်ဘာလပထမပတ်ကစတင်ပြီး ယနေ့တိုင် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ နေလှန်းဆား တစ်ပိဿာလျှင် ငွေကျပ် ၅၅၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"နေလှန်းဆားတွေ အရောင်းအဝယ် လိုက်နေပါတယ်။ ငါးပိ ငါးခြောက်လုပ်ချိန်ဆိုတော့ ဆား အရောင်းအဝယ် ကောင်းလာတာပါ။ ဆားတွေကတော့ ဒေသထွက် နေလှန်းဆားတွေပါပဲ။ လတ်တလောအနေနဲ့ တစ်ရက်တာ နေလှန်းဆား ပိဿာချိန် ၄၀၀၀ ကနေ ၅၅၀၀ ထိ အရောင်းအဝယ် ဖြစ်နေပါတယ်။ အခုလို နေလှန်းဆား အရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်"ဟု ရေကြည်မြို့နယ် ဆားထုတ်လုပ် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူသူအောင်က ပြောပြသည်။



ရေကြည်မြို့နယ်တွင် ဒေသထွက်နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်ကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ နေလှန်းဆား ၁၀ ပိဿာလျှင် ငွေကျပ် ၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသထွက် နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့်လုပ်ငန်းများတွင် အဓိက အသုံးပြုကြကြောင်း သိရသည်။

ကျော်ကျော်လင်း

# မကွေးမြို့နယ် ယင်းသာစည်(အနောက်)ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**မကွေး စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာထူထောင်ရေး လုပ်ငန်းစီမံကိန်း(Smart Village) ပံ့ပိုးရန်ပုံငွေနှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေတို့ဖြင့် ယင်းသာစည်ကျေးရွာအုပ်စု ယင်းသာစည်(အနောက်)ကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်နေမှုအခြေအနေများကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင်း မကွေးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ယင်းသာစည်(အနောက်)ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးနောက် ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံပြီး သတ်မှတ်အချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ယင်းသာစည်(အနောက်)ကျေးရွာ၌ အလျား ပေ ၆၀၊ အနံ ၃၆ ပေ၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း လုပ်ငန်းကို ခေတ်မီစံပြကျေးရွာထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(Smart Village) ပံ့ပိုးရန်ပုံငွေကျပ် ၁၉ ဒသမ ၉ သန်း၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၆၀ ဒသမ ၁ သန်း စုစုပေါင်းငွေကျပ် သန်း ၈၀ ဖြင့် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ ဩဂုတ် ၁ ရက်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယင်းသာစည်(အနောက်) ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာရှိ အိမ်ခြေ ၁၆၉ အိမ်မှ လူ ၁၅၁၉ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ဘာသာရေး ကိစ္စရပ်များအတွက် အသုံးပြုနိုင်မည် ဖြစ်ကြောင်း သိရသည်။

ကိုညီ

# ကော့မှူးမြို့နယ် သံအိုင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရန်ကုန် စက်တင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီး ရရှိစေရန် ရည်ရွယ်၍ သံအိုင်ကျေးရွာ၌ ပဋ္ဌမအကြိမ်ကျေးရွာမတည်ရန်ပုံငွေ(VRFP)စီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ စုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သန္တာသိန်းက ကျေးရွာမတည်ရန်ပုံငွေ(VRFP)စီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၂၅ ဒသမ ၅ သန်းကို သံအိုင်ကျေးရွာ VRFP စီမံကိန်း ကော်မတီဝင်များထံ လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် သံအိုင်ကျေးရွာ VRFP စီမံကိန်း ကော်မတီဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၆ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၁၈ ဒသမ ၉ သန်း စုစုပေါင်း စီမံကိန်းအသင်းသား၊ အသင်းသူ ၄၁ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် ၂၅ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ သိရသည်။

အိပိုးပိုး

# အပူပိုင်းဒေသ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးနည်းလမ်းများ

"မွေးဌာနီ အညာအရပ်ဆီသို့ ရော်ရည်မျှော်မှန်း စိတ်ဝယ်တမ်းတ မှန်းဆကာရည် တမ်းတပါသည် လှည်းလမ်းကြောင်းတစ်လျှောက် ဖုန်လုံးကြီးတွေ တလိမ့်လိမ့်တက်တာ မြင်ယောင်သေးတော့သည် အညာဌာနီ တစ်ခါလာမည် ကျွန်တော့်အတွက်တော့ မေ့မရပါလေပြီ"

အဆိုတော်သန်းထွန်းလေး၏ "မမေ့သော အညာ"သီချင်းထဲမှ အညာဒေသဟု လူသိများသည့် ရေရှား၊ ဖုန်ထူပြီး ခြောက်သွေ့သည့် မြန်မာနိုင်ငံ အလယ်ပိုင်းရှိ အပူပိုင်းဒေသတွင် ခန့်မှန်းခြေအားဖြင့် နိုင်ငံ့လူဦးရေစုစုပေါင်း၏ လေးပုံတစ်ပုံခန့် မှီတင်း နေထိုင်လျက်ရှိသည်။ ဤဒေသသည် ရခိုင်ရိုးမ တောင်တန်း၏နောက်ကျောဘက်တွင် တည်ရှိသဖြင့် နိုင်ငံ၏ ပျမ်းမျှမိုးရေချိန်အောက် လျော့နည်းသည့် မိုးရေကိုသာရရှိပြီး မိုးရာသီ၌ပင် မကြာခဏခြောက်သွေ့မိုးခေါင်လေ့ရှိခြင်း၊ ရေရှားပါးခြင်း၊ မိုးရွာသွန်းမှု ပုံစံမမှန်ခြင်း၊ မြေဆီလွှာတိုက်စားခြင်း၊ မြေဆီလွှာဆားပေါက်ခြင်း၊ မြေဆီလွှာညံ့ဖျင်းပြီး သဲဆန်လွန်းခြင်း စသည့်ပြဿနာများနှင့် ကြုံတွေ့နေရသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် စိန်ခေါ်မှုများစွာ ရင်ဆိုင်နေရသည်။ စိုက်ပျိုးထုတ်လုပ်နိုင်မှု အားနည်းသဖြင့် ဒေသခံများ၏ လူနေမှုဘဝများနိမ့်ကျလေ့ရှိပြီး စီးပွားရေးအပါအဝင် ကဏ္ဍပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးလေ့ရှိသည်။ မိုးနည်းရပ်ဝန်းဒေသ အတွင်းရှိ ရပ်ရွာအသိုက်အဝန်းများအတွက် စားရေရိက္ခာဖူလုံမှုပြဿနာမှာ အဓိကကျသည့် အခက်အခဲတစ်ခုဖြစ်ပြီး အညာဒေသရှိ ဒေသခံအများစုသည် စား၊ ဝတ်၊ နေရေးအတွက် နွေရာသီတွင် ဒေသပြင်ပသို့သွားရောက်၍ အလုပ်လုပ်ကြရလေ့ရှိသည်။

အပူပိုင်းဒေသရှိ တောင်သူများသည် စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ပြောင်း၊ ချည်မျှင်တိုနှင့် ချည်မျှင်ရှည်ဝါ၊ ဟင်းသီးဟင်းရွက်တို့ကို အဓိက စိုက်ပျိုးလေ့ရှိကြသည်။ စားဖိုဆောင်သီးနှံများဖြစ်သည့် ကြက်သွန်နီ၊ ငရုတ်တို့ကိုလည်း စိုက်ပျိုးလေ့ရှိကြသည်။ ရှေးယခင်က ရေရှားပါးလှသည့်အတွက် နွေရာသီတွင် စိုက်ပျိုးရေးရရန်မဆိုထားနှင့် သောက်သုံးရေလုံလောက်စွာရရှိရန်ပင် အခက်အခဲများစွာ ရှိသည့်အတွက် "ရွှေကို မလို၊ ရေကိုသာလိုပါသည်" ဟု တင်စားပြောဆိုရသည်ထိ ရေအခက်အခဲနှင့် ကြုံတွေ့ရလေ့ရှိသည်။

နိုင်ငံတော်က မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်း မိုးနည်းဒေသ၏ သဘာဝပတ်ဝန်းကျင်အခြေအနေများဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနကို ဖွဲ့စည်း၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို စီမံကိန်းများချမှတ်၍ ဆောင်ရွက်လျက်ရှိသည်။ အပူပိုင်းဒေသတွင် စိုက်ပျိုးရေရရှိရေးအတွက် နိုင်ငံတော်က ဆည်တမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ ဆည်ငယ်၊ ကန်ငယ်များ၊ စက်ရေတွင်းများကို တည်ဆောက်ပေးထားသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် နွေရာသီတွင် ဆည်ရေသောက်ဒေသများ၌ပင် ရေအလုံအလောက်ရရှိရန် အခက်အခဲများစွာ ကြုံတွေ့နေရသည်။ ရေအခက်အခဲပြဿနာကို ဖြေရှင်းရန်အတွက် တောင်သူအများစုသည် ၎င်းတို့၏လယ်ယာမြေများတွင် စက်ရေတွင်းများ တူး၍ မြေအောက်ရေကို ထုတ်ယူသုံးစွဲလာကြသည်။

မြေအောက်ရေကို စိုက်ပျိုးရေးလုပ်ငန်းများ အတွက်အသုံးပြုသည့်အခါ သတိထား၍အသုံးပြုရန် လိုသည်။ မြေအောက်ရေထဲတွင် သဘာဝအတိုင်း ဆားဓာတ်များပါဝင်နေတတ်သည်။ စိုက်ခင်းများကို မြေအောက်ရေပေးသွင်းသည့်အခါ ရေတွင်ပျော်ဝင်နေသည့်ဆားများမှာမြေပေါ်တွင်ကျန်ရစ်ခဲ့ပြီး မြေဆီလွှာတွင် ဆားများစုပုံလာကာ မြေဆီလွှာဆားပေါက်ခြင်းဖြစ်ပေါ်စေသည်။ မိုးရွာသွန်းသည့်အခါတွင် မြေပေါ်ရှိဆားများမှာ မိုးရေနှင့်အတူ မြေအောက်သို့ စိမ့်ဝင်သွားနိုင်သော်လည်း မိုးရွာသွန်းမှုနည်းပြီး ပူပြင်းလှသည့် ဤအညာဒေသတွင် မြေအောက်ရေကို အလွန်အကျွံအသုံးပြုပါက အချိန်ကြာလာသည်နှင့်အမျှ မြေဆီလွှာဆားပေါက်ခြင်းဖြစ်လာနိုင်ပေ



အပူပိုင်းဒေသတွင် မြေအောက်ရေအသုံးပြုစိုက်ပျိုးထားသည့် စပါးခင်းကို တွေ့ရစဉ်။

သည်။ စိုက်ပျိုးထားသည့် သီးနှံပင်များအနေဖြင့် ရေစုပ်ယူမှုနှင့် အာဟာရဓာတ်စုပ်ယူမှုခက်ခဲလာခြင်း၊ အာဟာရဓာတ်မညီမျှခြင်း၊ သီးနှံပင်အဆိပ်သင့်ခြင်း စသည့်နောက်ဆက်တွဲပြဿနာများနှင့် ကြုံတွေ့လာနိုင်သည်။

မြေဆီလွှာဆားပေါက်မှု လျော့နည်းသက်သာစေရန် တောင်သူများအနေဖြင့် မြေအောက်ရေကို မိုးရေနှင့်ပေါင်းစပ်အသုံးပြုသင့်သည်။ အကောင်းဆုံးလုပ်သင့်သည်မှာ မိုးရေကို နည်းလမ်းအမျိုးမျိုးဖြင့် စုဆောင်းသိုလှောင်ထားခြင်းဖြစ်သည်။ စိုက်ခင်း၏ အနိမ့်ပိုင်းနေရာများတွင် ရေစုဆောင်းနိုင်ရန် တစ်နိုင်တစ်ပိုင်မိုးရေစုကန်များ တူးဖော်ထားသင့်သည်။ သီးနှံများကို ရေသွင်းရာတွင်လည်း ရေကုန်ကျမှုနည်းပါးပြီး ထိရောက်သည့် ရေသွင်းနည်းများဖြစ်သည့် အစက်ချရေသွင်းနည်း၊ ရေဖျန်းစနစ်ဖြင့် ရေသွင်းနည်းတို့ကို ဆောင်ရွက်သင့်သည်။

ဤနည်းလမ်းများဖြင့် ရေသွင်းရန် အခက်အခဲရှိပါက မြောင်းအလိုက်ရေသွင်းနည်းဖြင့် ပေးသွင်းသင့်သည်။ သီးနှံပင်များကိုစိုက်ရာတွင် မြေဖုံးပြီးစိုက်ပါက ရေငွေ့ပြန်မှုနည်းပြီး မြေဆီလွှာအတွင်း ဆားဓာတ်စုပုံမှုကိုလည်း နည်းစေနိုင်သည်။ စိုက်ပေါင်များဖြင့်စိုက်ပါက စိုက်ပေါင်၏အလယ်သည် ရေငွေ့ပြန်မှုအများဆုံးနေရာဖြစ်ပြီး ဆားများစုလေ့ရှိသဖြင့် သီးနှံပင်ကို ပေါင်အလယ်တွင် မစိုက်ဘဲ ပေါင်၏ဘေးအစွန်များတွင် စိုက်သင့်သည်။ မြေဆီလွှာအတွင်း အစိုဓာတ်ထိန်းနိုင်ပြီး ဆားဓာတ်များစုပုံမှုကို ဟန့်တားနိုင်ရန်အတွက် သဘာဝမြေသြဇာများကို မဖြစ်မနေထည့်ပေးရမည်။ နိုက်ထရိုဂျင်ဓာတ်မြေသြဇာထည့်သွင်းရာတွင် ယူရီးယားထည့်မည့်အစား အမိုနီယမ်ဆာလဖိတ်ကိုထည့်သင့်သည်။ စိုက်ခင်းပတ်ပတ်လည်တွင် ရေနုတ်မြောင်းများကို ခပ်နက်နက်တူးဖော်ထားသင့်သည်။ သို့မှသာ မိုးရွာသွန်းသည့်အခါ မြေဆီလွှာတွင် တင်ကျန်နေသည့်ဆားများမှာ ရေနှင့်အတူ ရေနုတ်မြောင်းထဲသို့ ပါသွားနိုင်မည်ဖြစ်သည်။ ရေနုတ်မြောင်းများ ဖောက်ထားခြင်းသည် မြေဆီလွှာဆားပေါက်မှုပြဿနာကို ဖြေရှင်းရန်အလွန်ထိရောက်သော နည်းလမ်းတစ်ခုဖြစ်သည်။

အပူပိုင်းဒေသရှိ စိုက်ပျိုးမြေများမှာ သဲဆန်လွန်းသည့်အတွက် မြေဆီလွှာတွင် အော်ဂဲနစ်ပစ္စည်းပါဝင်မှုနည်းခြင်း၊ အာဟာရဓာတ်ပါဝင်မှုနည်းပါးခြင်း၊ အစိုဓာတ်မထိန်းနိုင်ခြင်း စသည့်ပြဿနာတို့ကို တောင်သူများ အဓိကရင်ဆိုင်ကြုံတွေ့ရလေ့ရှိသည်။ သဲဆန်သည့်မြေများတွင် မြေဆီလွှာအတွင်းရှိ ရေပေါက်၊ လေပေါက်များ၏ အရွယ်အစားကြီးမားပြီး မြေသားဖွဲ့စည်းတည်ဆောက်မှုညံ့ခြင်း၊ ဓာတ်ဖိုဖလှယ်နိုင်မှုစွမ်းရည်နည်းခြင်း၊ ထည့်သွင်းလိုက်သောဓာတ်မြေသြဇာများသည် မြေအောက်သို့စိမ့်ဝင်ဆုံးရှုံးခြင်း၊ ရေထိန်းစွမ်းအားနည်းခြင်း စသည်တို့ကြောင့် စိုက်ပျိုးထားသည့်သီးနှံများ မကြာခဏ ရေလိုခြင်း၊ ရေငတ်ခြင်း၊ အာဟာရဓာတ်ချို့တဲ့ခြင်းများဖြစ်ပြီး အကျိုးဆက်အနေဖြင့် စိုက်ပျိုးသည့်သီးနှံများ၏ အရည်အသွေးနှင့်အထွက်နှုန်း ကျဆင်းလာသည်။

သဲဆန်သည့်မြေများသည် စိုက်ပျိုးရေးအတွက် အားနည်းချက်များစွာရှိသော်လည်း နည်းစနစ်မှန်ကန်စွာဖြင့်ပြုပြင်ပေးမည်ဆိုပါက ထုတ်လုပ်မှုစွမ်းအားတိုးတက်လာနိုင်သည်။ တောင်သူများအနေဖြင့် သဲဆန်သည့်မြေများတွင် သီးနှံပင်အကြွင်းအကျန်များ၊ မြေဆွေး၊ သဘာဝမြေသြဇာ၊ တိရစ္ဆာန်စွန့်ပစ်အညစ်အကြေး၊ တီကျစ်စာ၊ စက်ဖွဲပြာစသည်တို့ကို မဖြစ်မနေထည့်သွင်းပေးပြီး မြေကိုပြုပြင်ပေးရန်လိုအပ်သည်။ နှစ်စဉ်ပုံမှန် ထည့်သွင်းပေးနိုင်မည်ဆိုလျှင် အလွန်ကောင်းသည်။ မြေဆီလွှာကောင်းမွန်လာရုံသာမက အစိုဓာတ်ထိန်းနိုင်စွမ်းလည်း တိုးတက်လာမည်ဖြစ်သည်။ သီးလှည့်စိုက်ပျိုးခြင်းကိုလည်း မဖြစ်မနေဆောင်ရွက်သင့်သည်။ သီးလှည့်စိုက်ပါက မြေကြီးအတွင်း အတိမ်အနက်အမျိုးမျိုးတွင် ရောက်ရှိရှင်သန်ကြသည့် အမြစ်များမှ အာဟာရဓာတ်များရရှိအောင် လုပ်ဆောင်ပေးနိုင်သည်။ မြေဆီလွှာကောင်းမွန်ရေးအတွက် ပဲမျိုးရင်းဝင်အပင်များ၊ ပိုက်ဆံလျှော်၊ ညံပင်၊ ဆူးမဲ့ထိကရုံး စသည့်သစ်စိမ်းမြေသြဇာအဖြစ် အသုံးပြုနိုင်မည့်အပင်များ စိုက်ပျိုးသင့်သည်။ ရေထိန်းစွမ်းအားကောင်းစေရန်အတွက် နွေထယ်ရေးခံပေးခြင်း၊ သင့်လျော်သည့်ပင်ကြားတန်းကြားဖြင့် စိုက်ပျိုးခြင်း၊ ရေငွေ့ပြန်မှုကို လျော့နည်းအောင် လုပ်ပေးခြင်း၊ လေကာပင်များစိုက်ပေးခြင်း စသည်တို့ကို လုပ်ဆောင်ရမည်။

ရေနှင့်လေကြောင့် မြေဆီလွှာတိုက်စားခြင်းသည် အပူပိုင်းဒေသ၏ နောက်ပြဿနာတစ်ခုဖြစ်သည်။ မိုးရွာသွန်းမှုပုံစံမမှန်သည့်အတွက် အချိန်တိုအတွင်း မိုးသည်းထန်စွာရွာသွန်းသည့်အခါ မြေဆီသြဇာကောင်းမွန်သည့် အပေါ်ယံမြေဆီလွှာများ တိုက်စားခံရနိုင်သည်။ မြေဆီလွှာဖွဲ့စည်းမှု ညံ့ဖျင်းပြီး သဲဆန်သည့်အတွက်ကြောင့်လည်း အလွယ်တကူပင် ပြင်းထန်စွာရေတိုက်စားခံရနိုင်သည်။ ရာသီဥတုပူပြင်းသည့် ဒေသဖြစ်သည့်အပြင် လေတိုက်နှုန်းမြင့်မားသည့်အတွက် မြေဆီလွှာခြောက်သွေ့ကြွပ်ဆတ်ပြီး လေနှင့်အတူ အမှုန်အမွှားများ အလွယ်တကူလွင့်စဉ်သွားနိုင်သည်။ ကုန်းစောင်းများ၊ ဆင်ခြေလျှောများတွင်ရှိသည့် စိုက်ပျိုးမြေများသည် မိုးရေနှင့်အတူ အလွယ်တကူ တိုက်စားခံရနိုင်သည်။

အပေါ်ယံမြေဆီလွှာတိုက်စားဆုံးရှုံးမှုနည်းစေရန်အတွက် မြေကို လှပ်မထားဘဲ မြေဖုံးသီးနှံများ စိုက်ပျိုးထားသင့်သည်။ မြေဆီလွှာတိုက်စားမှုနည်းပါးစေရန်အတွက် စိုက်ခင်းထဲတွင် မြောင်းအလိုက်ရေသွင်းခြင်း၊ စိုက်ပေါင်များပြုလုပ်၍ စိုက်ခြင်း၊ ပေါင်ကြီးတင်စနစ်ဖြင့်စိုက်ခြင်း၊ တောင်ကုန်းများနှင့် ကုန်းစောင်းမြေများတွင် ကွန်တိုအလိုက်စိုက်ပျိုးခြင်း၊ ကွန်တိုကန်သင်းများ၊ နုန်းတားဆည်များတည်ဆောက်ခြင်း၊ စိုက်ခင်းများကို မြေဖုံးပေးခြင်း စသည်တို့ကို ဆောင်ရွက်သင့်သည်။ အပူပိုင်းဒေသတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်မည့် သစ်ပင်များ (သနပ်ခါး၊ ဆီး၊ လျှော်ဖြူ၊ လဲ၊ မြေနိမ့်ချယ်ရီ၊ ဘောစကိုင်း)နှင့် ရာသီသီးနှံတို့ကို ရောနှောစိုက်ပျိုးသည့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းကိုလည်း ဆောင်ရွက်သင့်သည်။

လူဦးရေတိုးတက်လာမှု၊ မြို့ပြများဖွံ့ဖြိုးလာမှုတို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရန် အတွက် စိုက်ဧကတိုးချဲ့ရန်မှာ အခက်အခဲများစွာရှိသည်။ စိုက်ပျိုးသည့်သီးနှံ၏ တစ်ဧကအထွက်နှုန်းတိုးရေးကိုသာ ဦးစားပေးပြီးဆောင်ရွက်ရန်လိုသည်။ အပူပိုင်းဒေသသည် ကီလိုမီတာပေါင်း ၅၄၀၀၀ ခန့် ကျယ်ဝန်းပြီး မြန်မာနိုင်ငံစုစုပေါင်းဧရိယာ၏ ရှစ်ရာခိုင်နှုန်းခန့်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် "မျိုး၊ မြေ၊ ရေ၊ နည်း"ဟူသည့် အဓိကလိုအပ်ချက်လေးချက်တို့ညီပါက အထွက်နှုန်းတိုးတက်မည်ဖြစ်သည်။ အပူပိုင်းဒေသ၏ အဓိကအခက်အခဲမှာ ရေရှားပါးခြင်းနှင့် မြေဆီလွှာညံ့ခြင်းဖြစ်သည်။ တောင်သူများအနေဖြင့် မြေဆီလွှာကောင်းမွန်စေရန်နှင့် ရေထိန်းစွမ်းအားကောင်းစေရန် ဖော်ပြပါနည်းလမ်းများကို လိုက်နာကျင့်သုံးဆောင်ရွက်သင့်သည်။ စိုက်ပျိုးမြေဆီလွှာသည် အစားထိုး၍မရသည့် သဘာဝအရင်းအမြစ်တစ်ခုဖြစ်သည့်အတွက် တောင်သူများအနေဖြင့် မြေကို အတတ်နိုင်ဆုံးပြုပြင်ပေးခြင်းအားဖြင့် မြေဆီလွှာနှင့်ရေထိန်းစွမ်းအား ပိုမိုကောင်းမွန်လာပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ဒေါက်တာသူဇာဝင်း(စိုက်ပျိုးရေး)**

# ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး အသိပညာပေးဆောင်ရွက်ခြင်း

**ပညာရေးရှုထောင့်ဖြင့်ဖျော်ဖြေခြင်း(Edutainment)**

ပညာရေးရှုထောင့်ဖြင့်ဖျော်ဖြေခြင်း (Edutainment)ဆိုသည့် စကားရပ်ကိုလေ့လာကြည့်သည့်အခါ Education – ပညာရေးနှင့် Entertainment – ဖျော်ဖြေခြင်းဆိုသည့် စကားလုံးနှစ်ခုကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ စိတ်ကြည်လင် လန်းဆန်းစေသည့်ဖျော်ဖြေမှုများ၊ ဂိမ်းကစားခြင်းအပါအဝင် လှုပ်ရှားမှုအစီအစဉ်များ၊ ရုပ်မြင်သံကြားအစီအစဉ်များ စသည့်ဖျော်ဖြေရေးအစီအစဉ်များကို အသုံးပြု၍ မိမိတို့အသိပညာပေးလိုသည့် အကြောင်းအရာများကို လူအများထံသို့ ရောက်ရှိအောင် ကြိုးစားဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ပေးလိုသည့်သတင်းအချက်အလက်များကို ဖျော်ဖြေရေးအစီအစဉ်များကို ကြားခံအဖြစ်အသုံးပြု၍ လူအများထံသို့ ရောက်ရှိအောင်ကြိုးစားခြင်းဖြစ်သဖြင့် လူအများစုက လက်ခံကြသည်။

ပညာရေးရှုထောင့်ဖြင့်ဖျော်ဖြေခြင်း (Edutainment) အစီအစဉ်များကို အဖွဲ့အစည်းများကြားတွင်ကျယ်စွာ အသုံးပြုလာကြသည်ကို တွေ့ရသည်။ ထိုအစီအစဉ်များသည် လူအများကြားသို့ ရုပ်မြင်သံကြားအစီအစဉ်များမှတစ်ဆင့် ပျံ့နှံ့ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ပညာရေးရှုထောင့်ဖြင့်ဖျော်ဖြေခြင်း (Edutainment) အစီအစဉ်များကို ကလေးသူငယ်အသိပညာပေးအစီအစဉ်များအပါအဝင် အခြားသော ပညာရပ်ဆိုင်ရာကိစ္စရပ်များနှင့် အသိပညာပေးအစီအစဉ်များတွင်ပါ ထည့်သွင်းအသုံးပြုလာသည်။

**အကျိုးကျေးဇူးများ**

ကလေးသူငယ်များ၏ စိတ်သည်လွတ်လပ်ပျော်ရွှင်မှုကို တန်ဖိုးထားတတ်သဖြင့် စာပေသင်ကြားမှုများကို မရပ်မနားပြုလုပ်သည့်အခါတွင် ကလေးသူငယ်များ၏ စိတ်ပါဝင်စားမှုများ လျော့နည်းလာနိုင်သည်။ ထိုအခါ "ကာတွန်းဇာတ်လမ်းတိုများပြသခြင်း၊ ကဗျာများရွတ်ဆိုစေခြင်း၊ စုပေါင်းလှုပ်ရှားမှုများပြုလုပ်စေခြင်း၊ လွတ်လပ်စွာပြောဆိုဆွေးနွေးစေခြင်း" စသည့် ကလေးသူငယ်များ၏စိတ်ကိုပျော်ရွှင်စေသည့် အပြုအမူများဖြင့် ပျော်ရွှင်မှုကို ဖန်တီးပေးစဉ်တွင် မိမိတို့ပေးလိုသည့် အသိပညာများကို ထိုအစီအစဉ်များတွင် ထည့်သွင်းပေးလိုက်ခြင်းဖြင့် ထိရောက်သော သင်ကြားသင်ယူမှုပုံစံမျိုးကို ပုံဖော်နိုင်သည်။ ကလေးသူငယ်များ၏ ဖန်တီးနိုင်မှုစွမ်းအားနှင့် တွေးခေါ်နိုင်မှုစွမ်းအားတို့ကိုတိုးတက်စေသည့် စက္ကူခေါက်ခြင်း၊ ဂိမ်းကစားခြင်းစသည့်အစီအစဉ်များသည်လည်း ပညာရေးရှုထောင့်ဖြင့်ဖျော်ဖြေခြင်း (Edutainment) အစီအစဉ်များတွင်ပါဝင်သည်။

စာပေပညာရပ်များကို စဉ်ဆက်မပြတ်သင်ကြားပေးနေသည့် စာသင်ကျောင်းများတွင် နှလုံးသားအဟာရကို ဖြစ်စေသည့်စာရိတ္တနှင့် ကိုယ်ကျင့်တရားဆိုင်ရာ ကိစ္စရပ်များကို လေ့ကျင့်သင်ကြားပေးရာတွင်လည်း ပညာရေးရှုထောင့်ဖြင့်ဖျော်ဖြေခြင်း (Edutainment) အစီအစဉ်များက အလွန်အသုံးဝင်သည်။ စာရိတ္တနှင့်ကိုယ်ကျင့်တရား၏အရေးပါမှုကို ကာတွန်းဇာတ်လမ်းများ၊ ပညာပေးပုံပြင်များ၊ ကဗျာများ စသည်ဖြင့် ကလေးသူငယ်များ စိတ်ပါဝင်စားနိုင်သည့် ပုံစံမျိုးဖြင့် စိတ်ရွှင်လန်းစွာ သင်ကြားပေးနိုင်သဖြင့် ပညာရေးရှုထောင့်ဖြင့်ဖျော်ဖြေခြင်း (Edutainment) အစီအစဉ်များကို ကလေးသူငယ်အသိပညာပေးအစီအစဉ်များတွင် အသုံးပြုလာကြသည်။ ယာဉ်စည်းကမ်းနှင့် လမ်းစည်းကမ်းအသိပညာပေး၊ မီးဘေးအန္တရာယ်အသိပညာပေး၊ ကျောင်းကျန်းမာရေးအသိပညာပေး၊ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး အသိပညာပေးစသည့် ခက်ခဲနက်နဲသည့် အသိပညာပေးအစီအစဉ်များသည် ရုပ်ရှင်၊ သီချင်း၊ ကဗျာ၊ ကာတွန်း စသည့်ကလေးသူငယ်များ စိတ်ပါဝင်စားသည့် ကြားခံအသိပညာပေးကိရိယာများကို အသုံးပြုခြင်းဖြင့် ပိုမိုမြန်ဆန်ထိရောက်လာနိုင်သည်။

**ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး**

ကိုယ်ကျင့်တရားနှင့်ပညာသည် ကမ္ဘာကို ပြုပြင်ပြောင်းလဲကာ အလှဆင်နိုင်သည့် လူ့ဘဝ၏ အရေးကြီးသော အဖိုးတန်ရတနာနှစ်ပါးပင်ဖြစ်သည်။ စာရိတ္တနှင့်ကိုယ်ကျင့်တရားဆိုသည်မှာ ငယ်စဉ်ကတည်းက တန်ဖိုးထားထိန်းသိမ်းလိုသည့် အသိရှိမှုသာ အရွယ်ရောက်သည်ထိ စိတ်နှလုံးအိမ်ထဲတွင် စွဲထင်ကျန်နေတတ်သောအရာဖြစ်သဖြင့် ကျောင်းနေအရွယ်ငယ်စဉ်ကတည်း ကလေးသူငယ်များ၏ စိတ်တွင် "ရိုးသားမှု၊ ဖြောင့်မတ်တည်ကြည်မှု၊ လိမ်လည်လှည့်ဖြားခြင်းကင်းမှု၊ တာဝန်ယူမှု၊

**❖ ကိုယ်ကျင့်တရားနှင့်ပညာသည် ကမ္ဘာကို ပြုပြင်ပြောင်းလဲကာ အလှဆင်နိုင်သည့် လူ့ဘဝ၏အရေးကြီးသော အဖိုးတန်ရတနာနှစ်ပါးပင်ဖြစ်သည်။ စာရိတ္တနှင့်ကိုယ်ကျင့်တရားဆိုသည်မှာ ငယ်စဉ်ကတည်းက တန်ဖိုးထားထိန်းသိမ်းလိုသည့်အသိရှိမှုသာ အရွယ်ရောက်သည်ထိ စိတ်နှလုံးအိမ်ထဲတွင် စွဲထင်ကျန်နေတတ်သော အရာဖြစ်သဖြင့် ကျောင်းနေအရွယ်ငယ်စဉ်ကတည်း ကလေးသူငယ်များ၏ စိတ်တွင် "ရိုးသားမှု၊ ဖြောင့်မတ်တည်ကြည်မှု၊ လိမ်လည်လှည့်ဖြားခြင်းကင်းမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု" စသည့် ကိုယ်ကျင့်တရားစံနှုန်းများကို တန်ဖိုးထားတတ်စေရေး လေ့ကျင့်ပေးရသည်။❖**

တာဝန်ခံမှု" စသည့်ကိုယ်ကျင့်တရားစံနှုန်းများကို တန်ဖိုးထားတတ်စေရေး လေ့ကျင့်ပေးရသည်။ ထိုကဲ့သို့ လေ့ကျင့်ပေးရာတွင်လည်း ပညာရေးရှုထောင့်ဖြင့်ဖျော်ဖြေခြင်း (Edutainment) အစီအစဉ်များမှတစ်ဆင့် ဆောင်ရွက်ပေးခြင်းဖြင့် ကလေးသူငယ်များ လွယ်ကူစွာ နားလည်သဘောပေါက်၍ စိတ်အစဉ်တွင် ထာဝစဉ်စွဲထင်နေမည်ဖြစ်သည်။

ရိုးသားဖြောင့်မတ်သူသည် လိမ်လည်လှည့်ဖြားခြင်းကင်းပြီး တစ်ပါးသူများ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေသည့် မကောင်းမှုဒုစရိုက်များကို ပြုလုပ်လိမ့်မည်မဟုတ်ပေ။ ဖြောင့်မတ်တည်ကြည်မှုစံနှုန်းများကို တန်ဖိုးထားထိန်းသိမ်းတတ်သူသည် အတ္တဆိုသည့် ကိုယ်ကျိုးစီးပွားအလေးထားသည့် အပြုအမူများနှင့်ကင်းဝေးနေရမည်ဖြစ်ပြီး အများအကျိုးကို သယ်ပိုးတတ်သည့်အလေ့အကျင့်များရှိနေရမည်ဖြစ်သည်။ "ကိုယ်ကျိုး၊ အများအကျိုး၊ ဖြောင့်မတ်တည်ကြည်မှုစံတန်ဖိုး၊ ရိုးသားဖြောင့်မတ်ခြင်း" စသည့်အသုံးအနှုန်းများသည် ကလေးသူငယ်များအတွက်နားလည်ရန် ခက်ခဲနေမည်ဖြစ်သဖြင့် ကာတွန်းဇာတ်လမ်းများ၊ ပုံပြင်များ၊ ကဗျာများ၊ ရုပ်ရှင်ဇာတ်လမ်းတိုများ စသည့်ကလေးသူငယ်များ၏ စိတ်ကိုဆွဲဆောင်နိုင်သည့် ကြားခံကိရိယာများကို အသုံးပြုအသိပညာပေးမည်ဆိုပါက ပိုမိုထိရောက်မည်ဖြစ်သည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေး**

"ရိုးသားခြင်း၊ ကြိုးစားခြင်း၊ လိမ်လည်မှုကင်းခြင်း၊ အများအကျိုးစီးပွားကို အလေးထားတတ်ခြင်း၊ သူတစ်ပါးပစ္စည်းကို အလကားရယူလိုမှုမရှိခြင်း" စသည့်ဖြောင့်မတ်တည်ကြည်မှု စံတန်ဖိုးများကို ထာဝရအလေးထားထိမ်းသိမ်းတတ်သူသည် အများအကျိုးစီးပွားထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေမည့် "လာဘ်ပေးလာဘ်ယူပြုခြင်း၊ တံစိုးလက်ဆောင်ပေးခြင်းနှင့်လက်ခံခြင်း၊ အဂတိလိုက်စားခြင်း" စသည့်မကောင်းမှုဒုစရိုက်များကို ကျူးလွန်လိမ့်မည်မဟုတ်ပေ။ ရိုးသားမှုကိုအရင်းတည်၍ သမ္မာအာဇီဝဖြင့်သာ ဘဝကို ကြီးပွားချမ်းသာအောင် ကြိုးစားပုံဖော်လိမ့်မည်ဖြစ်သည်။ ထိုအသိတရားများကို ကလေးသူငယ်များ၏ နှလုံးသားသို့ ပေါ့ပါးသစ်လွင်ပြီး ကလေးသူငယ်များကို စိတ်ပျော်ရွှင်လန်းဆန်းစေသည့် ပညာရေးရှုထောင့်ဖြင့်ဖျော်ဖြေခြင်း (Edutainment) အစီအစဉ်များက တစ်ဆင့်ရောက်ရှိသွားအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

စာရိတ္တနှင့်ပြည်သူ့နီတိ သင်ခန်းစာများသည် ကလေးသူငယ်များ ဘဝခရီးလမ်းလျှောက်လှမ်းရာတွင် လိုအပ်သည့်ဘဝအတွေးအခေါ်နှင့် စိတ်ထားခံယူချက်များကို သင်ကြားပြသပေးသည့်သင်ခန်းစာများဖြစ်သည်။ ကလေးသူငယ်များသို့ ကိုယ်ကျင့်တရားကောင်းမွန်သူ တစ်ဦးဖြစ်စေရေးအတွက် လိုက်နာစောင့်ထိန်းအပ်သည့် စံတန်ဖိုးများကို သင်ကြားပြသပေးသည်။ ထိုသင်ခန်းစာများကို ကဗျာ၊ ကာတွန်း၊ ပုံပြင် စသည့်ကလေးသူငယ်များ နားလည်လက်ခံလွယ်သည့် ပုံစံမျိုးဖြင့် သင်ကြားပေးခြင်းများသည် ပညာရေးရှုထောင့်ဖြင့်ဖျော်ဖြေခြင်း (Edutainment) အစီအစဉ်များ၏ အနှစ်သာရပင်ဖြစ်သည်။ ငယ်စဉ်ကတည်းက စာရိတ္တမဏ္ဍိုင်ခိုင်မြဲပြီး ဖြောင့်မတ်တည်ကြည်မှု စံတန်ဖိုးများကို ထိန်းသိမ်းထားသူသည် တံစိုးလက်ဆောင် လက်ခံခြင်းကအစပြု၍ အဂတိလိုက်စားမှုများကို ကျူးလွန်လိမ့်မည်မဟုတ်ပေ။

**ကလေးသူငယ်များသို့ အသိပညာပေးရာတွင်**

အဂတိလိုက်စားမှု၏ သဘောသဘာဝနှင့် ဖြစ်စဉ်များသည် အလွန်ခက်ခဲနက်နဲရှုပ်ထွေးသဖြင့် အများပြည်သူသို့ အသိပညာပေးဆောင်ရွက်ရာတွင် နည်းလမ်းပေါင်းစုံသုံး၍ ဆောင်ရွက်ရသည်။ ဘဝအတွေ့အကြုံနည်းနေသေးသကဲ့သို့ အဂတိလိုက်စားမှုဆိုသည့် အသုံးအနှုန်းကိုပင် ရင်းနှီးကျွမ်းဝင်မှုမရှိသေးသည့် ကျောင်းနေအရွယ်ကလေးသူငယ်များသို့ အသိပညာပေးရသည်က ပို၍နက်နဲလှသည်။ ၎င်းတို့နားလည်လက်ခံလွယ်သည့် အသုံးအနှုန်းများ ဆောင်ရွက်မှုများဖြင့် အသိပညာပေးနိုင်ရေး ကြိုးစားရသည်။ သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ကလေးသူငယ်များသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအသိပညာပေးရာတွင် ပညာရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စာသင်ကျောင်းများတွင် ပညာရေးရှုထောင့်ဖြင့်ဖျော်ဖြေခြင်း (Edutainment) အစီအစဉ်များကတစ်ဆင့် အသိပညာပေးနိုင်ရေး ကြိုးစားလာကြသည်။

ပညာရေးရှုထောင့်ဖြင့်ဖျော်ဖြေခြင်း (Edutainment) အစီအစဉ်များသည် ရှိရင်းစွဲစာသင်ခန်းများကို အသုံးပြု၍ ထိုစာသင်ခန်းများတွင် အသိပညာပေးအတွက် လိုအပ်သည့်ပစ္စည်းကိရိယာများကို ခေတ္တအသုံးပြု၍ "ရုပ်သံဇာတ်လမ်းတိုများ ပြသခြင်း၊ ကာတွန်းဇာတ်လမ်းများပြသခြင်း၊ ကဗျာရွတ်ဆိုခြင်း၊ ပုံပြင်ဖတ်ခြင်း၊ ရောင်စုံရုပ်ပုံများရေးဆွဲခြင်း၊ ပန်းချီဆွဲခြင်း၊" စသည့်ကလေးသူငယ်များ စိတ်ပါဝင်စားသည့်ပုံစံများဖြင့် အသိပညာပေးခြင်းဖြစ်သဖြင့် အချိန်ကုန်၊ ငွေကုန်သက်သာ၍ ထိရောက်သော နည်းလမ်းတစ်ခုပင်ဖြစ်သည်။ ထို့ကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းများအနေဖြင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် စာသင်ကျောင်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ပညာရှင်များက တိုက်တွန်းကြခြင်းပင်ဖြစ်သည်။

**ထိရောက်အောင်မြင်**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး၏ အဓိကအခြေခံအနှစ်သာရဖြစ်သည့် ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး အသိပညာပေး ပညာရေးရှုထောင့်ဖြင့်ဖျော်ဖြေခြင်း ( Edutainment)အစီအစဉ်များကို မြန်မာနိုင်ငံတွင် ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကိုတွေ့ရသည်။ ကိုယ်ကျင့်တရားနှင့်ဖြောင့်မတ်တည်ကြည်မှုစံတန်ဖိုးများကို လူငယ်လူရွယ်များနှင့်ကလေးသူငယ်များ တန်ဖိုးထားထိန်းသိမ်းတတ်စေရန်အတွက် ၃၈ ဖြာ မင်္ဂလာတရားတော်များကို ပြန်လည်ပုံဖော်ရိုက်ကူးထားသည့် "(၃၈) ဖြာမင်္ဂလာ အစီအစဉ်" ကိုလည်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကတစ်ဆင့် ထုတ်လွှင့်ပြသနေသည်ကိုလည်းတွေ့ရသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးအစီအစဉ်များကို မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး အသိပညာပေး ရုပ်ပြသရုပ်ဖော်တေးသီချင်း သုံးပုဒ်နှင့် ဇာတ်လမ်းတို ၁၂ ပုဒ်တို့ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပူးပေါင်းထုတ်လွှင့်နေသည်ကိုလည်း တွေ့ရသည်။ မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကထုတ်ပြန်ခဲ့သည့် ၂၀၂၄ ခုနှစ် နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအရ ကော်မရှင်အနေဖြင့် ၂၀၂၄ ခုနှစ်အတွင်း နေပြည်တော်ကောင်စီအပါအဝင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်မြို့ရှိ အခြေခံပညာကျောင်း ၈၅ ကျောင်းသို့ သွားရောက်၍ ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးအသိပညာပေး–ပညာရေးရှုထောင့်ဖြင့်ဖျော်ဖြေခြင်း (Edutainment) အစီအစဉ်အဖြစ် မူလတန်းကျောင်းသား၊ ကျောင်းသူ ၁၄၂၇၃ ဦးနှင့် အထက်တန်းကျောင်းသား၊ ကျောင်းသူ ၁၃၅၆၃ ဦးတို့ကိုအသိပညာပေးဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ ခေတ်စနစ်နှင့်အညီ ပညာရေးရှုထောင့်ဖြင့်ဖျော်ဖြေခြင်း (Edutainment) အစီအစဉ်များကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများအတွက် အကျိုးရှိစွာအသုံးချခြင်းဖြင့် အဂတိလိုက် စားမှုကို လုံးဝသည်းခံခွင့်လွှတ်ခြင်းမရှိသည့် မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပေသည်။

**ကိုးကား**

- The definition of Edutainment (https://smowl.net/en/)
- ၂၀၂၄ ခုနှစ် နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ၊အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်၊
- နေ့စဉ်ထုတ်သတင်းစာများ။

**ဘုန်းသန့်စင်**

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၃၀၅၀ စိုက်ပျိုးမည်



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ပွင့်ဖြူ စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၃၀၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၃၀၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ဖူးစားပြောင်း ဧက ၃၀၅၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ တောင်သူတွေကိုလဲ ဖူးစားပြောင်း စိုက်ပျိုးတာနဲ့ပတ်သက်ပြီး အောင်မြင်ဖြစ်ထွန်းစေဖို့၊ ပိုးမွှားရောဂါ မကျရောက်စေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒေသနဲ့ ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်အောင်လဲ ဆောင်ရွက်ပေးသွားမှာပါ"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အရည်အသွေးနှင့် အထွက်နှုန်းများ တိုးတက်စေရေး တောင်သူပညာပေးဆွေးနွေးပွဲများနှင့် သင်တန်းများပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ပေးခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး စနစ်ဖြစ်သည့် တမာပိုးသတ်ဆေး အသုံးပြုခြင်း၊ မြေသြဇာနှင့် သွင်းအားစုများ စနစ်တကျသုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မား တိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဝါးခယ်မမြို့နယ်တွင် မိုးစပါး ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီး

**မြောင်းမြ စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ရာသီ၌ မိုးစပါးဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါးခယ်မမြို့နယ်တွင် မိုးစပါး ၂၁၃၂၁၆ ဧကလျာထားပြီး ယခုနှစ် ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဝါးခယ်မမြို့နယ်မှာ မိုးစပါးဧက ၂၁၃၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ မိုးစပါးဧကအားလုံး စိုက်ပျိုးပြီးဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးဖို့အတွက် စပါး စတင်မစိုက်မီအချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင်တောင်သူတွေ စိုက်ပျိုးတဲ့ မိုးစပါးတွေ အထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ ဓာတ်မြေသြဇာတွေကိုလဲ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်စီစဉ်ပေးခဲ့ပါတယ်။ အထွက်နှုန်းနဲ့ စပါးအရည်အသွေး ပြည့်မီဖို့အတွက်ကိုလဲ ဆောင်ရွက်ပေးထားပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးစပါး စိုက်ပျိုးရာတွင် ဆင်းသုခ၊ သီးထပ်ရင်၊ ရက် ၉၀၊ GW-11 ၊ GW-1 စသည့် စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးကြောင်း၊ အဆိုပါ စပါးအမျိုးအစားများသည် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသည့်အတွက် အဓိကထား စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်






CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊ ကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

# မဟာယံကျောက်ဖြူစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ဖြူ၊ အိမ်တွင်းအလှဆင်ကျောက်ဖြူနှင့် ရေချိုးခန်းသုံးကျောက်ဖြူ အရွယ်အစားမျိုးစုံ . . . .





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀



## Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- E - Top up ဖုန်းပြောခဖြည့်သွင်းခြင်း
- ငွေသွင်းငွေထုတ်ခြင်း/ ငွေလွှဲခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- Gift Card ပေးခြင်း
- ဈေးဝယ်ခြင်း
- Internet Bill ပေးဆောင်ခြင်း
- အောင်ဘာလေဖွန့်လိုင်းထီထိုးခြင်း







အခြင်မ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄






## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး ပရဟိတဘုန်းတော်ကြီးသင် ပညာရေးအထက်တန်းကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော (ဘ) ဦးအိုက်ကော်၏သား မောင်ငိုမိုင်၏အမည်မှန်မှာ မောင်အိုက်ငိုဖြစ်ပါကြောင်းနှင့် ၎င်း၏မွေးသက္ကရာဇ် အမှန်မှာ ၈-၁၂-၂၀၀၄ ဖြစ်ပါကြောင်း။

မောင်အိုက်ငို၊ ၈-၁၂-၂၀၀၄

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ စံပညာကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မသင်းသင်းခိုင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးအိုက်အောင်ဖြစ်ပါကြောင်း။

ဦးအိုက်အောင်(၁၃/တယန(နိုင်)၀၇၇၉၃၉)

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၂၆)အခြေခံပညာအထက်တန်းကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော မောင်နိုင်လင်းအောင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးအိုက်အောင်ဖြစ်ပါကြောင်း။

ဦးအိုက်အောင်(၁၃/တယန(နိုင်)၀၇၇၉၃၉)



## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ စိုးစံကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မနန္ဒာဝင်း၏မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်ထွန်းဝေနှင့် ဒေါ်မြစန်းဖြစ်ပါကြောင်း။

ဦးအောင်ထွန်းဝေ(၈/ခမန(နိုင်)၀၉၇၅၂၈)

ဒေါ်မြစန်း(၈/ခမန(နိုင်)၂၁၁၄၂၆)

## မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အလင်းတန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးမျိုးဇော်အောင်၏သမီး မခင်သီသီဇော်(၅/ထခန(နိုင်)၁၂၂၉၀၄)မွေးသက္ကရာဇ်အမှန်မှာ ဖွားစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်တို့အရ ၁၈-၆-၂၀၀၇ ဖြစ်ပါကြောင်း။

မခင်သီသီဇော်၊ ၁၈-၆-၂၀၀၇

## ဖခင်အမည်မှန်

မလှိုင်မြို့၊ ပညာငွေလမင်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မလှိုင်းနဒီ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်ညွန့်စိန်ဖြစ်ပါကြောင်း။

ဦးအောင်ညွန့်စိန်(၉/မလန(နိုင်)၀၂၅၄၉၂)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထက(၃၄)၊ Grade-12(STEAMS-I) တွင် ပညာသင်ကြားနေသော မကြိုးသံစဉ်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးထူးဖြစ်ပါကြောင်း။

ဦးထူး(၉/ခမစ(နိုင်)၀၁၃၀၁၅)


အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

❖ ပြည်ပပို့ကုန်တိုးတက်တင်ပို့နိုင်ရေးအတွက် မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ပြီးဈေးနှုန်းသင့်တင့်ရန်နှင့် ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသည့် ထုတ်ကုန်ဖြစ်ရန်လို...

❖ နိုင်ငံတော်မှ အရင်းအနှီးဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စည်းမျဉ်းစည်းကမ်းများရှိသည်ဖြစ်သဖြင့် တစ်ဦးချင်းမဟုတ်ဘဲ စုပေါင်းသမဝါယမစနစ်ဖြင့်လည်း ဆောင်ရွက်၍ရနိုင်...

❖ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများဆွေးနွေး၍ စုပေါင်းသမဝါယမစနစ်ဖြင့် နိုင်ငံစီးပွားမြှင့်တင်ရေးကို ဖော်ဆောင်နိုင်ရေး ဆောင်ရွက်သွားကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ အသိပေးကြေညာ

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၅ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် လွှတ်တော်မဲဆန္ဒနယ်အသီးသီးအတွက် မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်၏ ပြင်ပတွင် ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရန်ဖြစ်ပါသည် -

(က) သက်ဆိုင်ရာ ကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံအကြီးအမှူးများသည် ပုံစံ(၁၅)များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများမှရယူ၍ မိမိဌာနရှိ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထံ ဖြန့်ဖြူးပေးပို့ရန်၊

(ခ) သက်ဆိုင်ရာ ကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံအကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅)များကို မြို့နယ်အလိုက် ပြုစုထားသည့် မှတ်ပုံတင်စာရင်းပုံစံ(၁၅-က)နှင့်အတူ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ ၁၂-၁၀-၂၀၂၅ ရက် အရောက်ပေးပို့ရန်၊

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို ကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံများအလိုက် ပြုစုထားသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းပုံစံ [၁၅(က-၁)]နှင့်အတူ သက်ဆိုင်ရာကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံများသို့ ၂၄-၁၁-၂၀၂၅ ရက် အရောက်ပေးပို့ရန်၊

(ဃ) သက်ဆိုင်ရာ ကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံများတွင် ၂၅-၁၁-၂၀၂၅ ရက်မှ ၂၉-၁၁-၂၀၂၅ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးဆောင်ရွက်ရန်၊

(င) ဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို ကြိုတင်ဆန္ဒမဲပေးသူများ လက်မှတ်ရေးထိုးထားသည့်ပုံစံ[၁၅(က-၁)]၊ အသုံးမပြုဘဲ ကျန်ရှိနေသော ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များနှင့်အတူ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၁၂-၂၀၂၅ ရက် ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့ရန်။

စာမျက်နှာ ၂၁ ကော်လံ ၁ ❍

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီးတွင် ကျင်းပပြုလုပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၅**

နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေး တာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇)မှ သင်တန်းသားများကို တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး စာမျက်နှာ ၂၀ ကော်လံ ၁ ☆

**တို့ပြည်ထောင်နန်း အထက်တန်းခေတ်မီစေ တို့ညီအောင်လှမ်း လက်ကမ်းချစ်ကြည်နေ**

ဆောင်းပါး စာမျက်နှာ - ၁၈

**အွန်လိုင်းမှတစ်ဆင့် တရားမဝင်ထီနှင့်ကုန်ပစ္စည်းများ ရောင်းဝယ်၍ အကြမ်းဖက်အဖွဲ့များကို ထောက်ပံ့ပေးလျက်ရှိသော DCS (သစ္စာမဲ့ဝန်ထမ်း) ခိုင်စုလွင်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသူများကို ဖမ်းဆီးရမိ**

စာမျက်နှာ - ၂၃

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
ISO 9001 : 2015
CERTIFICATE NO.TH011875
BEST QUALITY CEMENT
ASTM C150 TYPE I (42.5)
ASTM C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ